ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ 22, Wednesday June 2016 (၈၆၀၀)

**ပွားများအားထုတ်**

တွယ်တာကပ်ငြိတတ်သော တဏှာမကုန်ခန်းသေး သမျှ သတ္တဝါတို့၏ လားရာဂတိသည် ရှိနေဦးမည် ဖြစ်၍ လားရာဂတိမရှိသော၊ ကပ်ငြိတွယ်တာမှု မရှိသောအဖြစ်သို့ ရောက်ရှိနိုင်ရန် သုတော်ကောင်းတရားကို ပွားများအားထုတ်ရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၄၂၁)

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်နေသကဲ့သို့ အလုပ်အကိုင်နေရာများ ဖန်တီးရေးနှင့် အုပ်ချုပ်ရေးယန္တရားဖွံ့ဖြိုးရေးတို့တွင်လည်း ဆောင်ရွက်လျက်ရှိ



အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက်အစည်းအဝေးဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

**အကြံဉာဏ်များ၊ အထောက်အပံ့များ၊ ရုပ်ဝတ္ထုပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက်အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။**

ကမ္ဘာ့ဘဏ်၏အဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (International Development Association-IDA)၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Kempinski Hotel ၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်နေသည့် သဘာဝဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ကျော်လွှားရလျက်ရှိပါကြောင်း၊ ကျား-မ အချိုးညီညီဖွံ့ဖြိုးတိုးတက်လာစေရေးကိုလည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်အကိုင်နေရာများဖန်တီးရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

## ဖွံ့ဖြိုးတိုးတက်ရေးအတွက် အီးယူနှင့် မြန်မာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မည်

**လူဇင်ဘတ် ဇွန် ၂၀**

ဥရောပသမဂ္ဂ(အီးယူ)နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရေးအတွက် လူဇင်ဘတ်နိုင်ငံတွင် ဇွန် ၂၀ ရက်က ကျင်းပခဲ့သည့် ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးကောင်စီအစည်းအဝေးတွင် ဥရောပသမဂ္ဂ၏ မဟာဗျူဟာကောင်စီဆုံးဖြတ်ချက်ကို အတည်ပြုချမှတ်ခဲ့သည်။ မြန်မာအစိုးရဖော်ဆောင်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် ဆက်လက်ထောက်ခံကူညီသွားမည်ဖြစ်ကြောင်းကို ထပ်မံဖော်ပြခြင်းဖြစ်ကြောင်း အီးယူနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒအကြီးအကဲ ဖက်ရီကာ မိုဂါရီနီက ကြေညာချက်တွင် ထည့်သွင်းပြောကြားသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။



☆ **ရှေ့ဖုံးမှ**

ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးစနစ်ကောင်းမွန်မှုနှင့် အုပ်ချုပ်ရေးယန္တရားဖွံ့ဖြိုးရေးတို့တွင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်တင်နှင့် ပြည်တွင်း၊ ပြည်ပမှကိုယ်စားလှယ် ၂၁၅ ဦးခန့် တက်ရောက်ကြသည်။

ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံအား IDA Borrower Countryအဖြစ်လည်းကောင်း၊ Fragile and Conflict Affected State (FCS)အဖြစ်လည်းကောင်း ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိသည်။ IDA သည် မြန်မာနိုင်ငံအပါအဝင် တစ်ဦးကျဝင်ငွေ အနည်းဆုံးနိုင်ငံများ၏ ဖွံ့ဖြိုးမှုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး၊ အခြေခံအဆောက်အအုံနှင့် အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများစသည်တို့အတွက် ထောက်ပံ့ကူညီနိုင်ရန် ၎င်း၏ ရန်ပုံငွေများကိုတိုးမြှင့် ဖြည့်ဆည်းပေးလျက်ရှိသည်။

IDA 18 Replenishment အတွက် ၂၀၁၆ ခုနှစ်အတွင်း အစည်းအဝေး (၄)ကြိမ် ကျင်းပသွားရန် စီစဉ်ထားသည်။ ယခုအစည်းအဝေးသည် ကမ္ဘာ့ဘဏ်၏ ကုန်ကျစရိတ်ဖြင့် ဇွန် ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ပုံငွေထပ်မံဖြည့်ဆည်းပေးရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုအစည်းအဝေးကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် ကမ္ဘာ့ဘဏ်နှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ခြင်း၊ ရင်းနှီးမှုပိုမိုရရှိနိုင်ခြင်း၊ IDA မှ ကူညီထောက်ပံ့မှုများပိုမိုရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# အကြိမ်(၃၀)မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂၁**



မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၃၀)မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျိုင်းတုံမြို့ ကျိုင်းတုံဟိုတယ်သစ်၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen.Somsak Nilbanjerdkul နှင့် အဖွဲ့များ တက်ရောက်ကြသည်။

မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးကျော်ဇင်မျိုး၊ ထိုင်းကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး Maj.Gen.Kucheep Lerd-ngim နှင့် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအဖွဲ့ဝင်များက (၂၉) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးမှတ်တမ်းအားပြန်လည်သုံးသပ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသတွင်း ပူးပေါင်းနှိမ်နင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများပူးပေါင်းနှိမ်နင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များအား ကဏ္ဍအလိုက် ဆွေးနွေးကြသည်။ **(မြဝတီ)**

❒ **ကျောဖုံးမှ**

ယခု ဒုတိယအကြိမ်တွင် ဒုလ္လဘရဟန်း ၁၃၄ ပါး ရှင်ပြုရဟန်းခံမင်္ဂလာသဘင်ဆင်ယင် ကျင်းပမည်ဖြစ်ပြီး ယနေ့တွင် မြန်မာသံအမတ်ကြီးပါဝင်သော ဒုလ္လဘရဟန်းခြောက်ပါးအား သာသနာ့အမွေခံ ရဟန်းခံခဲ့ကာ သံအမတ်ကြီး ဇနီးကလည်း သီလရှင်အဖြစ် သာသနာ့အမွေခံယူခဲ့ကြောင်းနှင့် အဆိုပါ ဒုလ္လဘရဟန်းများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးအမျိုးပြုသော တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုနှင့် အလှူရှင်များက ပစ္စည်းလေးပါးနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းထားကြောင်း သိရသည်။

**(မြဝတီ)**




# အာမခံလုပ်ငန်းတိုးတက်ရေးအတွက် ဧရာမြန်မာအာမခံနှင့် ဂျပန်အာမခံကုမ္ပဏီတို့ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၂၁**

AYA Myanmar Insurance နှင့် Sompo Japan Nipponkoa Insurance Incတို့၏ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ဇွန် ၁၈ ရက်က Novotel Yangon Max ဟိုတယ် ပုသိမ်ခန်းမ၌ ပြုလုပ်ခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi၊ ဧရာမြန်မာအာမခံမှ တာဝန်ရှိသူများ၊ Sompo Japan Nipponkoa Insurance Inc မှ တာဝန်ရှိသူများ တတ်ရောက်ကြသည်။

အခမ်းအနားတွင် Sompo Japan Holding မှ Managing Executive Officer ဖြစ်သူ Mr. Nubuhiro Kojima က လက်မှတ်ရေးထိုးရခြင်း အကြောင်းကိုရှင်းလင်းပြောကြားပြီး ဧရာမြန်မာအာမခံမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးမင်းသူက“ ဘဏ်လုပ်ငန်းတွေကနေ ငွေသားလုံခြုံမှုပေးတယ်။ ဒါပေမယ့် အာမခံလုပ်ငန်းကတော့ မမျှော်လင့်ဘဲ ဆုံးရှုံးမှုတွေအားလုံးကို လုံခြုံစေပါတယ်။ အစိုးရသစ်အပြောင်းအလဲကာလမှာ အာမခံလုပ်ငန်း ဖွံ့ဖြိုးလာဖို့ဆိုတာ ကျွန်တော်တို့ အာမခံလုပ်ငန်းတစ်ခုတည်း မဟုတ်ဘဲ မြန်မာ့အာမခံ၊ တခြားအာမခံလုပ်ငန်းတွေအတွက်ပါ ရည်ရွယ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အာမခံလုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့ လိုအပ်ပါတယ်။ အခုလို ပူးပေါင်းဆောင်ရွက်ခြင်းကနေ အာမခံလုပ်ငန်းဖွံ့ဖြိုးဖို့ အဓိကကျတဲ့ ဝန်ထမ်းတွေရဲ့ အရည်အချင်းကို မြှင့်တင်နိုင်မယ့် သင်တန်းတွေ ပေးအပ်လာနိုင်မယ်။ ပြည်သူလူထုကိုလည်း အာမခံနဲ့ ပတ်သက်တဲ့ အမြင်သစ်တွေကို ချပြနိုင်အောင် ဆောင်ရွက်သွားမှာပါ”ဟု ၎င်းက ပူးပေါင်းမှုဆိုင်ရာ အကျိုးရလဒ်များကိုပြောသည်။

ထို့နောက် တာဝန်ရှိသူများက နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး AYA Myanmar Insurance ၏ ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ယခုကဲ့သို့ ပြည်ပအာမခံကုမ္ပဏီနှင့် ပူးပေါင်းမှုသည် အာမခံလောကတွင် ဧရာမြန်မာအာမခံမှ ပထမဦးဆုံးအကြိမ်ဖြစ်သည်။အသိပညာများ၊ လူ့စွမ်းအားအရင်းအမြစ်များ၊သတင်းအချက်အလက်များ ပူးပေါင်းဖလှယ်ပြီး အာမခံလုပ်ငန်းတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဆောက်လုပ်ရေးလုပ်ငန်းများအားနည်းမှုနှင့် အရက်ချက်စက်ရုံလည်ပတ်မှုရပ်ဆိုင်းရေး မကွေးတိုင်းဒေသကြီးလွှတ်တော်၌ ဇွန် ၂၃ တွင် ဆက်လက်ဆွေးနွေးမည်

**မကွေး ဇွန် ၂၁**

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းများ အားနည်းနေမှုအပေါ် ပြုပြင်ပြောင်းလဲတိုးတက်လာစေရန်၊ မင်းဘူးမြို့နယ် အမှတ်(၁) ရပ်ကွက်တွင် သမ္မတ ရန်ပုံငွေ သိန်းပေါင်း ၁၆၀၀၀ နှင့် မြစ်ရေတင်စီမံကိန်းရေပေးဝေရေးကိစ္စနှင့် UKT အရက်ချက်စက်ရုံကြီး လည်ပတ်မှုရပ်ဆိုင်းရေး စသည့်အဆိုများကို တင်သွင်းခဲ့ကြသည်။

ချောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးဝင်းက မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းများ အားနည်းနေမှုအပေါ် ပြုပြင်ပြောင်းလဲတိုးတက်လာစေရန်အဆိုကို ကံမမဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြင့်အောင်နှင့် ငဖဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစန်းကြူတို့က ထောက်ခံခဲ့သည့်အပြင် မကွေးတိုင်းဒေသကြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူခဲ့ခြင်းကြောင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဇွန် ၂၃ ရက်တွင် ကျင်းပမည့် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မင်းဘူးမဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်စွမ်းရည်က မင်းဘူးမြို့နယ် အမှတ်(၁)ရပ်ကွက်တွင် သမ္မတရန်ပုံငွေ သိန်းပေါင်း ၁၆၀၀၀ နှင့် မြစ်ရေတင်စီမံကိန်းရေပေးဝေရေးကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရက ဖြေရှင်းဆောင်ရွက်ပေးရန်အဆိုကို တင်သွင်းခဲ့ရာ မင်းဘူးမဲဆန္ဒနယ် အမှတ်(၂)မှ ဦးနေမျိုးကျော်က ထောက်ခံခဲ့သည့်အပြင် လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူခဲ့သည့်အတွက် ဇွန် ၂၃ ရက်တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ဆက်လက်၍ အောင်လံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးကျော်က လူနေရပ်ကွက်တွင်ရှိသော UKT အရက်ချက်စက်ရုံကြီးလည်ပတ်မှု ရပ်ဆိုင်းရေးအဆိုကို တင်သွင်းခဲ့ရာ တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဇော်မင်းထွန်းက ထောက်ခံဆွေးနွေးခဲ့ပြီး လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူခဲ့သည့်အတွက် ဇွန် ၂၃ ရက် လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် မန်းရွှေစက်တော်ဘုရားပွဲတော် ကျင်းပခြင်းလုပ်ငန်း၊ မင်းတုန်းမြို့နယ် ကျောက်နသိုးရေလွှဲဆည်နှင့် ကစော့ရင်း ရေလွှဲဆည်တို့အား ကွင်းဆင်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ ဇွန် ၂၂ ရက်တွင် ကျင်းပမည့် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

■

# စာပေအသိပညာတိုးပွားရေး ကွင်းဆင်းဆောင်ရွက်

**ကျောက်မဲ ဇွန် ၂၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ ကျောင်းသားလူငယ်များ အသိဉာဏ်ပညာပြည့်စုံပြီး ဗဟုသုတကြွယ်ဝစေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အထတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီက အမှတ် ၁ ရပ်ကွက် အုတ်ကျင်းရပ်ရှိ အမှတ် ၄ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ် တိုက်ဖျက်ရေး ရွှေဖီဦး နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲ ကို ဒုတိယဦးစီးမှူး ဒေါ်သိန်းသန်းဌေးနှင့် အဖွဲ့က သွားရောက်ဆောင်ရွက်ခဲ့သည်။



အဆိုပါပြခန်းနှင့်အတူ ကလေးငယ်များ စာဖတ်သည့်အလေ့အကျင့်များ တိုးပွားလာစေရန်အတွက် Mobile Library အဖြစ် စာပေဝန်ဆောင်မှုများပေးခဲ့ရာ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားစွာ ငှားရမ်းဖတ်ရှုခဲ့ကြသည်။ ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပတ်စဉ် အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ရုံးဌာနများ၊ ကားဂိတ်များသို့ စာပေဝန်ဆောင်မှုအဖြစ် Mobile Library ဆောင်ရွက်ပေးလျက်ရှိပြီး ယခုလမှစတင်ကာ အခြေခံပညာကျောင်းများသို့လည်း တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းသန်း(ကျောက်မဲ)**

### ❖ ဖွံ့ဖြိုးတိုးတက်ရေးမှ

ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို အလေးအနက်ထားပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲရလဒ်ဖြင့် တည်ငြိမ်အေးချမ်းစွာအာဏာလွှဲပြောင်းနိုင်မှုကို ကြိုဆိုထောက်ခံကြောင်း ဖော်ပြထားသည်။ မြန်မာအစိုးရသစ်သည် ဒီမိုကရေစီစနစ်ထွန်းကားရေး၊ ငြိမ်းချမ်းသာယာရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို စွမ်းဆောင်ရန် သမိုင်းဝင်အခွင့်အလမ်းများရရှိလျက်ရှိသည်။ အီးယူအနေဖြင့် မြန်မာနိုင်ငံရင်ဆိုင်ဖြေရှင်းရမည့် အခက်အခဲများနှင့် အသွင်ကူးပြောင်းမှုများကို ထောက်ပံ့ကူညီရန် ထပ်မံကတိပြုခဲ့ကြောင်း ကောင်စီဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

အီးယူ၏ ဆုံးဖြတ်ချက်များတွင် မြန်မာတပ်မတော်အပါအဝင် မြန်မာနိုင်ငံရေးတွင် အရေးပါသူအားလုံးနှင့် ပိုမိုထိတွေ့ဆက်ဆံသွားမည်ဖြစ်ပြီး မြန်မာအရပ်သားအစိုးရသစ်၏ ဒီမိုကရေစီအရေးလှုပ်ရှားတက်ကြွမှုနှင့် အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာရန် ကျင့်သုံးနေမှုများကိုလည်း အီးယူက ထောက်ခံအားပေးသည်။ မြန်မာအစိုးရအနေဖြင့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍမှရှိနေကြောင်း အီးယူက ရှုမြင်သည်။

မြန်မာအစိုးရသစ်က နိုင်ငံရေးအကျဉ်းသားများနှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့မှုကိုလည်း အီးယူက ကြိုဆိုထောက်ခံသည်။ လူ့အခွင့်အရေးအခြေအနေတိုးတက်ရန် မြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် ဥပဒေများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေး ဆက်လက်လုပ်ဆောင်သွားရန် အီးယူက တိုက်တွန်းထားပြီး ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နာမင်းကြီးရုံးကိုလည်း မြန်မာနိုင်ငံတွင် ဖွင့်လှစ်သွားရန် ရည်ရွယ်ထားသည်။

မြန်မာနိုင်ငံမှ လူနည်းစုလူမျိုးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အီးယူက မြန်မာအစိုးရကို တောင်းဆိုထားပြီး ရခိုင်ပြည်နယ်တွင် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အီးယူက အပြုသဘောမြင်ကြောင်း ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြန်မာအစိုးရက ကြိုးပမ်းဖော်ဆောင်နေသည့် ၂၁ ရာစုပင်လုံညီလာခံပေါ် ပေါက်လာရေး အားထုတ်မှုများကိုလည်း အီးယူက ကြိုဆိုထောက်ခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ရန်ပုံငွေများကိုလည်း ဆက်လက်ထောက်ပံ့ကူညီသွားမည်ဟု ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

**(အီးယူ)**



အီးယူနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒအကြီးအကဲ ဖက်ရီကာ မိုဂါရီနီ

# ခိုလှုံခွင့်တောင်းခံသော ဒုက္ခသည်များကို ဆက်လက်လက်ခံမည်ဟု သမ္မတအိုဘားမားပြော

**ဝါရှင်တန် ဇွန် ၂၁**

အမေရိကန်ပြည်ထောင်စုသည် ခိုလှုံခွင့်တောင်းခံမည့်ဒုက္ခသည်များကို ဆက်လက်ကြိုဆိုသွားမည်ဖြစ်ကြောင်း သမ္မတ ဘာရက်အိုဘားမားက ဇွန် ၂၀ ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုအတွင်း ဒုက္ခသည်များ လက်ခံခြင်းကို ကန့်ကွက်သည့် နိုင်ငံရေးစကားဝိုင်းများ၏ အသံဗလံများ ပိုမိုကျယ်လောင်လာနေချိန်တွင် သမ္မတအိုဘားမားက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက အလေးထားသော စံတန်ဖိုးများနှင့်အညီ ဒုက္ခသည်များကို လက်ခံကြရမည်သာဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

ကုလသမဂ္ဂနှစ်ပတ်လည် အထွေထွေညီလာခံကျင်းပချိန်ကာလအတွင်း ဘေးပန်းဆွေးနွေးပွဲတစ်ရပ်အဖြစ် ဒုက္ခသည်များဆိုင်ရာ ထိပ်သီးညီလာခံတစ်ရပ်ကို စက်တင်ဘာလအတွင်းကျင်းပသွားရန်လည်း သမ္မတအိုဘားမားက ထုတ်ပြန်ကြေညာသည်။




ဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများအတွက် ရန်ပုံငွေများကို ပိုမိုထည့်ဝင်ကြရန်၊ ဒုက္ခသည်များအတွက် အလုပ်အကိုင်နေရာများ ပိုမိုဖန်တီးပေးရန်၊ ဒုက္ခသည်များ ပညာသင်ယူခွင့်ပိုမိုရရှိရန်၊ ဒုက္ခသည်များပြန်လည်အခြေစိုက် နေထိုင်ခွင့်ရရှိရေးအတွက် အကူအညီများ ပိုမိုပေးနိုင်စေရန် စသည့်အကြောင်းခြင်းရာများနှင့် ပတ်သက်၍လည်း အိုဘားမားက ကမ္ဘာ့ဒုက္ခသည်များနေ့အထိမ်းအမှတ် ထုတ်ပြန်သည့် ကြေညာချက်တွင် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းလိုက်သည်။ **ပီတီအိုင်။**

# စစ်သွေးကြွများနှင့် အပစ်ရပ်ရန် နိုင်ဂျီးရီးယားအစိုးရ သဘောတူခဲ့ဟုဆို

**အဘူဂျာ ဇွန် ၂၁**

နိုင်ဂျီးရီးယားနိုင်ငံ စစ်သွေးကြွအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

နိုင်ဂျာသဲကန္တာရ လက်စားချေသူများအဖွဲ့အပါအဝင် စစ်သွေးကြွအဖွဲ့များနှင့် တစ်လကြာ အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ကြောင်း အမည်မဖော်သူ အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သို့ရာတွင် နိုင်ဂျာသဲကန္တာရ လက်စားချေသူများအဖွဲ့က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့ခြင်းနှင့်ပတ်သက်၍ လောလောဆယ် အတည်ပြုပြောကြားခြင်းမရှိပေ။

နိုင်ဂျာသဲကန္တာရ လက်စားချေသူများအဖွဲ့သည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းဆိုင်ရာ စခန်းများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများပြုလုပ်ခဲ့သော အဖွဲ့ဖြစ်သည်။ **ရိုက်တာ။**

# မြောက်ကိုရီးယား ပဲ့ထိန်းဒုံးကျည်ပစ်ခတ်ဖွယ်ရှိမှုကြောင့် ဂျပန်နိုင်ငံ၌ တပ်မတော်ကို တပ်လှန့်ထား



**တိုကျို ဇွန် ၂၁**

မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်ပစ်ခတ်ဖွယ်ရှိမှုကြောင့် ဂျပန်နိုင်ငံ၌ တပ်မတော်ကို တပ်လှန့်ထားကြောင်း အမည်မဖော်သူ အစိုးရတာဝန်ရှိသူတစ်ဦးက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

ဂျပန်ရေတပ်နှင့် ပဲ့ထိန်းဒုံးကျည်တိုက်ဖျက်ရေးတပ်ဖွဲ့ဝင်များက နိုင်ငံပိုင်နက်အတွင်းဘက်သို့ ဝင်ရောက်လာနိုင်ဖွယ်ရှိသော မည်သည့်ဒုံးကျည်ကိုမဆို ပစ်ချရန် ပြင်ဆင်ထားကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယင်း၏ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသသို့ တာလတ်ပစ်ဒုံးကျည်တစ်စင်းကို ရွှေ့ပြောင်းခဲ့သည်ဟု ယူဆရသည်။ သို့ရာတွင် လတ်တလောကာလတွင် ဒုံးကျည်ပစ်ခတ်မည့် လက္ခဏာများကို မတွေ့မြင်ရကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက အမည်မဖော်သူတာဝန်ရှိသူတစ်ဦးကို ကိုးကားလျက် သတင်းထုတ်ပြန်သည်။

ယွန်ဟပ်သတင်းဌာန၏ သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခြင်းမရှိပေ။ မြောက်ကိုရီးယားက ဒုံးကျည်ပစ်ခတ်ဖွယ်ရှိမှုနှင့်ပတ်သက်၍ တောင်ကိုရီးယားစစ်ဘက်က အနီးကပ်လေ့လာစောင့်ကြည့်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ပက်ထရီယော့ဒုံးခွင်းဒုံးစနစ်များကို ဖြန့်ကြက်ထားကာ စစ်ရေးတပ်လှန့်မှုကို တိုးမြှင့်ထားသည်။ ဂျပန်နိုင်ငံသည် ယခုနှစ်အတွင်း ဒုံးခွင်းဒုံးတပ်ဖွဲ့များကို ကြိမ်ဖန်များစွာ တပ်လှန့်ခဲ့ရသည်။

မြောက်ကိုရီးယားနိုင်ငံက မေလတွင် ပစ်ခတ်ရန် ကြိုးပမ်းခဲ့သော ဒုံးကျည်အမျိုးအစားဖြစ်သည့် မူဆူဒန် ဒုံးကျည်ကို ယင်းနိုင်ငံက ပစ်ခတ်ရန် ပြင်ဆင်ဖွယ်ရှိကြောင်း ဂျပန်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

# ကြခတ်ကုန်းကြီးကျေးရွာ နာဂစ်ကွက်သစ်၌ သောက်သုံးရေကန်နှစ်ကန်တူးဖော်

**ကွမ်းခြံကုန်း ဇွန် ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းကြီးကျေးရွာအုပ်စု ဝန်းကျင်ဒေသနေပြည်သူများ ရေချိုး၊ မိုး၊ ဆောင်းရာသီ သုံးမျိုးစလုံး အသုံးပြုနိုင်စေရန်အတွက် အဆိုပါကျေးရွာအုပ်စုရှိ မုန်တိုင်းဒဏ်သင့်နာဂစ်ကွက်သစ်၌ သောက်သုံးရေကန်နှစ်ကန်အား စက်ယန္တရားကြီးများဖြင့် တူးဖော်ဆောင်ရွက်နေကြောင်း တာဝန်ယူဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။



ကြခတ်ကုန်းကြီးကျေးရွာအုပ်စု ဝန်းကျင်ဒေသနေပြည်သူများအတွက် ကန်ညီနောင်တူးဖော်နေစဉ်။

အဆိုပါ ရေကန်နှစ်ကန်အား လက်ရှိဆောင်ရွက်မှုအပေါ် ၂၅ ပေပတ်လည်ကန်ကြီးအဖြစ် ထပ်မံတိုးချဲ့တူးဖော်ရန် ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးရုံးမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်း အကုန်ကျခံကာ ထည့်ဝင်လှူဒါန်းထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရွှေက "ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေနဲ့ မြို့နယ်ကျေးရွာတွေအရောက် သောက်သုံးရေ ဖြန့်ဝေပေးမှုလုပ်ငန်းတွေ၊ သောက်သုံးရေသိုလှောင်ဖို့ ခက်ခဲတဲ့နေရာတွေမှာ ယာယီရေသိုလှောင်ဖို့ မိုးကာစတွေပြုလုပ်ပြီး ဒေသခံတွေ အဆင်ပြေစေဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဒီအပေါ်မှာ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး နေပြည်တော်ရဲ့ ညွှန်ကြားချက်တွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် ရေရှားပါးသောမြို့နယ်များအနက် ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းကြီးကျေးရွာတွင် ရေဂါလန် ၁၉၅၀၊ ဆော်ဒီမိုးကာစ (၆) ပေ (၈)ပေကိုက် ၂ စပါ အထုပ် ၂ ထုပ်အား မေ ၁ ရက်က လှူဒါန်းခဲ့ကြောင်းသိရပြီး ကြခတ်ကုန်းကြီး ကျေးရွာအုပ်စု၌ ယခင်တူးဖော်ထားသော ကန်ညီနောင်ရေခန်းခြောက်မှု၊ ရေပြတ်လတ်မှုဖြစ်သော ပေ ၁၀၀ ပတ်လည်ရှိ ကန်နှစ်ကန်အား ၂၅ ပေစီ ထပ်မံတိုးချဲ့ပြီးနောက် အနက် ၅ ပေစီ ထပ်မံတူးဖော်နေခြင်းဖြစ်သည်။

နာဂစ်မုန်တိုင်းဒဏ် ခံရပြီးနောက် ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း ကားလမ်းမကြီးဘေးရှိ ကျူးကျော်တဲနေထိုင်သူများအား နေအိမ် ၁၈၇ လုံး ဆောက်လုပ်ပေးခဲ့ပြီး လူဦးရေ ၇၅၃ ဦး ပြောင်းရွှေ့နေထိုင်ခဲ့ကြကာ ထိုနာဂစ်ကွက်သစ်တွင် ကျပန်း ကောက်စိုက်နှင့် လယ်စာရင်းငှား လုပ်ကိုင်ကြသူများသည် ယခုအခါတွင် အိမ်ခြေ ၃၅၀ ကျော်၊ လူဦးရေ အနေဖြင့် ၂၂၀၀ ကျော် ဖြစ်ပေါ်လာပြီဖြစ်ကြောင်း သိရသည်။

ကြခတ်ကုန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က "ကျွန်တော်တို့ဆီမှာ မြစ်၊ ချောင်း၊ အင်းအိုင်လည်း မရှိပါဘူး။ လယ်တစ်မျိုးတည်းကိုပဲ ရွေးချယ်လုပ်ကိုင်ကြပါတယ်၊ ရန်ကုန်မြို့ကလာရင် ၃၂ မိုင်အကွာအဝေး ရှိပြီး ကွမ်းခြံကုန်းကနေ ၁၆ မိုင် ၁ ဖာလုံဝေးပါတယ်။ ကတ္တရာခင်း/ ကွန်ကရစ်ခင်းလမ်းပေါက်ပါတယ်။ ပြီးခဲ့တဲ့နွေမှာ အယ်နီညိုကြောင့် ရေရှားပါးတဲ့ပြဿနာကို ကျွန်တော်တို့ရွာတွေ တောက်လျှောက်ခံစားခဲ့ရပါတယ်။ အခုတူးနေတဲ့ ကန်ညီနောင်တူးပြီးရင်တော့ တစ်ပိုင်တစ်နိုင် မွေးမြူရေးတွေ၊ စိုက်ပျိုးရေးတွေကို ကောင်းစွာလုပ်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။ အခုလို တူးဖော်နေတဲ့အပေါ်မှာ ရွာမှာရှိတဲ့ ပြည်သူတွေ အားလုံးက ပျော်ရွှင်နေကြပါတယ်" ဟု ဆိုသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**

# (၁၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၂၁**

(၁၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (13th CAEXPO) ကုန်စည်ပြပွဲကို စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နမ်နင်းမြို့၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်ပြပွဲ၏ ဆောင်ပုဒ် မှာ Jointly Building the 21st Century Maritime Silk Road, Forging an Even Closer China-ASEAN Community of Common Destiny "၂၁ ရာစုရေကြောင်း ပိုးလမ်းမကြီးကို အတူတကွတည်ဆောက်ခြင်းဖြင့် အကျိုးစီးပွားမျှဝေကြမည့် ပိုမိုနီးကပ်သော တရုတ်-အာဆီယံ အသိုက်အဝန်းဆီသို့ ပူးတွဲတက်လှမ်းကြရန်" ဖြစ်သည်။ ယခုနှစ်ပြပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသားပြခန်းဆောင်အကျယ် အဝန်းကို ၁၇၅ စတုရန်းမီတာရယူလျက် နှစ်လိုဖွယ်ရာမြို့ (City of Charm) အဖြစ် မော်လမြိုင်မြို့ကို ရွေးချယ်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲနှင့်အတူ တရုတ်-အာဆီယံ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဆွေးနွေးပွဲ (CABIS) နှင့် ကွန်ဖရင့်များ၊ ဖိုရမ်များ၊ ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ကုန်စည်ပြခန်းဆောင်အမှတ် (၁၄)တွင် မြန်မာနိုင်ငံအတွက် ပြခန်း ၁၀၀ကျော်ကို ပြခန်းခပေးစရာမလိုဘဲ အခမဲ့ ပြသခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ မြန်မာလုပ်ငန်းရှင်များ သွားရောက်ပါဝင်ပြသမည်ဆိုပါက ယခင်နှစ်များနည်းတူ တရုတ်စင်းလုံးငှားလေယာဉ် စီစဉ်ဆောင်ရွက်ပေးမည်ဟု သိရသည်။ မြန်မာပြသသူလုပ်ငန်းရှင်များ ဗီဇာလျှောက်ထားနိုင်ရေးအတွက် ဖိတ်စာများကို အချိန်မီပေးပို့မည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပြသမည့်ကုမ္ပဏီများစာရင်းကို သတ်မှတ်ရက်အမီပေးပို့ပေးရန်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲသို့ တက်ရောက်ရန်နှင့်ပါဝင်ပြသရန် စိတ်ပါဝင်စားသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း ၀၆၇-၄၃၀၄၄၆၊ Fax; ၀၆၇-၄၃၀၁၂၈၊ Email: moctradefair @gmail.com၊ မြန်မာကုန်သွယ်မှုဗဟိုဌာန၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၃၀၂၄၊ Fax; ၀၁-၂၅၃၀၂၃၊ Email: itpic.moc @ gmail.com၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဖုန်း ၀၁-၁-၂၁၄၃၄၄-၉၊ Fax; ၀၁-၁-၂၁၄၄၈၄၊ Email: services.Umfcci@gmail.com နှင့် သမဝါယမဦးစီးဌာန ဖုန်း ၀၆၇-၄၁၀၃၄၁၊ Email: coopdcptdg@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကျောက်ပန်းတောင်း မြို့မဈေးကြီးနှင့် အမှတ်(၁)ကျောင်းရှေ့၌ မူးယစ်ဆေးဝါးပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ကျောက်ပန်းတောင်း ဇွန် ၂၁**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးများတွင် ဓာတ်ပုံနှင့် နံရံကပ်စာစောင်များပြသခြင်း၊ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန်၂၀ ရက် နံနက်က ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြို့မဈေးကြီး ပျံကျဈေးတန်းနှင့်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့တို့၌ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးပညာပေး သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ခံထုတ်ဝေခြင်းဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်း အကြောင်းအရင်းများ၊ မူးယစ်ဆေးဝါးသုံးစွဲသူ၏ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးပပျောက်ရေး မဟာဗျူဟာနှစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ ဖော်ပြထားပြီး မူးယစ်ဆေးဝါးပပျောက်ရေး နည်းဗျူဟာသုံးရပ်ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး အစရှိသည်တို့ကို ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ဖတ်မှတ်လေ့လာနိုင်စေရန် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# တာမွေမြို့နယ် ပန်းချီပညာရှင်များ၏ပန်းချီပြပွဲ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်မြို့ တာမွေမြို့နယ် ပန်းချီပညာရှင်များ စုစည်း၍ ရသစုံပါဝင်သည့် ပန်းချီပြပွဲကို ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ အနုပညာအစည်းအရုံး(ဗဟို) ပန်းချီပြခန်း၌ ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီ အတွင်း ပြသသွားမည်ဖြစ်သဖြင့် ပန်းချီအနုပညာကို စိတ် ဝင်စားသူမည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။

ထိုပန်းချီပြပွဲတွင် ဝင်ရောက်ရေးဆွဲပြသကြမည့် ပန်းချီပညာရှင်များမှာ အောင်လင်းထွန်း၊ သူသူထက်လွင်၊ ဝင်းမြင့်အောင်၊ ဇော်လွင်၊ မောင်မောင်လေး၊ အသူရိန်၊ လှမြင့်မောင်၊ မာမာချို၊ ရွှေရီမြင့်၊ အေးချမ်းလွင်၊ ကောင်းထက်ကျော်၊ ဝင်းနိုင်၊ စိန်ထွန်းထွန်း၊ ဦးစိန်ကြီး၊ ခင်မောင်မြင့်၊ ဇော်ဝင်း(ပိုစတာ)၊ စိန်ဝင်း၊ စန်းလွင်မောင်တို့ ဖြစ်ကြသည်။ **(ကြေးမုံ)**



# သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အောင်တံခွန်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၂၀ ရက် နံနက် ၁၀နာရီတွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ၁၀ မိုင် အသောကာရုံ ရွှေကျင်စာသင်တိုက်ရှိ ရွှေရတုသုံးထပ်ကျောင်းဆောင် မြေညီထပ်၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ အသင်းဥက္ကဋ္ဌ ဦးသက်မော်နှင့် အင်းစိန်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွဲ့ရီတို့က အမှာစကားပြောကြားသည်။ အသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းထွေးက ၂၀၁၅-၂၀၁၆ နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အမြတ်ငွေတို့ကို ဖတ်ကြားတင်ပြပြီး စာရင်းစစ် ဒေါ်ခင်မြတ်မော်က စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်ပြခဲ့သည်။

ထို့နောက် အသင်း၏ဘဏ္ဍာရေး ရှင်းတမ်းနှင့် အသားတင်အမြတ်ငွေအပေါ် အသင်းသားများက အကြံပြုဆွေးနွေး အတည်ပြုပေးကြကာ အသင်းသား ၄၆၀ တို့ကို ယခင်နှစ်က အစုပေါ်အမြတ် ၃၀ ရာခိုင်နှုန်းသာ ပေးနိုင်ခဲ့၍ ယခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်းအထိ တိုးမြှင့်၍ အသင်းသားများ၏ အကျိုးမြတ်များကို အသင်းသားများကိုယ်စား ဒေါက်တာစိုးနိုင်ထံ အသင်းဥက္ကဋ္ဌက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# အမှုတစ်မှု ဆယ်သိန်း

ဦးဟန်ညွန့်(ဥပဒေ)

**သတင်းတစ်ပုဒ်**

"အမှုတစ်မှုလျှင် ကျပ်ဆယ်သိန်းခန့်ကုန်ကျနေဟု မကွေးတိုင်းဒေသကြီး ရဲမှူးကြီးပြောကြား။ မကွေးတိုင်းဒေသကြီးတွင် တစ်နှစ်လျှင် အမှုတစ်သောင်းခန့်ဖြစ်ပွားနေ၍ ကျပ်သိန်းပေါင်းတစ်သိန်းခန့် ကုန်ကျနေဟုဆို"

***7 DAY DAILY (၁၈-၆-၁၆) မျက်နှာဖုံး***
***(သတင်းကောက်နုတ်ချက်)***

**အနိုင်လိုချင်သည့် လူ့စိတ်**

(၁) အမှုတစ်မှုဖြစ်ပွားပါက အပြိုင်အဆိုင်အနိုင်လိုချင်သည့် လူ့စိတ်သဘောသဘာဝကြောင့် အမှုတစ်မှုလျှင် အနည်းဆုံး ကျပ်ဆယ်သိန်းခန့် ကုန်ကျမှုရှိနေကြောင်း။

(၂) လေ့လာကြည့်သလောက် မကွေးတိုင်းဒေသကြီးမှာ တစ်နှစ်ကို လူတစ်သောင်းလောက် အမှုအမျိုးမျိုးနဲ့ ထောင်ထဲထည့်နေရတယ်။

(၃) တစ်ရွာထဲသားချင်းတွေ အမှုအများဆုံးဖြစ်တယ်။ ဆွေမျိုးသားချင်းတွေ၊ စီးပွားဖက်တွေ အများဆုံးအမှုတွေ ဖြစ်နေကြတယ်။ နောက် အိမ်နီးချင်းတွေ၊ သူငယ်ချင်းအချင်းချင်းတွေ၊ ရင်းနှီးခင်မင်သူတွေပဲ အမှုအခင်းအများဆုံး ဖြစ်ကြတယ်။

(၄) အပြိုင်အဆိုင်အနိုင်လိုချင်စိတ်တွေ ပြင်းထန်လာတော့ တရားတာရော၊ မတရားတာရော လုပ်ကြတယ်။ ရှေ့နေရှေ့ရပ်ငှားရတယ် စသည်ဖြင့် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲမှူးကြီးမြင့်လွင်က ပြောသည်။ ဤသတင်းကို သတင်းထောက် လင်းသက်နိုင်က ရေးခြင်းဖြစ်သည်။ ကျေးဇူးတင်ပါသည်။

**ရှေ့နေစားပွဲပေါ်က အမှုတွဲများ**

ကျွန်တော့်ရှေ့နေစားပွဲပေါ်တွင် မေးတင်နေသော အမှုတွဲများနှင့်အတူ ရဲမှူးကြီးမြင့်လွင်၏ မှတ်ချက်စကားကြောင့် အတွေးပွားမိပါသည်။ လူအမျိုးမျိုး၊ အမှုအမျိုးမျိုး၊ စိတ်အမျိုးမျိုး၊ လောဘ၊ ဒေါသ၊ မောဟစုံညီ၊ ပွေလီပြဿနာ ရင်ဆိုင်ရပါသည်။ ပြစ်မှု၊ တရားမ စုံလင်လှပေသည်။

**ငွေဘယ်လောက်ကုန်ကုန်**

"ငွေဘယ်လောက်ကုန်ကုန် ဒီအမှုနိုင်အောင် ကြိုးပမ်းပေးပါ" ဟူသော အမှုသည်များ၏စကား နေ့တိုင်းကြားရသည်။ ငွေကုန်လျှင် အမှုနိုင်မည်ဟူသောအစွဲ လွှမ်းကဲနေသည်။ နိုင်ဖို့အဓိက။ တရားဥပဒေ၏ သဘောသဘာဝပြောပြမှု မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့်။ ကိုယ်ဖြစ်ချင်တာပဲ ကိုယ်သိသည်။ ကိုယ်လုပ်ချင်တာပဲ ကိုယ်ယုံကြည်နေသည်။ ဥပဒေပညာရှင်ကိုပင် "ဒါလေးတောင် လုပ်မပေးနိုင်ဘူးလား"ဟု ပြစ်တင်စကားပြောကြားကြသေးသည်။ တရားကျစရာပါ။

**ကိုယ့်ရွာသားအချင်းချင်း**

ကိုယ့်ရွာသားအချင်းချင်း မရိုင်းပင်းကြတော့ဘူးလား။ ချစ်ခင်မှု၊ သံယောဇဉ်တွယ်မှု၊ ညီညွတ်မှု၊ ကူညီမှုတွေ ဘယ်ရောက်သွားကြပြီလဲ။ မြန်မာတို့၏ ညီညွတ်ရေးစိတ်ဓာတ်၊ ရိုင်းပင်းရေးစိတ်ဓာတ်၊ စည်းကမ်းကျင့်ဝတ်လိုက်နာသော စိတ်ဓာတ်၊ မေတ္တာပွားများသော စိတ်ဓာတ်၊ လူကြီးမိဘများကို ရိုသေတတ်သော စိတ်ဓာတ်၊ ရွာဦးကျောင်းဆရာတော်၏ ဩဝါဒကို မြေဝယ်မကျနာခံကျင့်ကြံသော စိတ်ဓာတ်တွေ ဘယ်ပျောက်ကုန်ပြီလဲ။ ရှားပါးသွားပြီလား။ ဘယ်လိုဖြစ်သွားပါလိမ့်။

**ဆွေမျိုးရင်းချာ**

မိဘနှင့် သားသမီး၊ ညီနှင့်အစ်ကို၊ အစ်ကိုနှင့်ညီမ၊ လင်နှင့်မယား သွေးသားရင်းချာများ အခင်းများတာတွေ၊ ဆွေမျိုးအရင်းအချာဖြစ်ပါလျက် စကားမပြောနိုင်၊ မခေါ်နိုင်၊ မပြောရက်၊ ဒေါသဖက်သည့် အမှုတွေ၊ အမွေမှု၊ လင်ကွာ မယားကွာ၊ အရင်းအချာမို့ အနှစ်တစ်ရာကြာချင်ကြာပါစေ။ မကျေနပ်ဘူး။ ဘယ်ရုံးရောက်ရောက်၊ ဘယ်လောက်ခက်ခက်၊ တစ်သက်မကျေဆိုသူတွေ။ အမှုမဖြစ်ရ မနေနိုင်သူတွေ။

**ညှိကြပါ**

ကျေအေးပြီးပြတ်သည့် မူသဘောကို ကျွန်တော်(ရှေ့နေ) ပြောပါသည်။ "နှစ်ဖက်ညှိကြပါ" ဟုလည်း တရားရုံးမရောက်မီ ပီပီပြင်ပြင် ရှင်းပါသည်။ အမှုရင်ဆိုင်ရသည့်ဒုက္ခ မနည်းလှကြောင်းလည်း နမူနာအမှုတွဲတွေ ပေးဖတ်စေပါသည်။

**ပြောမရသော ဒေါသ**

ပြောမရသော ဒေါသပါပဲ။ ခွင့်လွှတ်ဖို့ ဆရာလာမပြောနဲ့။ ဒီအမှုကို ဆရာမလိုက်ရင် လိုက်တဲ့ရှေ့နေသွားငှားမယ်ဆိုသော ဦးဒေါသကဲ့သို့သော အမှုသည်များ များပြားလှသည်။

**ထိန်းမရသော လောဘ**

ဒီတရားမမှုက ကြာမယ်။ ရမည့်ငွေကြေးထက် စိတ်ဆင်းရဲရမယ်။ ဒါကြောင့် နှစ်ဖက်ညှိနှိုင်းပြီး ရသမျှသက်သာခွင့်ယူပါ၊ ကျေနပ်ပါဟု ငြိမ်းချမ်းရေးစကားဆိုရသည်။ ဆွေမျိုးရင်းချာလည်းဖြစ်၊ ကြာမြင့်မည့်ကာလကိုလည်း တွက်ချက်ပြသော်ငြား သူတို့လောဘကို ထိန်းမရပါ။ အမှုလိုက်ခနည်းလို့လားဟုပင် ငွေစကား၊ လောဘစကားဖြင့် ရှေ့နေအား ထိုးနှက်သွားသူများ တစ်ပုံတစ်ပင်။

**ကျေအေးပြီးပြတ်စေရေး**

"ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး"ဟူသော တရားစီရင်ရေးမူသည် အခြေခံအချက် ခုနစ်ချက်အနက် တစ်ချက်ဖြစ်သည်။ အချင်းချင်းကျေအေးကြစေ၊ ပြီးပြတ်ကြစေ၊ ခွင့်လွှတ်ကြစေဟူသည့် သဘောပါ။ အမှုကျေအေးခြင်း၊ အမှုရုပ်သိမ်းခြင်းများကို ဥပဒေနှင့်အညီဆောင်ရွက်ကြပါဟု ဆိုလိုပါသည်။

**[ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ -၃]**

**ရဲစခန်းမှာ အမှုတွေများ**

ယနေ့ရဲစခန်းများတွင် အမှုတွေများနေသည်။ တရားရုံးများတွင်လည်း အမှုတွေများနေသည်။ လူမစည်ကားအပ်သော အရပ်ဒေသနေရာတွေမှာ မစည်ကားစေချင်။ အမှုတွေနည်းပါစေ၊ အမှုတွေကျဆင်းပါစေ။ အချင်းချင်း ရန်ပွဲတွေ၊ ရိုက်ပွဲတွေ၊ ခိုက်ရန်ဒေါသမှုတွေမဖြစ်စေလိုပါ။ ဥပဒေကို စောင့်ထိန်းပါ။ မကောင်းမှုကို ရှောင်ကြဉ်ပါ။ ဥပဒေဘောင်အတွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ လွန်ချမ်းသာဖြစ်သည်။ ပညာပေးတာတွေမနည်းလှပါ။ သို့သော်ငြား----။

**ပြင်ဆင်မှု၊ အယူခံတွေ**

အရှုံး၊ အနိုင် မကျေနပ်နိုင်။ မနိုင်မချင်း အပေါ်ရုံးတက်မည်။ ပြင်ဆင်မှုတက်၊ အယူခံမှုတက်၊ အခွင့်အာဏာ ရှိသမျှတက်။ လက်မလျှော့၊ အသက်သေခါမှ လျှော့မည်တဲ့။ မခံချင်စိတ်၊ ခွင့်မလွှတ်သောစိတ်၊ ဘယ်လိုပဲဖြစ်ဖြစ် အနိုင်လိုချင်သည့်စိတ်။

**အမှုပွဲစားများ သတိထား**

မခံချင်စိတ်ကြောင့် ရှိသမျှစည်းစိမ်ကုန်ချင်ကုန်ပါစေ။ ရေဆုံးရေဖျားပြီးအောင်သွားမည်လား။ လောဘ၊ ဒေါသ၊ မောဟဖက်သူများအား မီးထိုးပေးသူများကတော့ အမှုပွဲစားများပါပဲ။ အမှုပွဲစားနှင့်တွေ့လျှင် တစ်မှုက နှစ်မှုဖြစ်။ နှစ်မှုက လေးမှုဖြစ်။ အမှုပွားပြီ၊ များပြီ။ အမှုပွားမှာပေ့ါ။ အမှုများမှာပေ့ါ။ ဒါမှလည်း အမှုပွဲစား ဗိုက်ကားမည်လေ။ အမှုပွဲစားခရမည်လေ။ အမှုကျဆင်းရေး အလိုမရှိ။ အမှုပွားဖို့အရေး ဒို့အရေးဟုပင် အမှုပွဲစားက ကြွေးကြော်ပေဦးမည်။ ထိုအခါ ရဲစခန်းသို့ချောင်းပေါက်၊ တရားရုံးသို့ချောင်းပေါက်၊ အခေါက်ခေါက်အခါခါ ဘဝသံသရာ။ ဘယ်ခါမပြီးပါ။

**ဆယ်သိန်းမက**

မကွေးတိုင်းဒေသကြီးက အမှုတစ်မှုဆယ်သိန်းဟုကြားရ၍ သင့်တင့်သောဈေး ဖြစ်တန်ကောင်းသည်။ အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ဆယ်သိန်းမက များနေပြီလား။ အများသိသည်။ မေးကြည့်ဦးမှ။

**ဆုမတောင်းကောင်း**

အမှုတွေများများဖြစ်ပါစေဟု ရှေ့နေက ဆုမတောင်းကောင်း။ လူနာတွေ များများဖျားနာပါစေဟု ဆရာဝန်က ဆုမတောင်းကောင်း။

**ဆုတောင်းလိုက်ပါသည်**

- ❖ သွေးရင်း၊ သားရင်း၊ အချင်းချင်း
- ❖ ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
- ❖ ဘေးကင်းရန်ကွာ လွန်ချမ်းသာ
- ❖ မေတ္တာ၊ သစ္စာထားကြပါဟုသာ
- ❖ ကျွန်တော် ဆုတောင်းလိုက်ပါသည်။ ။

## အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနားကျင်းပ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော် ပါဝင်လှုပ်ရှား

**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ကျင်းပရာ အမျိုးသားလွှတ်တော် အားကစားနှင့် ပညာရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရုံးစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် ဒေါက်တာနန္ဒာကူးမား၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးမြို့ရုံးစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် ဒေါက်တာနန္ဒာကူးမားက အပြည်ပြည်ဆိုင်ရာ ယောဂနေ့ဖြစ်ပေါ်လာပုံကို ပြောကြားပြီး တိုင်းရင်းသားရေးရာဝန်ကြီးက ပါဝင်ကြသော တက္ကသိုလ်များ၊ အခြေခံပညာ ကျောင်းများအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့တစ်ဝန်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အစီအစဉ်များကို ဗီဒီယိုဖြင့်ပြသပြီး ယောဂပညာရှင် ဦးလှညွန့်နှင့်အဖွဲ့က ယောဂကျင့်စဉ်များ လက်တွေ့သရုပ်ပြကာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀၀၀ ကျော်က စုပေါင်းလေ့ကျင့်ကြသည်။

ယင်းနောက် ယောဂနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများ၊ ယောဂကျင့်စဉ်တွင် ပါဝင်ခဲ့ကြသူများ၊ ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ခဲ့ကြသူများအား အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်သည်။

အိန္ဒိယဝန်ကြီးချုပ်က ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တစ်ကမ္ဘာလုံး ယောဂနေ့သတ်မှတ်ကျင်းပသင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သဖြင့် ဒီဇင်ဘာ ၁၁ ရက်တွင် အဖွဲ့ဝင် ၁၉၃ နိုင်ငံအနက် ထောက်ခံမဲ ၁၇၇ မဲဖြင့် နှစ်စဉ် ဇွန်၂၁ ရက်နေ့ကို ယောဂနေ့သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ယောဂသည် ကိုယ်ရောစိတ်ပါ ကျန်းမာရေးနှင့် သုခအဝပြည့်စုံမှုကို ပေးအပ်နိုင်သဖြင့် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအတွက် ယောဂကျင့်စဉ်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆောင်ရွက်ရန် တိုက်တွန်းထားသဖြင့် နှစ်စဉ်သရုပ်ပြပွဲများ ကမ္ဘာ့နိုင်ငံများတွင် ကျင်းပကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## ပေါင်မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများ ရာနှုန်းပြည့်ပြီးစီး

**ပေါင် ဇွန် ၂၁**

မွန်ပြည်နယ် ပေါင်မြို့နယ် မြို့နယ်ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်ကာလအတွင်း (မွမ်းမံ) ရန်ပုံငွေအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါပြီးစီးသည့်လုပ်ငန်းများမှာ အရှည် ၁၆ ပေ၊ အကျယ် ၁၄ ပေရှိ ထန်းပင်ချောင်-ညောင်ကုန်းလေး ကွန်ကရစ်တံတား၊ အရှည် ၁၅ ပေ၊ အကျယ် ၁၄ ပေရှိသော အလှပ်-သပြေကုန်းကွန်ကရစ်တံတားနှင့် အလျား ပေ ၃၅၀၊ အနံပေ ၂၅၀၊ အနက် ၃ ပေရှိ ဝဲပတန်မြေသားရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

နတ်မော်ကျေးရွာအုပ်စု ဇရပ်ဖြူကျေးရွာရှိ အရှည် ၁၅ ပေ၊ အကျယ် ၁၄ ပေ၊ ခွင့်ပြုငွေကျပ် ၇ ဒသမ ၅ သန်းဖြင့် နတ်မော်-ဇရပ်ဖြူတံတားတည်ဆောက်ခြင်းလုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ဇွန် ၂၁ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**သနပ်ပင် ဇွန် ၂၁**

ပဲခူးခရိုင် သနပ်ပင်မြို့နယ် ပြွန်ပေါက်ကျေးရွာရှိ မူလတန်းလွန်ကျောင်းတွင် ယနေ့နံနက် ၉ နာရီက လူကုန်ကူးမှု၊ လူမှောင်ခိုအကြောင်း အသိပညာပေးဟောပြောပွဲပြုလုပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးအမှတ်(၃) လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်ဖွဲ့စုမှ ရဲအုပ်လှဘုန်းက လူကုန်ကူးမှု၊ လူမှောင်ခိုအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဦးစီးကျင်းပသော မူးယစ်ဆေးဝါးအလွဲသုံးစားမှုပပျောက်ရေး အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ကျင်းပရာ ကျေးရွာပြည်သူများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ အင်အား ၃၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(လှမိုး)**

# ပဲ၊ ထိမ်၊ တဉ်း၊ တော့၊ ရန်၊ ပု၊ မော့၊ မှတ်လော့ ပွတ်၊ ချီ၊ ယွန်း

ပန်းချီလှတင်ထွန်း

ဇွန် ၁၉ ရက်ထုတ် ကြေးမုံမျက်နှာဖုံးတွင် "ပန်း၁၀ မျိုးလက်မှုအနုပညာများအနက် မြန်မာ့ပန်းယွန်းအနုပညာရပ် ရှေးနှစ်များစွာကတည်းက ပေါ်ထွန်းခဲ့၊ ပညာရပ်များ မတိမ်ကောရေး ခေတ်မီနည်းစနစ်များ ပေါင်းစပ်ရေး မျိုးဆက်သစ်များ မွေးထုတ်ပေးရေး ပူးပေါင်းဆောင်ရွက်" ဟု ခေါင်းစီးတပ်ထားသော သတင်းတစ်ပုဒ်ဖတ်ရပါသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မြန်မာ့ယွန်းအနုလက်ရာပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက်က ယွန်းပညာကောလိပ်(ပုဂံ) ၌ ကျင်းပရာ ရှေးအစဉ်အလာ မြန်မာတို့၏ ယွန်းပညာအနုပညာလက်ရာများကို ထုတ်ဖော်ပြခဲ့သည်ဟု သိရပါသည်။

ဖော်ပြပါ ပန်း ၁၀မျိုး အနုပညာသတင်းဖတ်ရ၍ **"ဘုရားမတင် နတ်မဝင် လူတွင်ဆယ်ပွင့်ပန်း"**ဟူသော အတိုကောက်အမှတ်အသားစကားလေးကို သတိရမိပါသည်။ ထိုဘုရားမတင် နတ်မဝင်သော ပန်း ၁၀မျိုး ပညာရပ်များကို မုံရွေးဇေတဝန် ဆရာတော်၏ ရာဇောပါဒပျို့တွင် **"ပဲ၊ ထိမ်၊ တဉ်း၊ တော့၊ ရန်၊ ပု၊ မော့၊ မှတ်လော့ ပွတ်၊ ချီ၊ ယွန်း"**ဟု ရေးမှတ်ထားတော်မူခဲ့ပါသည်။

'ပဲ' မှာ ပန်းပဲ(သံထည်အမျိုးမျိုးထုလုပ်ခြင်း အတတ်ပညာ)၊ 'ထိမ်'မှာ ပန်းထိမ် (ရွှေငွေရတနာပြုလုပ်ခြင်း အတတ်ပညာ)၊ 'တဉ်း'မှာ ပန်းတဉ်း (ကြေး၊ သွန်းကြေးခတ် အတတ်ပညာ)၊ 'တော့'မှာ ပန်းတော့ (အင်္ဂတေ သရွတ်ဖြင့် ပန်းအရုပ်တွင် ထုခြင်းအတတ်ပညာ)၊ 'ရန်'မှာ ပန်းရန် (အုတ်စီသရွတ်ကိုင်အတတ်ပညာ)၊ 'ပု'မှာ ပန်းပု (သစ်သား၊ ဆင်စွယ်တို့ဖြင့် ရုပ်တုထုလုပ်ခြင်း အတတ်ပညာ)၊ 'မော့'မှာ ပန်းတမော့ (ကျောက်ဆစ်အတတ်ပညာ)၊ 'ပွတ်'မှာ ပန်းပွတ် (ပွတ်ခုံဖြင့် သစ်သား အပြောက်အရစ် ပြုလုပ်ခြင်း အတတ်ပညာ)၊ 'ချီ'မှာ ပန်းချီ(ဆေးရေးပုံဆွဲ အတတ်ပညာ)၊ 'ယွန်း'မှာ ပန်းယွန်း(ယွန်းသရိုးကိုင် အတတ်ပညာ) တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။

အချို့မှာ ပန်းဆယ်မျိုးတွင် နောက်ထပ်နှစ်မျိုးထပ်ဖြည့်လိုသေး၍ **'ပန်းပွင့်မာလာ တတ်သိပွလူ့ရွာ ၁၂ ပွင့်'**ဟု ဖြည့်ကြပါသည်။ ထိုနှစ်မျိုးမှာ 'ပန်တျာ' (ဂီတအကပညာ) နှင့် 'ပန်းရွဲ' (ကျောက်သွေးအတတ်ပညာ)တို့ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းထောင်ချီ၍ ပန်း ၁၀မျိုး အတတ်ပညာများ ထွန်းကားခဲ့ရာ ယဉ်ကျေးမှုမြင့်မားသော လူမျိုးအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူခဲ့ရပါသည်။

သက္ကရာဇ် ၉၈၇ ခုနှစ်တွင် ရေးသားတော်မူသော ပခန်းတောင်မင်းဆရာတော်၏ ဓမ္မရာသီပျို့၌ **"ထောင့်ယွန်းစည်းခုံ၊ အစုံလိုက်မုခ်၊ စီအုတ်ပန်းရန် ကောင်းမွန်ပြစ်ပြေ၊ အင်္ဂတေတတ်၊ မည်မှတ်ပန်းတော့၊ တမော့ကားကျောက်၊ လက်မြောက်တတ်လွန်း၊ ဤတသွန်ကား၊ ထူးဆန်းရုပ်တု၊ ပန်းပုခေါ်မည်၊ ရေးသည်ပန်းချီ၊ လုံးညီစိမ့်မှတ်၊ ပန်းပွတ်တဖြာ၊ ပူတာလုပ်ငြား၊ ပန်းခတ်များက၊ တခြားဝေဖန် ဤတသွန်နှင့် ၊ ထက်ချွန်လှံ့ဓား၊ သံအားနိုင်မြဲ၊ ပန်းပဲတရေး၊ ကြေးမှာတတ်သည်၊ ပန်းတဉ်းမည်၏။ အရည်လျှံတွေ၊ ရွှေငွေကစ၊ တတ်မျှကားမည် ရသဘော၊ ပန်းထိမ်ဟောသာ၊ ဘော်နှောရုံးမူ၊ ဤတစ်ခုတည်း"** ဟူ၍ ပန်းဆယ်မျိုး အတတ်ပညာသည် ရှေးနှစ်ပေါင်းများစွာကပင် ထွန်းကားခဲ့ပုံကို သိသာအောင် စပ်ဆိုတော်မူခဲ့ပါသည်။

အသခ်ယာဘွဲ့ခံ လက်ဝဲသုန္ဒရ အမတ်ကြီး၏ "သာစိန" ပျို့တွင်လည်း **"ကြိုးပမ်းစုံစေ့၊ အမွေ့အသိမ်၊ ပန်းထိမ်တလျဉ်း၊ ပန်းတဉ်းတညီ၊ ပန်းချီတစ်တွဲ၊ ပန်းပဲ တစ်ခု၊ ပန်းပုတစ်တန်၊ ပန်းရန်မလွတ်၊ ပန်းပွတ်တစ်ထည်၊ အလုပ်သည်လည်း ပြီးစီးများစွာ"**ဟု အမှတ်အသားပြုခဲ့သည်ကို တွေ့ရပါသည်။

ဖော်ပြပါ နှစ်ပေါင်းရှည်ကြာ ထွန်းကားလာခဲ့သော 'ပန်း'အတတ်ပညာများ တဖြည်းဖြည်း မှေးမှိန်လာခဲ့သည်ကို သတိထားမိသော နိုင်ငံ့ခေါင်းဆောင်များက ပန်းဆယ်မျိုး ပြန်လည်ရှင်သန်လာစေရန်အတွက် ပန်းချီ၊ ပန်းပု ပန်းနှစ်ပွင့်ကိုသာ အရေးပေးဖွဲ့စည်းထားသော မြန်မာပြည် ပန်းချီသမဂ္ဂများ၊ ပန်းပုအသင်းများ၊ ပန်းချီ၊ပန်းပုကောင်စီ ဗဟိုဌာန အဖွဲ့ချုပ်များကို ပြင်ဆင်ဖွဲ့စည်းရန် ညှိုးနွမ်းနေသောပန်းများ လန်းဆန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ၁၉၈၁ ခုနှစ်က ကျိုက္ကဆံကွင်း အစည်းအဝေးခန်းမကြီးတွင် တစ်ပြည်လုံးမှ ပန်းဆယ်မျိုးပညာရှင်များကို ဖိတ်ခေါ်၍ ပန်းဆယ်မျိုးညီလာခံကြီး ကျင်းပခဲ့ပါသည်။ တိုင်းနှင့်ပြည်နယ်အသီးသီးမှ တက်ရောက်လာသော ပန်းဆယ်မျိုးပညာရှင်များ ညီလာခံကြီးဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌမှာ ပန်းချီဆရာကြီး ဦးဘကြည်နှင့် အတွင်းရေးမှူးအဖြစ် စာရေးသူကို တင်မြှောက်ခဲ့ပါသည်။ ထိုညီလာခံကြီးမှ **"မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)"** ကို ဖွဲ့စည်းခဲ့ပါသည်။

မြန်မာနိုင်ငံအနှံ့ စည်းရုံးရေးခရီးများထွက်ပြီး မြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံးခွဲများ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ပန်းချီဆရာကြီး ဦးဘကြည်ကိုယ်တိုင် ဦးဆောင်၍ ကျွန်တော်တို့ အမှုဆောင်များ မုံရွာ၊ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုစသည့် မြို့များသို့ စည်းရုံးရေးခရီးထွက်ခဲ့ပါသည်။ ပန်းဆယ်မျိုးသင်းလုံးကျွတ်ပြပွဲများကိုလည်း ကျင်းပခဲ့ပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်၍ ၁၉၉၆ ခုနှစ် ဇူလိုင် ၁၅ ရက်က မန္တလေးမြို့တွင် ကျင်းပခဲ့သော "မြန်မာ့ရိုးရာယဉ်ကျေးမှုပန်း ၁၀မျိုး ပြပွဲပြိုင်ပွဲကြီးတွင် တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပန်း ၁၀မျိုး အနုပညာရှင်များဝင်ပြိုင်ခဲ့ကြပါသည်။ နိုင်ငံတော်၏ ဦးတည်ချက်ဖြစ်သော အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးအတွက် ပန်း ၁၀ မျိုး ပညာရှင်များ၊ အစည်းအရုံးဝင်များက ပါဝင်ပြသယှဉ်ပြိုင်ခဲ့ကြပါသည်။ ရန်ကုန်၊ မန္တလေးမြို့ကြီးတို့မှ အောင်နိုင်ရေးကော်မတီများ ဖွဲ့စည်းခဲ့သလို ကျန်မြို့နယ်များမကျန် ရိုးရာပန်းအစည်းအရုံးသင်းလုံးကျွတ်၏ ပါဝင်လှုပ်ရှားခဲ့သော သမိုင်းဝင်ပြပွဲ ပြိုင်ပွဲကြီးအဖြစ် မှတ်တမ်းကျန်ရစ်ပါခဲ့သည်။ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က စည်းရုံးဖွဲ့စည်းထားသော မြို့နယ် ၈၀ ကျော် ပညာရှင်များ၏ အောင်ပွဲကြီးလည်း ဖြစ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွင့်လှစ်ခဲ့သော ရန်ကုန်၊ မန္တလေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင်လည်း၊ ပန်းချီ၊ ပန်းပု ဘာသာရပ်အပြင် ပန်း ၁၀မျိုး ပညာရပ်များပါသင်ကြားရေး အကောင်အထည်ဖော်ရန် ဝန်ကြီးဦးခင်အောင်မြင့်လက်ထက် ကြိုးစားဖူးသည်။ နေပြည်တော် ယဉ်ကျေးမှုဌာနတွင် ပန်း ၁၀မျိုး ပညာ သုတေသနစာတမ်းဖတ်ပွဲတစ်ခုလည်း ကျင်းပခဲ့ပါသည်။ ပန်းချီ၊ ပန်းတိမ်၊ ပန်းယွန်း စာတမ်းများကို ပန်းချီဌာနမှူး ဦးတင်မောင်လွင်၊ ပန်းထိမ်ကို စာရေးဆရာ မှတ်ကျောက်နှင့် ပန်းယွန်းကို ပုဂံယွန်းသိပ္ပံကျောင်းအုပ် (ငြိမ်း)နှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) နိုင်ငံခြားရေးမှူး ယွန်းပညာရှင် ဦးသောင်းထွန်းတို့က ဖတ်ကြားခဲ့ပါသည်။ ထိုစဉ်က ပန်းထိမ်စာတမ်းကို စိတ်ဝင်စား၍ ယဉ်ကျေးမှုဝန်ကြီးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် သင်ကြားရန် စီစဉ်ခဲ့ရာ သစ်ရိုးညွှန်းတမ်းရေးဆွဲရေးကိစ္စကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) က အကူအညီပေးခဲ့ရပါသည်။ ပန်းပုပညာဌာနနှင့် တွဲဖက်၍ ဒီပလိုမာသင်တန်းများဖွင့်ကာ ပန်းထိမ်ပညာကို သင်ကြားပေးနိုင်ခဲ့ပါသည်။ ရန်ကုန် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင်လည်း ပန်းဆယ်မျိုးပညာပြခန်းတစ်ခု ယခုတွင် ဖွင့်လှစ်ထားနိုင်ခဲ့သည်ကို တွေ့ရပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက အားထုတ်၍ တိမ်မြုပ်ပျောက်ကွယ်လုမတတ်ဖြစ်နေသော ပန်းဆယ်မျိုးပညာရပ်များ၊ ညှိုးနွမ်းနေသော အနုပညာပန်းများ ရှင်သန်လန်းဆန်းလာစေရေး အထိုက်အလျောက် အောင်မြင်ခဲ့ကြောင်း တွေ့ရပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွဲ့စည်းပေးထားသော မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ကြီး ၂၀၁၂ ခုနှစ်က အမှုဆောင်အသစ် တာဝန်ယူလွှဲပြောင်းပြီး မကြာမီမှာပင် ရိုးရာပန်း၁၀မျိုး ကိုယ်စားပြု ရိုးရာပန်းအစည်းအရုံးအမည်မှ ပန်းချီ ပန်းပုနှစ်မျိုးတည်းပါဝင်သော အဖွဲ့အဖြစ် အမည်ပြောင်းခဲ့ပါသည်။

ယခုအခါ အမည်ပြောင်းထားသော ပန်းချီ၊ ပန်းပု အမှုဆောင်အဖွဲ့သစ် တာဝန်လွှဲပြောင်းရန် စီစဉ်နေသည့် အချိန်မျိုးတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ယွန်းပညာကောလိပ် (ပုဂံ)ကဲ့သို့ ရိုးရာပန်းဆယ်မျိုး ထိန်းသိမ်းစောင့်ရှောက် ပြန့်ပွားအောင်ဆောင်ရွက်ရေးရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ကို ပြန်လည်ဖွဲ့စည်းရန် ဆောင်ရွက်သင့်ပါကြောင်းနှင့် ၁၉၉၆ ခုနှစ်က မန္တလေးဆင်ဖြူကန်ကွင်းတွင် ကျင်းပခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု ပန်း ၁၀မျိုးပြပွဲပြိုင်ပွဲကြီးမျိုး ကျင်းပနိုင်ရေးဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ယခုအခါ အမည်ပြောင်းထားသော ပန်းချီ၊ ပန်းပု အမှုဆောင်အဖွဲ့သစ် တာဝန်လွှဲပြောင်းရန်စီစဉ်နေသည့်အချိန်မျိုးတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ယွန်းပညာကောလိပ် (ပုဂံ)ကဲ့သို့ ရိုးရာပန်းဆယ်မျိုး ထိန်းသိမ်းစောင့်ရှောက်ပြန့်ပွားအောင် ဆောင်ရွက်ရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ကို ပြန်လည်ဖွဲ့စည်းရန် ဆောင်ရွက်သင့်ပါကြောင်းနှင့်. . .**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရိုတာဗိုင်းရပ်စ်ကြောင့်ဖြစ်

**ရန်ကုန် ဇွန် ၂၁**

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဗိုင်းရပ်စ်ပိုးများ၊ ဗက်တီးရီးယားပိုးများ၊ ကပ်ပါးပိုးမွှားများစသည့် ရောဂါပိုးများကြောင့် ဖြစ်ပွားရပြီး ငါးနှစ်အောက်ကလေးငယ်များတွင် ဖြစ်ပွားသည့် ပြင်းထန်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ရိုတာဗိုင်းရပ်စ်ကြောင့်ဖြစ်ကြောင်း၊ အာဟာရမပြည့်ဝသော ကလေးများတွင် ဖြစ်နိုင်ခြေပိုများသည့်အတွက် အာဟာရသင့်တင့်မျှတစွာ ကျွေးရန်လိုအပ်ကြောင်း ဇွန် ၁၉ ရက်က (ParkRoyal) ဟိုတယ်၌ ပြုလုပ်ခဲ့သည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ကလေးများနေ့ကို ကြိုဆိုသောအားဖြင့် ပြုလုပ်သော ငါးနှစ်အောက်ကလေးငယ်များတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ ဟောပြောပွဲမှသိရသည်။




"အချို့ အမေတွေက ကလေးငယ်တွေ ဝမ်းလျှောတာနဲ့ နို့တိုက်တာတို့ အစာကျွေးတာတို့ကို လျှော့ပစ်တတ်ကြတယ်။ အဲဒီအခါ ကလေးက အာဟာရမပြည့်တော့ ပိုပြီးဆိုးလာတယ်။ ဒါကြောင့် ကလေးငယ်တွေကို နို့ဆက်တိုက်ပါ၊အစာဆက်ကျွေးပါ ဒါအရေးကြီးတယ်" ဟု ကလေးအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာစောဝင်းက ပြောသည်။

ထိုသို့ ငါးနှစ်အောက်ကလေးများတွင် ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် ရေကိုကျိုချက်သောက်သုံးသင့်ကြောင်း၊ အစာမစားမီနှင့် အိမ်သာတက်ပြီးတိုင်း ကလေးကို သန့်ရှင်းစွာ ပြုလုပ်ပေးရမည်ဖြစ်ပြီး လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောပေးရမည်ဖြစ်ကြောင်း၊ ယင်လုံအိမ်သာအသုံးပြုသင့်ကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ယင်ကောင်မှတစ်ဆင့် ကူးစက်သည့်အတွက် အစားအစာများကို စနစ်တကျ ဖုံးအုပ်ထားသင့်ကြောင်း၊ သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်သင့်ကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ပါက ဓာတ်ဆားရည်တိုက်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ကမ္ဘာပေါ်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် ဆေးရုံတက်ရသည့် ငါးနှစ်အောက်ကလေးငယ် အားလုံး၏ ၄၀ရာခိုင်နှုန်းခန့်သည် ရိုတာဗိုင်းရပ်စ်ကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် ငါးနှစ်အောက်ကလေးငယ် ဆေးရုံတက်ရမှု ၅၂ ရာခိုင်နှုန်းမှာ ရိုတာဗိုင်းရပ်စ်ကြောင့်ဖြစ်ကြောင်း၊ WHO မှ ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးကို ကလေးများအား တိုက်ကျွေးရန် တိုက်တွန်းထားကြောင်းနှင့် ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးကို အနည်းဆုံး နိုင်ငံပေါင်း ၈၀ ၏ တိုးချဲ့ကာကွယ်ဆေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် စစ်တမ်းများအရ ကမ္ဘာတစ်ဝန်းရှိ ငါးနှစ်အောက်ကလေးငယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဒုတိယအဖြစ်များကြောင်း ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုနှုန်းသည် ငါးသိန်းကျော်ရှိကြောင်း ဟောပြောပွဲမှ သိရသည်။

**(သီသီမင်း)**

# လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ သေနတ်လုယူစဉ် ကျည်ပေါက်ထွက်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၂၁**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဗလမင်းထင်တံတားအနီး၌ ဇွန် ၂၀ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် လူတစ်စုက တံတားလုံခြုံရေးယူထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ သေနတ်လုယူစဉ် ကျည်ပေါက်ထွက်မှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံးခဲ့မှုနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းအမျိုးမျိုးဖြစ်ပေါ်လျက်ရှိသည်။

ဖြစ်စဉ်ကိုစိစစ်ရာ ဇွန် ၂၀ ရက် ည ၉ နာရီခန့်က မြစ်ကြီးနားမြို့နေ မောင်စီစာရပ်၊ မောင်ဝင်းမျိုးသန့်၊ မခွေးခွေးနှင့် မနန်းလေးတို့ လေးဦးသည် ဆိုင်ကယ်ဖြင့် ဝိုင်းမော်မြို့နယ် မိုင်းနားဘက်ခြမ်းမှ ဗလမင်းထင်တံတားကိုဖြတ်သန်းပြီး မြစ်ကြီးနားဘက်သို့ပြန်လာစဉ် စီတာပူရပ်ကွက်သို့အရောက် အမည်မသိလူရှစ်ဦးက ၎င်းတို့စီးနင်းလာသည့် ဆိုင်ကယ်ကိုလုယူရန် နှောင့်ယှက်သဖြင့် ၎င်းတို့က ဗလမင်းထင်တံတားလုံခြုံရေးဂိတ်သို့ ရောက်ရှိလာပြီး အကူအညီတောင်းခံခဲ့ရာ လုံခြုံရေးစစ်သည်နှစ်ဦးက စိတ်ချရသည့်နေရာအထိ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။


ဗလမင်းထင်တံတားအနီး နှောင့်ယှက်ခံရသည့် ဒေသခံပြည်သူများအား အဖြစ်မှန်စစ်ဆေးမေးမြန်းစဉ်။

၎င်းလုံခြုံရေးစစ်သည်နှစ်ဦး တာဝန်ကျနေရာသို့ ပြန်လာစဉ် အမည်မသိလူရှစ်ဦးက စစ်သည်နှစ်ဦးအား လုံးထွေးထိုးကြိတ်ခဲ့ပြီး သေနတ်ကို လုယူစဉ် စစ်သည်တစ်ဦးကိုင်ဆောင်သော သေနတ်မှ ကျည်ပေါက်ထွက်ပြီး လူအုပ်စုအနက်မှ တစ်ဦးမှာ ကျည်ထိမှန်သေဆုံးခဲ့ကာ ကျန်လူများ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ စစ်သည်နှစ်ဦးတွင်လည်း ဖူးရောင်ဒဏ်ရာများရရှိခဲ့ပြီး နယ်မြေခံတပ်၌ ဆေးကုသမှုခံယူလျက်ရှိရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်လေးခုတွင် စည်းကမ်းချက်နှင့်မညီသော အရက်၊ ဘီယာဆိုင်များအား အရေးယူ

**ရန်ကုန် ဇွန် ၂၁**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း ခရိုင်အလိုက် မှုခင်းဖြစ်ပွားမှုအများဆုံးဖြစ်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သန်လျင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် ဒုစရိုက်မှုများပပျောက်ရေး၊ ဒုစရိုက်မှုကျူးလွန်လေ့ရှိသူများ ခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် ဇွန် ၁၅ ရက်မှစတင်၍ Pilot Project ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး ကြိုတင်ကာကွယ်မှုအနေဖြင့်လည်း ဖမ်းဆီးအရေးယူလျက်ရှိသည်။

ယင်းသို့ကြိုတင်ကာကွယ်မှုများတွင် အရေးယူဆောင်ရွက်ခဲ့သည့်အနက် ရောင်းချခွင့်လိုင်စင်မရှိသော၊ လိုင်စင်စည်းကမ်းချက်နှင့်မညီသော အရက်၊ ဘီယာရောင်းချသည့်ဆိုင်များကို စစ်ဆေးရှာဖွေ၍ ယစ်မျိုးအက်ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ရာ စီမံချက်စတင်သည့်ရက်မှ ဇွန် ၂၁ ရက်အထိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၂၁ မှု၊ ကမာရွတ်မြို့နယ်တွင် လေးမှု၊ သန်လျင်မြို့နယ်တွင် ၁၆ မှုနှင့် လှိုင်သာယာမြို့နယ်တွင် ၁၆ မှုတို့ အရေးယူဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှသိရသည်။ **(ကြေးမုံ)**

# ကောင်းမြတ်မန်း ခရီးသည်တင်ယာဉ်မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဇွန် ၂၁**
ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၆၃/၇) နှင့် (၆၄/၀) အကြား၌ ဇွန် ၂၁ ရက် နံနက် ၁ နာရီခန့်က ကောင်းမြတ်မန်း ခရီးသည်တင်ယာဉ် မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း အောင်မျိုးဦး မောင်းနှင်လာသော 5E/---- ကောင်းမြတ်မန်း ခရီးသည်တင်ယာဉ်သည် ဥဿျစ်ကုန်း အမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၆၃/၇) နှင့် (၆၄/၀) အကြား၌ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ဘာရီယာတုံးကိုတိုက်ကာ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိရပ်တန့်ခဲ့သည်။ ယာဉ်ပေါ်ပါသူ ငါးဦးစလုံး ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ အခင်းဖြစ်ပွားရာသို့ ဥဿျစ်ကုန်း အမြန်လမ်းမကြီးရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင် ၁၅ ဦး၊ မီးသတ်တပ်ဖွဲ့(အမြန်လမ်း)မှ တပ်ဖွဲ့ဝင် ငါးဦးတို့က သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ပြီး ယာဉ်မောင်းအား ဥပဒေနှင့်အညီ အရေးယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




# သဃ်န်းကျွန်းမြို့နယ်၌ဖြစ်ပွားသော လူသတ်မှု အချိန်တိုအတွင်းဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၁**
ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ ကိုကျော်ရဲနိုင်သည် ဇွန် ၂၀ ရက် ညနေ ၅ နာရီခွဲတွင် အလုပ်မှနေအိမ်သို့ပြန်လာရာ နေအိမ်တိုက်ခန်းအောက်သို့ရောက်ရှိစဉ် မိခင် ဒေါ်ခင်မြဝင်း(၅၃)နှစ်အား တိုက်အဝင်လှေကားတံခါးသော့တောင်းရန် ဖုန်းဆက်သွယ်မရသဖြင့် အိမ်နီးချင်းဖြစ်သူထံမှ သော့တောင်း၍ နေအိမ်သို့ဝင်ရောက်ခဲ့ရာ နေအိမ်နောက်ဖေး ရေချိုးခန်းအတွင်း၌ မိခင်ဖြစ်သူအား မျက်နှာဝဲဘက်ပြတ်ရှ ဦးခေါင်းသွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရ၍ သဃ်န်းကျွန်းမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် ရဲစခန်းက (ပ)၅၇၆/၂၀၁၆ ဖြင့် အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် သဃ်န်းကျွန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းကာ အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်ကိုစုံစမ်းခဲ့ရာ ယင်းနေ့နံနက် ၁၀ နာရီခန့်က အခင်းဖြစ်တိုက်ခန်းပေါ်တွင် ဆူညံသံများကြားရပြီး "ဆရာမရယ်မလုပ်ပါနဲ့"ဟု အော်ဟစ်ပြောဆိုသံများကြားရကြောင်း၊ တိုင်တန်းသူအား ဆရာမဆိုသူများနှင့် ဆက်စပ်သည့်သတင်းကို မေးမြန်းစုံစမ်းခဲ့ရာ ၂၀၀၇ ခုနှစ်ခန့်မှစတင်၍ ကျောင်းဆရာမ ဒေါ်အေးအေးမော်ဆိုသူနှင့် အဆက်အသွယ်ရှိကြောင်း သတင်းအတည်ပြုရရှိခဲ့သည်။

အမှုစစ်အဖွဲ့မှ ဒေါ်အေးအေးမော်(ခ)အင်ကြင်းခိုင်၏ လိပ်စာကို အဖွဲ့များခွဲ၍ စုံစမ်းဆောင်ရွက်ခဲ့ရာ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အနော်ရထာလမ်းတွင် နေထိုင်ကြောင်းသိရ၍ ည ၁၀ နာရီခွဲတွင် သွားရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင်မတွေ့ရှိဘဲ တစ်လမ်းတည်းနေ ၎င်း၏ မွေးစားသမီးဖြစ်သူနေအိမ်သို့ သွားရောက်ရှာဖွေရာ သမီးဖြစ်သူ မကျော့ကေခိုင်(ခ)ချစ်ပုနှင့် သားမက်ဖြစ်သူ ညီညီလင်းတို့ကိုသာတွေ့ရှိခဲ့ပြီး မကျော့ကေခိုင်(ခ)ချစ်ပု၏ ယာလက်ချောင်းများတွင် ဒဏ်ရာအနည်းငယ်ရရှိထားသည်ကိုတွေ့ရှိသဖြင့် ရဲစခန်းသို့ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်ကိုစစ်ဆေးစဉ် ပြစ်မှုကျူးလွန်သူကျန်ရစ်ခဲ့သော ကြယ်ပုံနှစ်ခုပါ ဘဲဥပုံ(ရွှေအတု) လော့ကက်သီးကို မွေးစားသမီးဖြစ်သူ မကျော့ကေခိုင်ထံပြသရာ ၎င်းပစ္စည်းမှာ မွေးစားမိခင်၏ပစ္စည်းဖြစ်ကြောင်း ဝန်ခံသဖြင့် ဒေါ်အေးအေးမော် သွားလာတတ်ရာနေရာများကိုမေးမြန်းရာ ၎င်း၏မိခင်ဖြစ်သူမှာ တောင်ဥက္ကလာပမြို့နယ် စိန်တောင်ကြီးဟိုတယ်သို့ သွားရောက်တည်းခိုလေ့ရှိကြောင်း သိရသဖြင့် ည ၁၁ နာရီခွဲတွင် ပူးပေါင်းအဖွဲ့က ၎င်းဟိုတယ်သို့ သွားရောက်ရှာဖွေရာ အခန်းအမှတ် (၂၁၅)တွင် ဒေါ်အေးအေးမော်အား အင်ကြင်းခိုင်အမည်ဖြင့် ကျော်ကျော်ဆိုသူနှင့်အတူ တည်းခိုနေထိုင်လျက်ရှိသည်ကိုတွေ့ရ၍ ၎င်းတို့အား ရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

အမှုနှင့်ပတ်သက်၍ ဒေါ်အေးအေးမော်(ခ)အင်ကြင်းခိုင်၊ မကျော့ကေခိုင်(ခ)ချစ်ပုနှင့် ညီညီလင်းတို့ကိုစစ်ဆေးရာ ၎င်းတို့သုံးဦးသည် ဇွန် ၂၀ ရက် နံနက် ၉ နာရီခန့်တွင် နေအိမ်မှထွက်လာခဲ့ပြီး သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်စံပြ (၅)လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်တွင် သားမက်ဖြစ်သူ ညီညီလင်းကိုထားခဲ့ကာ စံပြ(၅)လမ်း အခင်းဖြစ်တိုက်ခန်းရှိ ဒေါ်ခင်မြဝင်းထံ အကြွေးသွားတောင်းမည်ဟုပြောဆို၍ သမီးဖြစ်သူ မကျော့ကေခိုင်(ခ)ချစ်ပုနှင့်အတူ ထွက်ခွာခဲ့ကြောင်း၊ နေအိမ်ပေါ်အရောက်တွင် ရရန်ရှိသောအကြွေးငွေ သိန်း ၃၀ တောင်းခံရာမှ တစ်ဦးနှင့်တစ်ဦး အချေအတင်စကားများကြပြီး ဒေါ်အေးအေးမော်(ခ)အင်ကြင်းခိုင်က ဒေါ်ခင်မြဝင်းကို စတင်ရိုက်နှက်ရာ ဒေါ်ခင်မြဝင်းက ဖုန်းအားသွင်းကြိုးဖြင့် လည်ပင်းကို ရစ်ပတ်ဆွဲသဖြင့် မကျော့


ဒေါ်အေးအေးမော်(ခ)အင်ကြင်းခိုင်နှင့် မကျော့ကေခိုင်(ခ) ချစ်ပုတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ကေခိုင်(ခ)ချစ်ပုက ဝင်ရောက်ရိုက်နှက်ခဲ့ကြောင်း၊ ဒေါ်ခင်မြဝင်းက နောက်ဖေးမီးဖိုမှ ဓားမယူဆောင်၍ခုတ်ရာ မကျော့ကေခိုင်(ခ)ချစ်ပု၏ ယာဘက်လက်ချောင်းတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဒေါ်အေးအေးမော်(ခ)အင်ကြင်းခိုင်က ဒေါ်ခင်မြဝင်းကို ရေချိုးခန်းအတွင်းသို့တွန်းလှဲကာ လည်ပင်းနှင့်ပါးများကို ဓားမဖြင့် ထိုးခုတ်ခဲ့ကြောင်း၊ ယင်းနောက် သမီးဖြစ်သူအား အိပ်ခန်းအတွင်းမှ ခေါင်းအုံးယူခိုင်းကာ ဒေါ်ခင်မြဝင်း၏မျက်နှာကို အသက်ရှူရပ်သည်အထိ ဖိထားပြီး ဒေါ်ခင်မြဝင်းဝတ်ဆင်ထားသော ရွှေဆွဲကြိုးနှင့် လက်ကောက်သုံးကွင်းကိုဖြုတ်ယူ၍ လက်ဖက်ရည်ဆိုင်မှ သားမက်ဖြစ်သူကို ခေါ်ဆောင်ပြီး နေအိမ်သို့ပြန်လာခဲ့ကြကြောင်း၊ ရွှေဆွဲကြိုးနှင့် ရွှေလက်ကောက်တို့ကို မွန်းလွဲ ၂ နာရီခန့်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက် စည်ပင်လမ်း အမှတ်(၉၉)ရှိ "ပို့ပို့" အပေါင်ဆိုင်နှင့် ငွေချေးလုပ်ငန်းသို့ သွားရောက်၍ မကျော့ကေခိုင်၊ ညီညီလင်းတို့နှင့်အတူ ငွေကျပ် ၂၁ သိန်းဖြင့် ပေါင်နှံခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံရွှေထည်ပစ္စည်းများကို မူလပုံမပျက်ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူ ဒေါ်အေးအေးမော်(ခ)အင်ကြင်းခိုင် (၄၆)နှစ်နှင့် မကျော့ကေခိုင်(ခ)ချစ်ပု (၂၆)နှစ်တို့အား အခင်းဖြစ်ပွားပြီး လာရောက်တိုင်တန်းသည့် ည ၇ နာရီခွဲမှစတင်၍ လေးနာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ပြီး အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

**(ကြေးမုံ)**

# မန္တလေးတွင် တစ်သောင်းတန်ငွေစက္ကူဖြင့် ဆေးလိပ်ဝယ်ရာမှ ငွေစက္ကူအတုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**မန္တလေး ဇွန် ၂၁**
မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် ကုန်စုံဆိုင်တစ်ခု၌ ဇွန် ၂၀ ရက် ည ၇ နာရီခွဲခန့်က လူငယ်နှစ်ဦးသည် တစ်သောင်းတန် ငွေစက္ကူဖြင့် ဆေးလိပ်ဝယ်ယူရာမှ ငွေစက္ကူအတုများဖြစ်၍ စစ်ဆေးဖော်ထုတ်ရာ ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိခဲ့ကြောင်း တိုင်းရဲတပ်ဖွဲ့မှ သိရသည်။

တစ်သောင်းတန် ငွေစက္ကူအတု သုံးရွက်နှင့် ဆေးလိပ်ဝယ်နေကြောင်း သတင်းပေးချက်အရ အမှတ်(၄) နယ်မြေရဲစခန်းမှ လှည့်ကင်းရဲတပ်ဖွဲ့နှင့် တွေ့ရှိခြင်းဖြစ်သည်။

၎င်းတို့အား စစ်ဆေးမေးမြန်းရာ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂) ရပ်ကွက်နေအိမ်တွင် ကွန်ပျူတာဖြင့် ငွေစက္ကူအတုပြုလုပ်ခဲ့ကြောင်း၊ တစ်သောင်းတန်ငွေစက္ကူအတုနှင့် အက္ခရာနံပါတ်များပါသည့် A-4 ရောင်စုံစက္ကူတစ်ရွက်နှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ အတုပြုလုပ်သူများသည့် သာမန်ကာလာမိတ္တူစက်နှင့် စက္ကူကို အသုံးပြုကာ တစ်သောင်းတန်ငွေစက္ကူအတု ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဗဟိုဘဏ်မှထုတ်လုပ်သည့် တစ်သောင်းတန်ငွေစက္ကူထက် အလျားတူသော်လည်း အနံသေးငယ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟုဆိုသည်။

ငွေကျပ်တစ်သောင်းတန် အတုပြုလုပ်သူ ကိုဝင်းမင်းဟိန်း(ခ) ကိုဟိန်း (၂၆)နှစ်နှင့် ညီဖြစ်သူ ကိုဂျင်ဟိန်း(ခ)ဂျိမ်း (၂၃)နှစ်တို့အား (ပ)၁၁၅/၂၀၁၆/၂၀၁၃ ခုနှစ် ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ အရ အမှတ်(၄)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဗြိတိသျှကောင်စီက ဥရောပသမဂ္ဂဘဏ္ဍာငွေ အထောက်အပံ့ဖြင့် My Justice စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၂၁**
လူမှုမိတ်ဖက်အဖွဲ့အစည်းများကို ၎င်းတို့၏ ဒေသအသီးသီးတွင် တရားမျှတမှု လက်လှမ်းမမီသူများအတွက် ပိုမိုထိရောက်သော ရပ်ရွာအခြေပြု တရားမျှတရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဖော်ဆောင်နိုင်ရန် အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ၏ မြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု လက်လှမ်းမီရေး ဆောင်ရွက်သည့် My Justice စီမံကိန်းမှ သိရသည်။

My Justice ကို ဥရောပသမဂ္ဂမှ ယူရိုသန်း ၂၀ အထောက်အပံ့ဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ လေးနှစ်တာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

My Justice စီမံကိန်း၏ ပထမဆုံး မိတ်ဖက်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ်၌ ကျင်းပသည်။

My Justice မှ ဒုတိယအဖွဲ့ခေါင်းဆောင်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာ အကြံပေးဖြစ်သူ Mr.Jason Potter က " စီမံကိန်းရဲ့ အဓိကမဟာဗျူဟာတစ်ရပ်ကတော့ ဒေသခံတွေရဲ့ တရားမျှတမှုဆိုင်ရာ လိုအပ်ချက်တွေကို သိရှိနားလည်ဆုံးဖြတ်တဲ့ ဒေသခံလူမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါအခမ်းအနားတွင် My Justice စီမံကိန်းအကောင်အထည်ဖော်ရာတွင် ရပ်ရွာအခြေပြုမိတ်ဖက်အဖွဲ့အစည်းများအတွက် ရရှိနိုင်သော ငွေကြေးအထောက်အပံ့ဆိုင်ရာအခွင့်အလမ်းများအကြောင်း မိတ်ဆက်ခဲ့သည်။

လက်ရှိတွင် My Justice က ပရိုဂရမ် ဂရန့်(Programme Grant) နှင့် ပရောဂျက် ဂရန့် (Project Grant)ဟူ၍ ငွေကြေးအထောက်အပံ့အစီအစဉ်နှစ်မျိုးကို အကောင်အထည်ဖော်သွားမည် ဖြစ်သည်။ ပရိုဂရမ် ဂရန့်မှာ ၁၈ လမှ ၂၄ လအထိ ကြာမြင့်နိုင်သော စီမံကိန်းများအတွက်ဖြစ်ကာ ပရောဂျက် ဂရန့်မှာ ၁၂ လမှ ၁၅ လအထိ ကြာမြင့်နိုင်သော စီမံကိန်းများအတွက် ဖြစ်ကြောင်း သိရသည်။

ယခု ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ စီမံကိန်းများကို ဦးစားပေး ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။ My Justice မှ ငွေကြေးအထောက်အပံ့ဆိုင်ရာ အခွင့်အလမ်းများအတွက် အဆိုပြုလွှာများကို ဇွန် ၃၀ ရက်မှ စတင်မည်ဖြစ်ကာ လိုအပ်သည့် အဆိုပြုလွှာပုံစံများကို www. myjusticemyanmar. org တွင် ရယူနိုင်ကြောင်း၊ စိတ်ဝင်စားသည့် လူမှုမိတ်ဖက်အဖွဲ့အစည်းများမှ ၎င်းတို့၏ အဆိုပြုလွှာများကို ဇူလိုင် ၂၈ ရက် နောက်ဆုံးထား၍ My Justice အဖွဲ့သို့ တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်း ၄၀ ကျော်မှ ကိုယ်စားလှယ်များ အိမ်နီးချင်းနိုင်ငံများမှ အတွေ့အကြုံရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ကြုံတွေ့နေရသည့် တရားရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြတ်စန္ဒီသင်းဇော်)**



ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးကဏ္ဍများ တိုးတက်မြင့်မားရေးအတွက် နည်းပညာအကူအညီပေးနိုင်ရေးနှင့် Master Plan ရေးဆွဲရန်အတွက် ကိုရီးယားနိုင်ငံ KRC Delegations မှ ကျွမ်းကျင်ပညာရှင်များအဖွဲ့သည် ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖျာပုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေး၍ ဘန့်ဘွေးစုကျွန်းပတ်တာ၊ ဇင်းဘောင်ကျွန်းပတ်တာနှင့် ကြက်ဖမွေးဖောင်းကျွန်းပတ်တာများသို့ ကွင်းဆင်းသုတေသနပြု လေ့လာကြစဉ်။ (သပြေထွန်း)

# မယူတောင်တန်းအနီးရှိ ကျေးရွာများသို့ တောဆင်ရိုင်းများ မကြာခဏ ဝင်ရောက်

**မောင်တော ဇွန် ၂၁**
ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ မယူတောင်တန်းနှင့် ထိစပ်နေသော ကျေးရွာများသို့ တောဆင်ရိုင်းများ မကြာခဏ ဝင်ရောက်နေကြောင်း သိရသည်။

တောဆင်ရိုင်းများသည် ကျေးရွာများတွင် စိုက်ပျိုးထားသည့်စပါးခင်းများအပါအဝင် သီးနှံပင်များကို ဝင်ရောက်စားသောက်လေ့ရှိပြီး တစ်ခါတစ်ရံ နေအိမ်များကိုပါ ဖျက်ဆီး၍ လူများကိုပါ ရန်ရှာလေ့ရှိကြောင်း ဒေသခံများက ပြောသည်။

"တောထဲမှာ ဆင်တွေစားဖို့ အစားအစာတွေ ရှားပါလာတဲ့အတွက် ရွာမှာ စိုက်ထားတဲ့ သီးနှံပင်တွေကို လာစားတာလို့ ထင်ပါတယ်။ ဆင်တွေက တစ်ခါတလေကျရင် အိမ်တွေကို ဖျက်ဆီးတတ်ပါတယ်"ဟု မောင်တောမြို့နယ် အောင်ဇေယျကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

မောင်တောခရိုင်အတွင်းရှိ ကျေးရွာများတွင် တောဆင်ရိုင်းများ ဝင်ရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိလာသည့်အတွက် တောဆင်ရိုင်းများ ဝင်ရောက်လာမည်ကို စိုးရိမ်သဖြင့် ညအချိန်တွင်ရွာသားများ စုပေါင်း၍ ကင်းစောင့်နေရကြောင်း ဒေသခံများက ပြောသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မယူတောင်တန်းတွင် တောဆင်ရိုင်းများ အများဆုံး နေထိုင်ကျက်စားလေ့ရှိပြီး မယူတောင်တန်းနှင့် ထိစပ်နေသည့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း တောဆင်ရိုင်း ဝင်ရောက်မှုများ ရှိခဲ့ဖူးသည်။

**(သုတ)**

# မိုးစပါးများစိုက်ပျိုးရာတွင် ရေအလုံအလောက်ရရှိနိုင်မှုကို တွက်ချက်ကာ စိုက်ပျိုးသင့်

**ရေတာရှည် ဇွန် ၂၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ၁၅ ရက်ခန့် မိုးအဆက်မပြတ်ရွာသွန်းခဲ့၍ မိုးစပါးစိုက်တောင်သူများ လုပ်ငန်းခွင်ဝင်ရောက်နေသည်ကို နေရာအနှံ့အပြားတွင် မြင်တွေ့နေရသည်။ မိုးစပါး စိုက်ပျိုးသည့်အခါ ကျွဲ၊ နွားများကို အသုံးပြုခြင်းထက် စက်ကိရိယာများကို သုံးစွဲခြင်းကြောင့် လုပ်ငန်းမြန်ဆန်၍ အချိန်တိုတွင်း စိုက်ပျိုးပြီးစီးနိုင်ကြသော်လည်း မိုးဆက်၍ရွာသွန်းခြင်း မရှိလျှင် စိုက်ပျိုးပြီးသည့် စပါးစိုက်ခင်းများအတွက် အောင်ရေရရှိနိုင်မှုနည်းပါးကာ အခက်အခဲကြုံတွေ့နိုင်ကြောင်း တောင်သူများက သုံးသပ်လျက်ရှိသည်။



"အခုအချိန်ကတော့ မိုးရွာလို့ စပါးစိုက်ကြတာ။ အချို့ဆို ပြီးလုတောင်ဖြစ်နေပြီ။ ဒါပေမယ့် မိုးဆက်မရွာရင် တောင်သူတွေ အခက်တွေ့နိုင်တယ်။ အခုတောင် နေပူပြီး မိုးမရွာတော့လို့ ရေတွေခန်းကုန်ပြီ"ဟု အင်ကြင်းကုန်းကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မိုးစပါး စိုက်ပျိုးရာတွင် ပျိုးပင်ထောင်စိုက်ပျိုးခြင်းထက် အချိန်နှင့် ကုန်ကျစရိတ်သက်သာသော အစေ့ကြဲပက်ခြင်းတို့ဖြင့်သာ စိုက်ပျိုးကြကာ လက်ရှိအများဆုံး စိုက်ပျိုးသည့် စပါးမျိုးမှာ သက်ရင့်စပါးများသာ အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရှိရသည်။ **ကိုလွင်(ဆွာ)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ထီးချိုင့် ဇွန် ၂၁**
ကျေးလက်နေပြည်သူများ ဘဝမြင့်မားရေးရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျေးလက်နေပြည်သူများ မြို့နှင့်ဆက်သွယ်သွားလာရေးလွယ်ကူစေရန် လမ်းတံတားများ တည်ဆောက်ပေးခြင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကုက္ကိုကုန်းရွာ ဘုန်းတော်ကြီးကျောင်းဝင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူနေမျိုးက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးဗိုလ်မင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

"အခုလို စက်ချုပ်သင်တန်း ဖွင့်လှစ်ပေးလို့ ကျွန်မတို့ အခုဝတ်ထားတဲ့ အင်္ကျီလေးတွေ ကျွန်မတို့ကိုယ်တိုင် ချုပ်နိုင်ပါပြီ။ မိသားစုဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းနိုင်တာကြောင့် အခွင့်အလမ်းလည်း ပိုမိုရရှိနိုင်ပါတယ်။ သင်တန်းဖွင့်ပေးတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ အဆင့်မြင့်သင်တန်းတွေလည်း ဆက်လက်ဖွင့်လှစ်ပေးပါ။ ကျွန်မတို့ရွာကို စက်ချုပ်သင်တန်းဖွင့်ပေးသလို တခြားရွာတွေကိုလည်း ဖွင့်လှစ်ပေးပါ"ဟု သင်တန်းသူ မသဇင်မိုးက ပြောသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူနေမျိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗိုလ်မင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ သင်တန်းသူများ တက်ရောက်ကြပြီး အဆိုပါသင်တန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ပံ့သည့် အထောက်အကူပြုပစ္စည်း အပ်ချုပ်စက် ၁၀ လုံးဖြင့် မေ ၁ ရက်မှ ဇွန် ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်

**ဇွဲမာန်(ထီးချိုင့်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်(ရွှေဈေး) ၈၀၆၀၀၀ - ၈၀၆၀၀၀ မန္တလေး(ရွှေဈေး) ၈၀၅၅၀၀ - ၈၀၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၅ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၈၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၁ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၀၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၄၃. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၀. ၁၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၆၆၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၁. ၇၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၄၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၄၁. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၁၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၅. ၂၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၂. ၂၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် ကြေးမုံဖတ်ကြည့်ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်သည် စာအုပ်ထုတ်ဝေမှု သတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချဉ်ခြင်းကို တစ်ဖက်တစ်လမ်း ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

**ကျော်စောမင်း**

## အပျိုး

ဖတ်ကြည့်သည် အဖတ်နှင့် အကြည့် နှစ်မျိုးစလုံးအတွက် နယ်ပယ်စုံကို စူးစမ်းခဲ့ကြောင်း ဟန်သစ်မဂ္ဂဇင်း (၁၉၉၀-၂၀၀၀) ပရိသတ်များ မှတ်မိကြပါလိမ့်မည်။ ယခုလည်း ဤလမ်းကိုပင် လျှောက်ပါမည်။ သို့သော် အကြည့်အတွက် ပုံမှန်တာဝန်တစ်ခု ထမ်းဆောင်သလိုမျိုးတော့ ထမ်းဆောင်လိမ့်မည် မဟုတ်ပါကြောင်း ကြိုတင်ပြောပြထားလိုပါသည်။

မိမိကိုယ်တိုင်ရေး စာအုပ်များကို ကိုယ်ပိုင်ထုတ်ဝေပြီး ကိုယ်တိုင် ဖြန့်ချိရောင်းချနေသူတစ်ဦးနှင့်တွေ့၍ အံ့သြစရာသတင်းတစ်ခု ကြားလိုက်ရသည်။ စာအုပ်ဖြန့်ချိနှုန်းမှာ ၃၅ ရာနှုန်း အပေါင်း ၁၀၀ (၃၅ ရာခိုင်နှုန်း + ၁၀၀ ကျပ်)တဲ့။ အနှောင့်ဈေးဟု တစ်ချိန်က ခေါ်ခဲ့သော ထုတ်ဝေသူ၏ သတ်မှတ်ဈေးကို အခြေခံခြင်းဖြစ်သည်။ ဆိုပါစို့ စာအုပ်တန်ဖိုးက ကျပ် ၂၀၀၀ ဆိုလျှင် ဖြန့်ချိခက ၈၀၀ ကျပ် (၃၅ ရာခိုင်နှုန်း + ၁၀၀)။ ထိုစာအုပ်အတွက် စာရေးဆရာ၏ စာမူခမှာ များသောအားဖြင့် ၁၀ ရာခိုင်နှုန်း၊ တစ်ခါတစ်ရံ ၁၅ ရာခိုင်နှုန်းမျှသာဖြစ်ရာ စာရေးသူက တစ်အုပ်အတွက် ၂၀၀ ကျပ်မှ ၃၀၀ ကျပ်အထိသာ ရနေချိန်မှာ ဖြန့်ချိသူက ၈၀၀ ကျပ် ရနေသည်။ အချို့စာအုပ်တိုက် (နည်းပါးလှစွာသော အနည်းစု ဖြစ်ပါသည်)များက စာရေးဆရာအတွက် ပေးရမည့်စာမူခကို ဖြန့်ချိခ နုတ်ထားသော တန်ဖိုးဖြင့် တွက်သည်။ စောစောက ပြောခဲ့သော ဥပမာအတွက် ၂၀၀၀ ကျပ်တန် စာအုပ်ကို ၁၂၀၀ ကျပ်ဖြင့် ပေးရလေရာ ၁၀ ရာခိုင်နှုန်းဖြင့် စာချုပ်ထားသော စာရေးဆရာခမျာ စာမူခ တစ်အုပ်လျှင် ကျပ် ၁၂၀ မျှသာ ရတော့သည်။

စာပေဈေးကွက်ပျက်သည်ဟု ဆိုကြပါ၏။ ဤမျှ ကြားလူက အဖွဲ့ကြီးကြီးကိုက်ယူနေပြီး ရုပ်မြင်သံကြားတို့၊ Facebook တို့ကပါ အပေါ်စီးမှ ယှဉ်ပြိုင်လာနေချိန်တွင် စာအုပ်ဈေးကွက် ပျက်စပြုလာရသည်မှာ နည်းတောင်နည်းသေးဟု ပြောရပါတော့မည်။ ထိုအထဲတွင် သတင်းစာကြော်ငြာခက အမယ်လေး တရလောက်အောင် ကြီးသည်။ စာတိုက်မှ စာပို့ခက မစဉ်းစားရဲလောက်အောင် မြင့်မားသည်။

တစ်ချိန်က စာအုပ်ထုတ်ဝေသူတွေအတွက် ကိုးကွယ်ရာတစ်ခုဖြစ်ခဲ့သော VPP စနစ်ကလည်း အဆင်မပြေတော့ပေ။ VPP ဆိုသည်မှာ value payable parcel စနစ်ဖြစ်သည်။ စာအုပ်ဈေးက ၂၀၀၀၊ စာတိုက်ခက ၁၀၀ ဆိုလျှင် မှာယူသူက ၂၁၀၀ ကျပ်ဖြင့် စာပို့လုလင်ထံမှာ သို့မဟုတ် စာတိုက်မှာ ရွေးယူရုံပင်ဖြစ်သည်။ စာအုပ်ဖိုးက ၂၀၀၀၊ ပို့ခက ၁၀၀၀ ဖြစ်နေပါလျှင် ဘယ်သူက ရှာယူဖတ်ရှုချင်ပါတော့မည်နည်း။

ဤဖြစ်စဉ်၏ မူလလက်သည်မှာ ပေါ်လစီဖြစ်၏။ ဘယ်ဌာနမဆို အမြတ်အစွန်းရအောင် လုပ်၊ ကိုယ့်ဘတ်ဂျက်အတွက် ဝင်ကူနိုင်သလောက် ရှာပေးစေ ဟူသော မူကို ချသောအခါ Service Department ခေါ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေ အထိခိုက်ခံရပါတော့သည်။ ဝင်ငွေများများရအောင် လုပ်ဟု မူချလိုက်သောအခါ (ထုံးစံအတိုင်းပင်) ပြည်သူ့အပေါ် ဝန်ထုပ်ကြီး ပိလာပါတော့သည်။ အမြန်ချောပို့စနစ်ကို ရိုးရိုး စာတစ်စောင်အတွက် တစ်ကျပ်တန် တံဆိပ်ခေါင်းကပ်ရသော ခေတ်တွင် စတင်ခဲ့သည်ဟု ထင်ပါသည်။ ဤအခြေအနေတွင် အမြန်ချောပို့ခသည် ၅ ကျပ်ထက် မပိုသင့်ပါ။ နှစ်ဆယ့်လေးနာရီအတွင်း အရောက်ပို့ပေးပါမည်ဟု ဆိုပြီး (သို့သော် ကတိတည်လှသည် မဟုတ်ပါ) အာမခံထားသောကြောင့်သာ သုံးစွဲရသော်လည်း ဈေးကြီးလှပါသည်။ ထို့ပြင် ပဲခူးလည်း ၅၀ ကျပ်၊ လားရှိုးလည်း ၅၀ ကျပ် ဆိုသည်မျိုးက မမှန်ကန်။ အဝေးဆုံး ဈေးအကြီးနိုင်ဆုံးကို တွက်ချက်ပြီး ထိုနှုန်းဖြင့် တစ်ပြေးညီ လုပ်လိုက်သည့်အခါ စားသုံးသူတွေ နစ်နာကြသည်။ ဘယ်နိုင်ငံမှာပဲ ကြည့်ကြည့် အမြန်ချောပို့ခေါ် express mail ကို အကွာအဝေးဖြင့်သာ တွက်သည်။ ရိုးရိုးစာတစ်စောင် တစ်ကျပ် ဆိုလျှင် အမြန်ချောက မိုင် ၁၀၀ အထိ ငါးကျပ်၊ မိုင် ၂၀၀ အထိ ရှစ်ကျပ်၊ မိုင် ၃၀၀ အထိ ၁၀ ကျပ်၊ မိုင်လေးရာအထိ ၁၂ ကျပ် ဆိုတာမျိုးပဲ ဖြစ်သင့်သည်။ ပြည်သူကို ဝန်ဆောင်မှုပေးရမည့် အစိုးရဌာနတစ်ခုသည် ဝန်ဆောင်မှု (ပြည်သူတို့၏ ပြေလည်မှု)ကိုပဲ ဦးစားပေးရမည် ဖြစ်သည်။ ဦးထိပ်ရွက်ရမည် ဖြစ်သည်။ အမြတ်ငွေအဓိကဟူသည်မှာ စီးပွားရေးလုပ်ငန်းတို့၏ လုပ်ကွက်ဖြစ်ရာ အစိုးရ၏ ဝန်ဆောင်မှုဌာနတစ်ခုသည် စီးပွားရေးသမားများ၏ အမြီးကို ဆွဲလိုက်မနေသင့်ပေ။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဌာနသည် ပြည်သူ့ဘက် မျက်နှာပြန်လှည့်ဖို့ လိုနေသည်။ ပြည်သူယုံကြည်အားထားမှုကိုလည်း ပြန်လည်တည်ဆောက်ယူရပါလိမ့်မည်။

စာဖတ်အား မြင့်တက်လာရေးမှာ လွယ်လွယ်နှင့်လုပ်၍ရသော ဖြစ်စဉ် (process) မဟုတ်။

(က) တက္ကသိုလ်အထိ သင်ရိုးတွင် ရသစာပေကို လေးစားကြည်ညိုတတ် ချစ်တတ်လာအောင် သင်ကြားလေ့ကျင့်ပေးမည့် သင်ရိုးမျိုး ရေးဆွဲယူရမည်။

(ခ) အပြင်စာဖတ်ပြီး ကျောင်းစာနှင့် ရောစပ်အသုံးပြုတတ် ဖြေဆိုတတ်သူများကို တန်ဖိုးထားသော စာမေးပွဲစနစ် ဖြစ်လာစေရမည်။


(ဂ) စာသင်ချိန် ၇ နာရီနှင့် သွားချိန်ပြန်ချိန် စုစုပေါင်း ၁ နာရီထက် ပိုမဖြုန်းရသော ပညာရေးအနေအထားရှိရမည်။ အိမ်ပြန်ရောက်လျှင် ကျူရှင်အတွက် ပြန်ထွက်ရသော၊ သို့မဟုတ် အိမ်တွင်း ကျူရှင်ယူနေရသော အဖြစ်မျိုး မရှိစေရ။

(ဃ) အားကစား၊ အနုပညာ၊ ဝါသနာစူးစိုက်ရာအတွက် တစ်ပတ်လျှင် ၅ နာရီ အချိန်ပေးနိုင်သည့် စီမံချက်မျိုး ရှိနေရမည်။

(င) ရုပ်မြင်သံကြား စသော ဖျော်ဖြေမီဒီယာများတွင် စာအုပ်မိတ်ဆက်








ခြင်း၊ စာပေအရသာ ခံစားပြခြင်း၊ မျက်မှောက်စာပေခေတ်၏ ရုပ်ပုံကို မှန်မှန်တင်ဆက်ပေးခြင်း၊ ပြည်သူပိုင် မီဒီယာများတွင် စာအုပ်စာပေမိတ်ဆက်ကဏ္ဍများ ထည့်သွင်းပေးခြင်း။

(စ) စာနယ်ဇင်းများ ဖြန့်ချိရေးတွင် သက်သာမြန်ဆန်စေရန်အတွက် စာတိုက်ဝန်ဆောင်ခများကို လျော်ကန်သင့်မြတ်သည့် နှုန်းရောက်သည်အထိ လျှော့ချပေးခြင်း။

(ဆ) ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပိုင် စာကြည့်တိုက်များသို့ ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဝင်/ထွက်နိုင် ဖတ်ရှုနိုင်ရေးအတွက် စီမံခြင်းနှင့် ထိုစာကြည့်တိုက်များက ဝယ်ယူမည့် စာအုပ်အမျိုးအစား ခွဲတမ်း (quota) သတ်မှတ်ပေးခြင်း၊ ဘတ်ဂျက် အလုံအလောက်ချပေးခြင်း။

(ဇ) ပြည်တော်သာခေတ်ကကဲ့သို့ပင် အလယ်တန်းကျောင်းများမှစ၍ ကျောင်းတွင်းစာကြည့်တိုက် ထူထောင်ပေးခြင်းနှင့် စာနယ်ဇင်းများ ပံ့ပိုးပေးခြင်း။

ဤသည်များမှာ ကျွန်တော် ဉာဏ်မီသလောက် ရေးပြခြင်းဖြစ်ပါသည်။ ဤစီမံချက်များတွင် မြန်မြန်ထက်ထက် အကောင်အထည်ဖော်ရလွယ်သည်များ ပါရှိသကဲ့သို့ အချိန်ယူပြင်ဆင်ပြီးမှ ပြိုင်တူလုပ်ဆောင်ရမည့် စီမံချက်များ ပါရှိပါသည်။ ရက်ပေါင်း ၁၀၀ မျှဖြင့် ပဒေသာပင်ကြီး ပေါက်လာလိမ့်မည်ဟု ထင်နေလျှင်တော့ အလွန်မှားပါလိမ့်မည်။

## ကဗျာ

မြန်မာကဗျာဟု ဆိုလိုက်လျှင် ကာရန်ဆိုသော စကားလုံးကို ကြားယောင်လာတတ်ကြပါသည်။ ပုဂံခေတ်မှ ကိုလိုနီခေတ် (အတိအကျ ပြောရလျှင် ကိုလိုနီခေတ်ကိုလွန်၍ လွတ်လပ်ရေးရအပြီး ခရစ်နှစ် ၁၉၇၀ အထိ) တွင် မြန်မာကဗျာ၏ အသက်မှာ ကဗျာအမျိုးအစားအလိုက် သတ်မှတ်သော ကာရန်စနစ်ရှိခြင်းဖြစ်၏။

ကာရန်မပါအောင် တမင်ရေးနေရတယ်ဟု တွင်တွင်သုံးလာကြသည်မှာ ၁၉၉၀ ဝန်းကျင်တွင် ဖြစ်၏။ ထိုစဉ်ကပင် အသံညီခြင်းနှင့် ကာရန်ကို အတူတူထင်နေကြသည့် ကိစ္စအား ကျွန်တော် အကြိမ်ကြိမ်ရှင်းပြခဲ့ဖူးပါပြီ။ စွန်း/လွန်း/ ကွန်း သည် ကာရန်မဟုတ်ပါ။ ကာရန်ညီခြင်း (ဝါ) အသံနှင့် အသတ်ညီခြင်းမျှသာ ဖြစ်ပါသည်။ ဝဏ္ဏကာရန်၊ ပဒကာရန်နှင့် ဝါကျကာရန် ဟူသော ကာရန်သုံးပါးကို သိလျှင် ရှင်းပါသည်။ ဝဏ္ဏဆိုသည်မှာ စာလုံးတစ်လုံးချင်းကို ခေါ်သည်။ ကာရန်က ကာရ+အန္တမှ လာသည်။ အက္ခရာကာရတို့၏အဆုံး (အဆုံးသံ) ဖြစ်သည်။ ရွာရိပ်ဝန်းကျင် ဟူသော လေးလုံးတွင် ဝဏ္ဏကာရန် လေးလုံးရှိသည်။ အာ ကာရန်/ အိပ် ကာရန်/ အန်း ကာရန်/ အင်ကာရန်တို့ဖြစ်သည်။ ဝဏ္ဏကာရန်ကို သိလျှင် စာလုံးတိုင်းမှာ ကာရန်ရှိသည့် သဘောကို သိနိုင်ပါသည်။ ဒီလိုမျိုးနဲ့ ရေစီးမှာ ဘဝတွေ မျောပါသွားသည်ကို ကြည့်လျှင် စာလုံးတိုင်းတွင် ဝဏ္ဏကာရန်ရှိနေသည်ကို သိမည်။

သို့သော် ယနေ့ ယူဆနေကြသည်ကား ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်းမှ အိုးကာရန်တို့ မဲဇာတောင်ခြေ၊ စီးထွေထွေတည့်၊ မြစ်ရေဝန်းလည်မှ အေကာရန်တို့ကို ကာရန်ဟုခေါ်သည်ဟူ၍ ဖြစ်နေသည်။ အမှန်တော့ ကာရန်ညီခြင်း (အသံညီခြင်း၊ အသတ်ညီခြင်း ဆိုသည့် rhyme) သဘောမျှသာ ဖြစ်ပါသည်။

ပင်လယ်ဝသို့ လှေကလေးနှင့် ထွက်ခဲ့တယ် ဆိုသည့် ဆရာဒဂုန်တာရာ၏ ၁၉၅၀ တစ်ဝိုက်ကာရန်ယူပုံမျိုးကို မမျှော်လင့်သော ကာရန်ယူပုံစနစ် (ဝါ) အလန့်တကြား ကာရန်ယူပုံစနစ်ဟု ကျွန်တော်သုံးနှုန်းလိုပါသည်။ လှေတစ်စင်းရယ်နဲ့၊ မြစ်တွင်းစုန်အဆန်ပေါ့ ဆိုသော ဆရာတင်မိုး၏ ရှေးမူကာရန်ယူပုံနှင့် ယှဉ်ကြည့်ပါ။

ကာရန်ညီအောင်လုပ်နေလျှင် ကဗျာ၏ ကျစ်လျစ်မှုကို ထိခိုက်ရာမှ ကဗျာဆရာ၏ အရည်အသွေးကိုလည်း ကျဆင်းစေသည်ဟု ယူဆလာကြသူများက ကာရန်ညီခြင်းကို အဓိကမထားသော ကဗျာသစ်မျိုးကို စမ်းသပ်လာကြသည်။ ထိုကဗျာမျိုးကို မြန်မာကဗျာသစ်၊ မြန်မာမော်ဒန်ကဗျာဟု ခေါ်လိုက်ကြသည်။ ခရီးကိုတွက်လျှင် ၄၆ နှစ် ရှိခဲ့ပြီ။ ၁၉၇၀ နှစ်လယ်ပိုင်းတွင် သိဒ္ဓတ္ထလှိုင် (ယခုတော့ သုခမိန်လှိုင်)၏ ဂွန်လ၏မိုးရေများ ထွက်ခဲ့သည်။ နှစ်ကုန်ခါနီးတွင် အောင်ပြည့်၏ နေရစ်တော့ မြသီလာထွက်သည်။ မောင်ပန်းမွှေး၏ တစ်ခုသော ပန်းဥယျာဉ်လည်း ထိုတစ်ဝိုက်တွင် ထွက်သည်။ ထိုခရီးတစ်လျှောက်တွင် မြသန်းစံ၏ နေရစ်တော့ ယသော်ဓရာရယ်တို့၊ မောင်ချောနွယ်၏ ဆတ်သွားတို့ အပါအဝင် သတိထားလောက်စရာ ခေတ်ပေါ်ကဗျာသစ်များ အားကောင်းစွာ သီးပွင့်လာခဲ့၏။

ဂန္ထဝင် မြန်မာကဗျာကို ကာရန်စနစ်၊ ရသ ၉ ပါး၊ ဂုဏ် ၁၀ ပါးတို့လောက်နှင့် အကဲဖြတ်၍ ရနိုင်သည်။ ခေတ်ပေါ်ကဗျာကျတော့ အကဲဖြတ်သူတွင် ဤအခံမျှလောက်နှင့် မရနိုင်တော့ပေ။ ရစ်သမ်နှင့် ရေးပါသည်ဆိုသူများ၏ ကဗျာများကို နားလည်ရန် မြန်မာစကားလုံးတို့၏ ရစ်သမ်ကို ကြံဆကြည့်သူများ ပေါ်လာသည်။ အင်္ဂလိပ်စာတွင် stress သည် အရေးကြီး၏။ စကားလုံးတို့၏ သတ်မှတ်အဖိအဖော့ကိုသိမှ စကားပြော၍ရသည်။ မြန်မာစကား ဧကဝဏ္ဏသဘော အရင်းခံရှိ၍ ရစ်သမ်သတ်မှတ်၍ မရ။ အင်္ဂလိပ်ကဗျာတို့၏ ရစ်သမ်သဘောကို မြန်မာစာလုံးတို့၌ ယူသွင်း၍မရ။ (ယူသွင်းကြည့်ခြင်းမျိုးလည်း မရှိပါ။) စကားပြောရစ်သမ်ဟု သုံးနေကြသည့် cadence သဘောကိုသာ တွေ့ရပါလိမ့်မည်။ Cadence သည် intonation နှင့် ဆိုင်၏။ Syllabic stress ခေါ် မူသေ အဖိအဖော့နှင့် မဆိုင်။

မြန်မာကဗျာသစ် (ဝါ) မြန်မာခေတ်ပေါ်ကဗျာ စတင်စီးဆင်းခဲ့သည်မှာ ၄၆ နှစ် ရှိခဲ့ပါပြီ။ ယနေ့ တွေ့နေရသော ပုံနှိပ်ကဗျာ၊ အွန်လိုင်းကဗျာ အများကြီးမှာလည်း ခေတ်ပေါ်ဟန်ဖြင့်သာ ရေးထားကြခြင်းဖြစ်သည်။ အချို့ကဗျာများက ရုတ်တရက် သိလွယ်သော်လည်း လူလန်းတို့၊ ငြိမ်းဝေတို့လို ခေတ်ရှေ့ပြေးသူများ၏ ကဗျာများကိုကား အမီလိုက်ရခက်လှပါသည်။

ရွှေရတုပင်တိုင်တော့မည်ဖြစ်သော မြန်မာကဗျာသစ်ကို အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားကြရန် လွန်ခဲ့သော သုံးနှစ်ကပင် ကြိုးပမ်းခဲ့ကြသည်ဟု ကြားရပါသည်။ အမျိုးသားအဆင့်ဆိုတော့လည်း ခိုင်မာသောမူ မသတ်မှတ်ဘဲနှင့် မရ။ ဆုရကဗျာတွေက ဘယ်နေရာမှာ ဘယ်လိုကောင်းသည် ဆိုခြင်းကိုတော့ အခိုင်အမာ ပြောပြရပေလိမ့်မည်။

ထိုပုဂ္ဂိုလ်ကြီးများအတွက် အထောက်အကူ ဖြစ်လိုဖြစ်ငြားဆိုပြီး ရသမျှ ရှာဖွေဖတ်ရသည်။ ဖတ်မိတော့မှပင် အနှိုက်ခက်လှသော ရတနာသိုက်ကြီး ဖြစ်နေကြောင်း သိလာရသည်။ နှင်းဆီဖြူဂျာနယ်မှ ကဗျာဆောင်းပါးများ ဆိုလျှင် သေသေချာချာ ဖတ်သည့်တိုင် ကိုယ်နားမလည်တာတွေက အများစု ဖြစ်နေပြီး ထိုသီအိုရီများ၊ စံနှုန်းများဖြင့် မြန်မာခေတ်ပေါ် ကဗျာတစ်ပုဒ်ကို ခံစားဝေဖန်ပြခြင်းများ ပြုလုပ်ပေးနိုင်ကြပါစေဟုသာ ဆုတောင်းနေရတော့သည်။ ကျိန်းသေသည့် အချက်တစ်ခုကတော့ ကဗျာချစ်သူတွေ စုပြီး နှီးနှောဖလှယ်ကာ ခေတ်ပေါ်ကဗျာ၏အလှကို ဆွဲထုတ်ပြသပေးမည့် ဆွေးနွေးပွဲကြီးတစ်ခု လိုအပ်နေပြီဆိုသော အချက်ပင်။

# ဘိန်းအစားထိုးသီးနှံ နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပင်များ ပေးအပ်

**လင်းခေး ဇွန် ၂၁**

၂၀၁၆-၂၀၁၇ ခုနှစ် ဘိန်းအစားထိုးသီးနှံ နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပင်များ ပေးအပ်သည့်အခမ်းအနားကို ယမန်နေ့ နံနက်၈ နာရီခွဲက လင်းခေးခရိုင် လင်းခေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူက အမှာစကားပြောကြားပြီး လင်းခေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစမြင့်သိန်း(လက်ထောက် ညွှန်ကြားရေးမှူး)က ဘိန်းအစားထိုး သီးနှံများပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပုလဲသွယ်စပါး နှစ်ချင်းမျိုးစေ့ ဧက ၈၀ နှင့် နှစ်ရှည်(ပျားလိမ္မော်ပင်) ဧက ၅၀ အတွက် ပျိုးပင်များ၊ ပြောင်း(ရေဆင်း-၁၀)နှင့် ပုလဲခတ်မြေသြဇာများကို လင်းခေးမြို့ရှိ တောင်သူများအား ပေးအပ်ရာ တောင်သူ ၇၀ တို့က လက်ခံရယူကြသည်။




အခမ်းအနားသို့ လင်းခေးမြို့နယ် အုပ်ချုပ်ရေးမှူး၊ လင်းခေးခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဒေသခံ တောင်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားမစတင်မီ စိုက်ပျိုးရေးဝန်ထမ်းများက ၂၀၁၆-၂၀၁၇ ခုနှစ် ဘိန်းအစားထိုးသီးနှံများအကြောင်း သိကောင်းစရာနှင့် စိုက်ပျိုးနည်းစနစ် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

# ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးအသစ် စတင်ထိုးနှံခြင်းအသိပေးဆွေးနွေးပွဲ ပဲခူး၌ကျင်းပ

**ပဲခူး ဇွန် ၂၁**

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ် (Pneumococcal Conjugate Vaccine -PCV) စတင်ထည့်သွင်းထိုးနှံခြင်း အသိပညာပေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာကိုဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသီဟက ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးထိုးနှံခြင်းအကြောင်း အသေးစိတ်ရှင်းလင်းပြီး တက်ရောက်လာသူများနှင့် သိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေးအား ကလေးအသက် နှစ်လအရွယ်မှ စတင်ထိုးနှံနိုင်ပြီး ကာကွယ်ဆေးထိုးခြင်းဖြင့် ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ သွေးတွင် ဗက်တီးရီးယားအဆိပ်တက်ခြင်း စသည့် ပြင်းထန်ရောဂါများနှင့် နားအလယ်ခန်းရောင်ခြင်း၊ နှာခေါင်းလေအိတ်ရောင်ခြင်း၊ လေပြွန်ရောင်ခြင်း စသည့် ရောဂါများကို ကာကွယ်နိုင်မည်ဖြစ်ကာ ဇူလိုင် ၁ ရက်မှစ၍ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုတွတ်(မြန်/ဆက်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇွန်လ(၁၀)ရက်နေ့မှ (၁၈)ရက်နေ့အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဗန်းမော်ညိုနွဲ့ | ကဗျာပေါင်းချုပ်(၂) | ၅၀၀၀ိ/- | ကျားချောင်း |
| ၂ | ပါရဂူ | နိဗ္ဗာန် | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | အောင်မင်းဘိတ် | မှန်ကန်သော အင်္ဂလိပ်အသံထွက်များ | ၂၅၀၀ိ/- | Momentum |
| ၄ | မောင်မောင်လှိုင် | စိတ်ကြိုက်ကျန်းမာရေး-၂ | ၂၀၀၀ိ/- | Perfect |
| ၅ | ဦးလှမြင့် | မြန်မာနိုင်ငံ၏တွင်းထွက်သယံဇာတများ | ၇၀၀၀ိ/- | စိတ်ကူးချိုချို |
| ၆ | ရောင်နီသစ် | ကောင်းကင်သစ်ဖွင့်လှစ်ခြင်း | ၃၀၀၀ိ/- | GlobalpieceGroup |
| ၇ | ရဲမာန်အောင် | ပြည်တွင်းရွှေဈေးကွက်ရွှေပန်းထိမ်ရွှေအကြောင်း | ၃၀၀၀ိ/- | GlobalpieceGroup |
| ၈ | ခက်နွယ်(နတ္တလင်း) | ဓမ္မစာပန်းချီနှင့် ကျွန်ုပ်ဘဝမှတ်စုမှတ်တိုင်များ | ၂၅၀၀ိ/- | နိုင်ငံဂုဏ်ရည်စာပေ |
| ၉ | မောင်ခင်မင်(ဓနုဖြူ) | မွေးရပ်မြေအလွမ်းလက်ဆင့်ကမ်းအမွေ | ၂၅၀၀ိ/- | ဇွန်ပွင့် |
| ၁၀ | ဦးသိန်းဝင်း | အာဆီယံပညာသင်ဆု | ၅၀၀၀ိ/- | |
| ၁၁ | ရဲစတိုင်း | ကြိုက်သလောက်ဖတ်၊ကြိုက်သလောက်ရယ် | ၇၀၀ိ/- | စိတ်ကူးချိုချို |
| ၁၂ | ဇော်ဇော်အောင် | သမ္မတအဖြစ်စိတ်ကူး၍ပီတာဇော်မြင့် ရှုံးသွားခြင်း | ၃၀၀၀ိ/- | |
| ၁၃ | (မင်းသုဝဏ်၊ ဒလဘန်း၊ သားတက်တိုး) | မြန်မာစာပေနှင့်ကိုယ်ကျင့်တရား၊ အဘပေးခဲ့သည့် အမွေမောင်တို့၏အဖေ | ၁၀၀၀ိ/- | ပညာရတနာ |
| ၁၄ | ဦးတင်ဦး(ကျူရှင်) | လီကွမ်းယူ၏ အတွေးအခေါ် | ၃၀၀၀ိ/- | Wisdom House |
| ၁၅ | သတင်းထောက်ဝင်းမြင့်ကြီး | မြန်မာပြည်၏ ထိပ်တန်းလျှို့ဝှက်ပေါက်ကြားမှုကြီး | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၆ | ကျော်မောင်မောင် | အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ | ၁၀၀၀ိ/- | ယဉ်မျိုး |
| ၁၇ | ကျော်မောင်မောင် | မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ သား၊ သမီး၊ မြေးများ အမွေအကြောင်း သိကောင်းစရာ | ၁၅၀၀ိ/- | ယဉ်မျိုး |
| ၁၈ | The key | ကမ္ဘာသိပ္ပံပါရဂူများ | ၁၅၀၀ိ/- | The key |
| ၁၉ | ကြည်အေး | ပွင့်ဒင် | ၂၀၀၀ိ/- | ဆန်းစသော်တာ |
| ၂၀ | သိန်းဟန်(၁) | 24 lessons from the world's greatest (CEO) | ၂၅၀၀ိ/- | သိန်းဟန်(၁) |
| ၂၁ | မြသန်းတင့် | စကြဝဠာတိုက်တစ်သောင်း | ၂၀၀၀ိ/- | တိုးမြစ် |
| ၂၂ | သစ္စာနီ | ကမ္ဘာကျော် အိပ်ရာဝင်ပုံပြင်များ | ၅၅၀၀ိ/- | ကံကော်ဝတ်ရည် |
| ၂၃ | နီကိုရဲ | အလွဲပေါင်းချုပ် | ၆၀၀၀ိ/- | ငါတို့စာပေ |
| ၂၄ | ကဖိုးသီ | ရာဇဝင်မှာ ထားခဲ့မယ်နှင့်ဘီလူးတစ်ကောင် | ၁၀၀၀ိ/- | စိတ်ကူးသစ် |
| ၂၅ | ဆရာဦးခန့်ကျော် | ဆေးဖက်လည်းဝင်၊ စားလို့လည်းကောင်း၊ လှလှလည်သွားမယ့် အသုပ်စုံကောင်းကောင်း | ၁၀၀၀ိ/- | ခန့်ကျော်စာပေ |
| ၂၆ | ကိုစိုင်း | အခြေခံဂစ်တာတီးခတ်နည်း | ၃၅၀၀ိ/- | Smart စာပေ |
| ၂၇ | လူသာမန် | အဟောင်းကောင်၊ အလွမ်းကောင်၊ ကမ္ဘာကနှင်ချခံထားရတဲ့ကောင် | ၁၅၀၀ိ/- | စံပယ် |
| ၂၈ | အောင်ဘညို | တောမီး | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၂၉ | သားအေးည | သင်္ခါရတစ္ဆေ | ၃၀၀၀ိ/- | ဇွန်ပွင့် |
| ၃၀ | ရဲကျော်မြင့် | မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသမီး နိုင်ငံခြားရေးဝန်ကြီး (သို့မဟုတ်) မျှော်လင့်ခြင်းမီးအိမ် | ၁၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၃၁ | ကျော်မောင်မောင် | ပြစ်မှုဆိုင်ရာကျင့်ထုံးအထူးနှင့်အထွေထွေဥပဒေများ | ၁၅၀၀ိ/- | ယဉ်မျိုး |
| ၃၂ | သပြေ | ခေတ်ရှေ့ကအလင်းများ | ၁၅၀၀ိ/- | ခတုလက်ာ |
| ၃၃ | ငြိမ်းချမ်းသာ | အမျိုး၊ ဘာသာ၊ သာသနာအတွက်လူငယ်တစ်ယောက်ရဲ့အသံ | ၁၀၀၀ိ/- | မန်းချောင်းစာပေ |
| ၃၄ | ကိုတာ | ရယ်ရွှင်ဖွယ်နှင့်အခြားစာတမ်းများ | ၁၅၀၀ိ/- | မုံရွေး |
| ၃၅ | ကိုတာ | သူငယ်ချင်းများနှင့်စကားစမြည်ပြောခြင်း | ၃၅၀၀ိ/- | မုံရွေး |
| ၃၆ | ကလောင်စုံ | နှလုံးသားရပ်ဝန်းဝတ္ထုတိုစုစည်းမှု | ၃၀၀၀ိ/- | ရွှေပ |
| ၃၇ | သာချို(ဟင်္သာတ) | ဘဝမှာဘာအရေးကြီးဆုံးလဲ | ၂၀၀၀ိ/- | GlobalpieceGroup |
| ၃၈ | သာချို(ဟင်္သာတ) | ဗုဒ္ဓနည်းကျ ဒီမိုကရေစီ | ၂၀၀၀ိ/- | GlobalpieceGroup |
| ၃၉ | ကလောင်စုံ | Myanmar Studies Journal No.6,June,2016 | ၅၀၀၀ိ/- | MKS publishing |
| ၄၀ | AungPyae | Who was Gandhi? | ၁၀၀၀ိ/- | စိန်မိုးယံ |
| ၄၁ | AungPyae | မမှောင်ခင်တွေ့ခဲ့ရသောဒိုင်နိုဆော | ၁၀၀၀ိ/- | စိန်မိုးယံ |
| ၄၂ | ကောင်းသန့် | ချစ်သောဆရာ/ဆရာမလေးများဖတ်ဖို့(၁) | ၁၈၀၀ိ/- | ကောင်းသန့် |
| ၄၃ | နေမျိုးကျော်စိုး | ဒီမိုကရေစီအကျိုးပြုဆောင်းပါးများစုစည်းမှု | ၃၀၀၀ိ/- | မုခစာပေတိုက် |
| ၄၄ | ထက်ကျော် | ငါးနှစ်လောက်မှန်ကြည့်ခဲ့တယ် | ၃၀၀၀ိ/- | မျိုးဆက်သစ် |
| ၄၅ | မောင်စင်ကြယ် | ကရင်နှင့်ဗမာထိပ်တိုက်ရင်ဆိုင်မှုပြဿနာ | ၃၅၀၀ိ/- | ကရင်အမျိုးသား |
| ၄၆ | ရီရီငွေး | သတိထားစရာကျောက်ကပ်ရောဂါ | ၂၀၀၀ိ/- | စိန်မိုးယံ |
| ၄၇ | ရဲထက် | တရုတ်စီမံခန့်ခွဲမှုနှင့်နိုင်ငံအုပ်ချုပ်ရေးရှိကျင့်ဖျင် | ၅၀၀၀ိ/- | အလင်းသစ် |
| ၄၈ | ဦးသန်းဖေ | အင်္ဂလိပ်ဘာသာသိစရာမှတ်စရာ-၂ | ၄၀၀၀ိ/- | လောကသစ် |
| ၄၉ | စိုးသိဏ်း | ရော့(ခ်)ဂီတလောကမှာ ထာဝရရှင်သန်နေမည့်သူများ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၅၀ | မင်းကျော်ဝင်း | အာဟာရဓာတ် | ၇၀၀၀ိ/- | သိမ့်ထိုက်စာပေ |
| ၅၁ | ကောင်းသာ-မြန်မာပြန် | သင်ရှေ့ဆုံးရောက်ရေးလုပ်ဆောင်ရမယ့်အချက်များ | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၅၂ | အရှင်သောဘိတ | ရဟန်းသံဃာတော်များနိုင်ငံရေးလုပ်သင့်၊မလုပ်သင့်နှင့် ဘာသာရေးဆိုင်ရာသိမှတ်ဖွယ်ရာများ | ၅၀၀ိ/- | စိုးစာပေ |
| ၅၃ | သန်းထွန်း(လှည်းကူး) | သင်္ဂဇာဆရာတော်၏စကားစဉ်လာဥပမာများ | ၅၀၀ိ/- | မိတ်ဆွေ |
| ၅၄ | လူပန့်ငယ် | အာဒမ်ရဲ့နံရိုး | ၂၃၀၀ိ/- | ရွက်စိမ်း |
| ၅၅ | အောင်မင်းဘိတ် | မှန်ကန်သောအင်္ဂလိပ်အသံထွက်များ | ၂၅၀၀ိ/- | Momentum Book Publishing |
| ၅၆ | တီချယ်လှိုင်-မြန်မာပြန် | ကမ္ဘာကျော်စာရေးကြီးချားဒစ်ကင်၏ဝတ္ထုအော်လစ်ဗာတွမ် | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၅၇ | မမကြီး-မြန်မာပြန် | အီတလီစတိုင်လ်ဟင်းလျာများနှင့်မုန့်လုပ်နည်းများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၅၈ | ဒေါက်တာအုန်းကျော် | ကြယ်ကြွေသောနှစ်နှင့်ကိုယ်တွေ့ဇာတ်လမ်းများ | ၂၅၀၀ိ/- | တံခွန်တိုင် |
| ၅၉ | ဝင်းဖေ | ဝင်းဖေ၊လွယ်အိတ်(ရေဒီယိုအသံလွှင့်ချက်များ(၃)+CD | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၆၀ | မျိုးမင်းထိုက် | ဘဝအောင်မြင်ရေးလက်ဆောင် | ၂၅၀၀ိ/- | ရန်အောင်(၂) |
| ၆၁ | ဧကန်မင်း | မဖဲဝါနှင့် လေလွင့်တစ္ဆေ | ၅၀၀ိ/- | မိတ်ဆွေ |
| ၆၂ | မြင်းသိန္ဓော | ငါဘယ်လိုလူစားလဲ | ၃၀၀၀ိ/- | မြင်းသိန္ဓော |
| ၆၃ | အောင်ဘုန်းခိုင် | ဒဿနအလင်္ကာ | ၁၀၀၀ိ/- | ဝေဘူလစာပေ |
| ၆၄ | ပန်းချီ-မျိုးမာန် | ကလေးရဟန္တာများ(၂) | ၁၅၀၀ိ/- | မြင့်မိုရ်မေမေ |
| ၆၅ | တက်တိုး | ကမ္ဘာကျော်စာရေးဆရာကြီးများ(၁) | ၃၀၀၀ိ/- | တက်တိုး |
| ၆၆ | ခင်မောင်နှင်း (ကျောက်ပန်းတောင်း) | ဒို့ဘုရားသာသနာ ၅၀၀၀ ပဲလားနှင့် ဘာသာရေးဆောင်းပါးများ | ၁၅၀၀ိ/- | |
| ၆၇ | ပြည့်ကျော်ကျော် | အလွယ်တကူလေ့လာကလေးများအတွက် ဂဏန်းသင်္ချာ+ Whiteboard Marker | ၂၅၀၀ိ/- | KKH |
| ၆၈ | ဂျူနီယာဝင်း | အမေးနှင့်အဖြေစွယ်စုံကျမ်း-၂၀၁၅ | ၃၀၀၀ိ/- | ရန်အောင်စာပေ |
| ၆၉ | SCHOLASTC | MONSTER HOUSE | ၁၅၀၀ိ/- | လမ်းပြကြယ် |
| ၇၀ | တင်ညွန့် | အဖေ့စကားလောကကျင့်ဝတ်များ | ၃၀၀၀ိ/- | ညီနောင်စာပေ |
| ၇၁ | မောင်ဝင့်သူ | လူတိုင်းအတွက် အိတ်ဆောင်ဘဝလမ်းညွှန် | ၁၅၀၀ိ/- | ထွန်းဖောင်ဒေးရှင်း |
| ၇၂ | လမင်းမောင်မောင် | တိမ်ရောင်စုံကောင်းကင်ကြီးရဲ့အောက်က ကစားပွဲများ(ဝတ္ထုတိုစု) | ၂၅၀၀ိ/- | လမင်းစာအုပ်တိုက် |
| ၇၃ | အောင်အောင်(IR) | အချဉ်နှင့်အခြားဆောင်းပါးများစုစည်းမှု | ၄၅၀၀ိ/- | ငြိမ်းချမ်းရေး |
| ၇၄ | ညီညီနိုင် | ကြွယ်ဝချမ်းသာခြင်းကို ရယူခြင်း | ၂၀၀၀ိ/- | မြရတနာ |
| ၇၅ | လူထုစိန်ဝင်း | လူငယ်နှင့်တာဝန်ယူစိတ် | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၇၆ | စိုးစံ | လုပ်ငန်းခွင်ဝင်ရန်အတွက် အင်တာဗျူးပြင်ဆင်နည်းလမ်းညွှန် | ၂၂၀၀ိ/- | Knowledge Bridge |
| ၇၇ | နန်းနန္ဒာ | အလီဘာဘာနှင့်ခိုးသားလေးဆယ် | ၁၂၀၀ိ/- | ပန်းဆက်လမ်း |
| ၇၈ | နန်းနန္ဒာ | ရေသူမလေးအေရီရယ် | ၁၂၀၀ိ/- | ပန်းဆက်လမ်း |
| ၇၉ | နန်းနန္ဒာ | ကိုမြို့ကြွက်နှင့်တောကြွက် | ၁၂၀၀ိ/- | ပန်းဆက်လမ်း |
| ၈၀ | နန်းနန္ဒာ | ဘဲရုပ်ဆိုးလေး | ၁၂၀၀ိ/- | ပန်းဆက်လမ်း |
| ၈၁ | နေမင်းသူ | မြန်မာနိုင်ငံ၏စီးပွားရေးသူရဲကောင်းများ | ၃၀၀၀ိ/- | i Myanmar House |
| ၈၂ | မောင်ကြည်ဝင်း(ထားဝယ်) | လျှုလိုက်လျှင်ကုန်သွားမှာလား | ၂၀၀၀ိ/- | ပါရမီစာပေ |
| ၈၃ | ကျွန်းစဉ်မြေစောခက် | ပြန်လမ်းမဲ့ခရီးသည်နှင့်မဂ္ဂဇင်းဝတ္ထုတိုများ | ၂၀၀၀ိ/- | ဘဝပင်လယ်စာပေ |
| ၈၄ | ဦးဟန်ညွန့်(ဥပဒေ) | သတင်းသမားမြင့်မားဂုဏ်ရည် ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင်သတင်းဆောင်းပါးများ | ၁၀၀၀ိ/- | ကောင်းသန့်စာပေ |

အသစ်ထွက်ရှိသောစာအုပ်စာရင်းများကိုစာပေလောက (၂)၊ စာပေနန်းတော်၊ အင်းဝစာအုပ်ဆိုင်များမှ အချက်အလက်များစုဆောင်းပြီး နေ့အလိုက်ဖော်ပြပေးခြင်းဖြစ်ပါသည်။ ပိုမိုတိကျစွာထည့်သွင်းဖော်ပြပေးစေလိုပါက မိမိတို့ထုတ်ဝေထားသော အသစ်ထွက်ရှိသောစာအုပ်တစ်အုပ်အား မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ ရုံးအဖွဲ့မှူးအမှတ်-၂၆၃၊ သိမ်ဖြူလမ်း၊ YMCAအဆောက်အဦး၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉၃၀၀၀၂၃၁၁ သို့ ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။

# ရင်သွေးငယ်များ၏ အနာဂတ်နှင့်ပတ်သက်ပြီး ဖွင့်ဟခဲ့သည့် ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီ



ဘီဘီစီ၏ Woman's Hour အစီအစဉ်တွင် ဧည့်သည်တည်းဖြတ်သူအဖြစ် ဆောင်ရွက်ပေးနေသူ ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီက ၎င်း၏ရင်သွေးငယ်ကလေးများ၏ အနာဂတ်နှင့်ပတ်သက်ပြီး ၎င်းတို့အားလုံးသည် သရုပ်ဆောင်ဘက်ကို စိတ်ဝင်စားမှုမရှိဘဲ ကလေးငယ်အချို့သည် ဂီတပိုင်းကို စိတ်ဝင်စားနေသည်ကိုတွေ့ရကြောင်း ပြောကြားခဲ့သည်။

"သူတို့ကိုကြည့်ရတာ ရုပ်ရှင်သရုပ်ဆောင်ဘက်ကို သိပ်စိတ်ဝင်စားတယ်မထင်ဘူး။ ဒါပေမယ့် သူတို့ကို အကဲခတ်ဖို့ကတော့ အလွန်ငယ်ပါသေးတယ်။ သူတို့ထဲက မတ်ဒ်ကတော့ တည်းဖြတ်ခြင်းကို စိတ်ဝင်စားပါတယ်"ဟု ဂျိုလီက ဆိုသည်။

ထို့အပြင် ဘာသာစကားသင်ယူမှုဘက်တွင်လည်း ကလေးငယ်များအနေဖြင့် အချို့မှာ ကမ္ဘောဒီးယားဘာသာစကား၊ အချို့က ဗီယက်နမ်နှင့် ဂျာမန်ဘာသာစကားများကို စိတ်ဝင်စားသည်ကိုတွေ့ရကြောင်း သိရသည်။

ဘီဘီစီ၏ Radio 4 မှ သောကြာနေ့တိုင်း ထုတ်လွှင့်သည့် Woman's Hour အစီအစဉ်တွင် ဧည့်တည်းဖြတ်သူအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကလေးခြောက်ယောက်၏ မိခင် ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီက ဒုက္ခသည်များ၏အရေးကိစ္စများနှင့်ပတ်သက်ပြီး အထူးအလေးထားဆွေးနွေးလျက်ရှိကြောင်း သိရသည်။

# နာမည်ကြီး အန်နီမေးရှင်းဇာတ်ကားများကို ရုပ်ရှင်အဖြစ် ဆိုနီမှ ပြန်လည်ပုံဖော်သွားမည်

အနုပညာဆိုင်ရာဆုပေါင်းများစွာရရှိထားပြီး ပရိသတ်များ၏ လက်ခံအားပေးမှုတစ်ခဲနက်ရရှိခဲ့သည့် ဇာတ်ကားများဖြစ်သော Hotel Transylvania၊ Ghostbusters၊ Ghostbusters နှင့် Smurfs အန်နီမေးရှင်းဇာတ်ကားများကို ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးက လူသရုပ်ဆောင်များဖြင့် ပြန်လည်ရိုက်ကူးကာ ၂၀၁၈ ခုနှစ်တွင် ရုံတင်ပြသသွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆိုနီအနေဖြင့် Smurfs: The Lost Village ဇာတ်ကားကို ဒမ်မီလိုဗာတို၊ ဂျိုမန်ဂါနီယယ်လို၊ ရိန်းဝီလ်ဆန် စသည့် သရုပ်ဆောင်များဖြင့် ပြန်လည်ရိုက်ကူးသွားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဧပြီလဆန်းတွင် ရုံတင်ပြသသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အန်နီမေးရှင်းဗင်ပိုင်းယားဇာတ်ကားတစ်ခုဖြစ်သည့် Hotel Transylvania ဇာတ်ကား၏ တတိယမြောက်ဇာတ်လမ်းတွဲအဖြစ် Hotel Transylvania 3 ဇာတ်ကားကို မင်းသမီး ဆီလီနာဂိုမက်ဇ်နှင့် မင်းသား အဒမ်ဆန်ဒလာတို့က ခေါင်းဆောင်ပါဝင်သွားမည်ဖြစ်သည်။ ယင်းဇာတ်ကားကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




# တရုတ်ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်ရန် မသေချာသေးသည့် ကေပေါ့ပ်ကြယ်ပွင့် ဆိုးဟွန်း

ကေပေါ့ပ်အဖွဲ့ Girls' Generation မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆိုးဟွန်းက တရုတ်ရုပ်ရှင်လောကအထိခြေဆန့်ကာ တရုတ်ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းသတင်းများထွက်ပေါ်ခဲ့မှုကို ၎င်း၏ အေဂျင်စီဖြစ်သည့် အက်စ်အမ်အင်န်တာတိန်းမန့်မှ ငြင်းဆိုခဲ့သည်။

ဆိုးဟွန်း၏ အေဂျင်စီဖြစ်သည့် အက်စ်အမ်အင်န်တာတိန်းမန့်အနေဖြင့် ဆိုးဟွန်းသည် တရုတ်ဒရမ်မာဇာတ်ကားသစ်တွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သွားမည်ဆိုသော သတင်းစကားများထွက်ပေါ်လာခဲ့မှုကို ဇွန် ၂၀ ရက်က ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

"အခုအချိန်ထိ ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်ဖို့ လာရောက်ကမ်းလှမ်းထားတာတွေရှိပါတယ်။ နောက်ဆုံးအဆင့် ဆွေးနွေးနေတုန်းပဲရှိပါသေးတယ်။ ဆိုးဟွန်းအနေနဲ့ကလည်း ဘာမှအတည်ပြုထားတာမရှိသေးပါဘူး။ ဆွေးနွေးမှုတွေ လုပ်နေတုန်းပါ"ဟု အဆိုပါ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ပေါ့ပ်တေးသံရှင် ဆိုးဟွန်းအနေဖြင့် တရုတ်-ကိုရီးယား ပူးတွဲထုတ်လုပ်မည့် အကြမ်းဖျင်း Hwapokcheonwang ဟု အမည်ပေးထားသည့် ဇာတ်ကားတွင်ပါဝင်ရန် ကမ်းလှမ်းခံထားရပြီး နောက်ဆုံး ဆုံးဖြတ်ချက် မချရသေးကြောင်း သိရသည်။

ဆိုးဟွန်းသည် ဩဂုတ်လကုန်ပိုင်းတွင် ပြသမည့် Scarlet Heart: Ryu ဇာတ်ကားတွင် မင်းသမီးတေးသံရှင် အိုင်ယူ၊ မင်းသား လီဂျွန်ဂီတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းသည်

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂- ၆ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညပိုင်း**

၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ
"စိတ်ဒဏ်ရာအပေါက်များ"
၆း၂၀ - ကာတွန်းအစီအစဉ် "The Incredible"(အပိုင်း-၁)
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၂၄)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "နင်. . . စေလိုရာစေ" (အပိုင်း-၄)
၈း၄၀ MRTV-4 Entertainment Music
၉း၀၀ စွန့်စားတတ်တဲ့ ခတ်ပုံဆရာ
၉း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၃၀ ခနိုအမိုး
၉း၄၀ တေးဂီတအစီအစဉ်
၁၀း၀၀ ထန်းတောအိုးစည်
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဥပါယ်တံမျဉ်"
၁၂း၀၀ - အစီအစဉ်ပြီး၏

**ည(၂၂း၃၀)နာရီ - Live: EURO 2016 "Hungary Vs Portugal"**
**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "ပွားများအစဉ် သတိဝင်" တရားတော်(ဆရာတော် ဒေါက်တာ အရှင်ပညိဿရာဘိဝံသ(ဓမ္မဒူတ) )
၇း၅၀ ရှေးဆရာကြီးများကို ဖူးမြော်ကြည်ညို စုံလင်ရခိုင်ပြည်နယ်တစ်ခွင်(အပိုင်း-၁)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ ဟင်းချက်ရအောင်
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၀၁)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၅၁)
၈း၂၀ ရသစုံညွှန်းတန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၈)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၂၂)
၁၀း၁၅ Let's Talk
၁၀း၅၀ MRTV-4 Stage
၁၁း၁၅ World of Knowledge (Americo Lost Treosures Los Angeles)

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (Present And Future Of Myanmar's Finance Sector ) (အပိုင်း-၁)
၈း၃၅ The Farmer "ကြက်သွန်နီ စိုက်ပျိုးခြင်းအကြောင်း"
၉း၃၅ "သွားလည်ကြမယ် ပွိုင့်ကမ်းခြေ"
၁၀း၃၅ အထွေထွေသုတ "ငှက်ပျောသီးနှင့်ကျန်းမာရေး" (အပိုင်း-၁)
၁၁း၁၅ "၂၀၁၆ခုနှစ်၊ ဇွန်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ် ရာများ"
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့ နှင်းဆီ"(အပိုင်း-၁၉)
၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ကဂင်ချီ"(အပိုင်း-၄၅)
၂း၁၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (စန္ဒီမြင့်လွင်)
၂း၂၀ မဟာဂီတ "ဆယ်နှစ်လရာသီဘွဲ့များ " (နယုန်လ)
၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
၅း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ရဲသွေးနီနှင့်တိမ်တိုက်)
၅း၃၅ NHK Program "ပဲစေ့များ အညှောင့်ထွက်ခြင်း"
၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဘကြီးကျန်း" (ဦးခင်မောင်ချင်း၊ ဝေယံမင်း၊ ပန်တလျှို၊ ရွှေဖူးစာ) [ဒါရိုက်တာ -သိမ်းစိုး (သီဟရတနာ)]
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၄၆)
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ " (အပိုင်း-၂၀)
ဂီတသမား၊ ဂီတစကား "နမော" (ဂီတစာဆို ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## mitv

07:03 News
07:26 Myanmar Social & Charitable Association (EP-3) (Part-1)
08:26 Myanmar Childhood Games (Episode-III)
08:36 Kayah Style
08:44 Visiting A Serene Village In The Northwest Of Myanmar
09:26 We'll Leave After 12 Passengers Are On Board …
09:41 …..Changes
10:26 Back To A Paradise (Episode-1)
07:03 News
07:25 A Tour in Korea (Part-6)
07:45 YUFL
08:26 " Myanmar Sculpture-Work of Art
08:42 " Up Against The Tide

# အင်္ဂလန်နှင့် ဝေလ ယူရို ၂၀၁၆ ပြိုင်ပွဲ နောက်တစ်ဆင့်တက်လှမ်း



ယူရို ၂၀၁၆ ပြိုင်ပွဲ အုပ်စု (B)၏ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီးနောက်တွင် အင်္ဂလန်အသင်းနှင့် ဝေလအသင်းတို့သည် အုပ်စုအဆင့်ကိုကျော်ဖြတ်ကာ နောက်တစ်ဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဝေလအသင်းသည် ၎င်းတို့၏ ပထမဆုံးသောယူရိုပြိုင်ပွဲတွင် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်၌ ရုရှားအသင်းအား သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ကာ အင်္ဂလန်အသင်းသည်လည်း အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် ဆလိုဗက်ကီးယားအသင်းအား ဂိုးမရှိ သရေကျခဲ့ပြီး အုပ်စုဒုတိယနေရာဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဝေလအသင်းနှင့် ရုရှားအသင်းတို့၏ ပွဲစဉ်တွင် ဝေလအသင်းအတွက်သွင်းဂိုးများကို အာရွန်ရမ်ဆေး၊ နေးတေလာနှင့် ဂါရတ်ဘေးလ်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဝေလအသင်းသည် တိုက်စစ်မှူး ဂါရတ်ဘေးလ်၏ စွမ်းဆောင်ရည်ကြောင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး အုပ်စုအဆင့်ပွဲစဉ်သုံးပွဲတွင် တစ်ဂိုးစီသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ ပွဲစဉ်သုံးခုတွင် တစ်ဂိုးစီသွင်းယူနိုင်ခဲ့ခြင်းကြောင့် နယ်သာလန်တိုက်စစ်မှူးဗန်နစ္စတယ်ရွိုင်းနှင့် ချက်တိုက်စစ်မှူးမီလန်ဘာရို့စ်တို့ တစ်ပွဲတစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ယူရို ၂၀၀၄ ပြိုင်ပွဲနောက်ပိုင်း တစ်ပွဲတစ်ဂိုးသွင်းနိုင်သည့် ပထမဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။

ယူရိုပြိုင်ပွဲ၏ အုပ်စုခြောက်အုပ်စုမှ တစ်အုပ်စုလျှင် ထိပ်ဆုံးနှစ်သင်းစီသည် အလိုအလျောက် နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိမည်ဖြစ်ပြီး အကောင်းဆုံးအုပ်စုအဆင့်တတိယနေရာရရှိသည့် အသင်းများကို ထပ်မံပေါင်းထည့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအုပ်စုတွင် အင်္ဂလန်အသင်းသည် ဖလားရရှိနိုင်မည့်အသင်းတစ်သင်းအဖြစ် ပြိုင်ပွဲမစတင်မီ ခြေစစ်ပွဲများကစားစဉ်ကတည်းက ရေပန်းစားနေသည့် အသင်းဖြစ်သော်လည်း ပြိုင်ပွဲစတင်ချိန်တွင် ရလဒ်ပိုင်းထင်တိုင်းမပေါက်ခဲ့ဘဲ အုပ်စုအဆင့်ဒုတိယနေရာဖြင့်သာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

ထို့ပြင် အင်္ဂလန်အသင်းသည် ရုရှားနှင့်ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေ၊ ဝေလနှင့်ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဆလိုဗက်ကီးယားအသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် ဆလိုဗက်ကီးယားအသင်းနှင့် ပွဲစဉ်တွင် ဝေလအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ပွဲထွက်ကစားခဲ့သည့် ကစားသမားများအနက် ခြောက်ဦးအထိ အပြောင်းအလဲလုပ်ခဲ့ခြင်းကြောင့် နည်းပြရွိုင်းဟော့ဂ်ဆန်မှာ ဝေဖန်ခံခဲ့ရသည်။

ဆလိုဗက်ကီးယားအသင်းနှင့် ပွဲစဉ်တွင် အသင်းခေါင်းဆောင် ရွန်းနီအပါအဝင် ဒီလီအယ်လ်လီ၊ စတာလင်၊ ဒန်နီရို့စ်၊ ကီလီဝေါကာ၊ ဟယ်ရီကိန်းတို့ကို ပထမပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ထားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အသင်း၏ ရလဒ်ပိုင်းကောင်းမွန်ရေးအတွက် ရွန်းနီ၊ ဒီလီအယ်လ်လီနှင့် ဟယ်ရီကိန်းတို့ကို လူစားလဲကစားစေခဲ့သည်။ အင်္ဂလန်အသင်းသည် နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် (၁၆) သင်းအဆင့် ပြိုင်ပွဲတွင် အုပ်စု (F)မှ အုပ်စု အဆင့်ဒုတိယနေရာမှ တက်လာမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ငွေကြယ် - စုစည်းရေးသားသည်



## လက်ထောက်နည်းပြ ရိုင်ယန်ဂစ် မန်ယူအသင်းမှ ထွက်ခွာမည်

မန်ယူအသင်း၏ လက်ထောက်နည်းပြဖြစ်သူ ရိုင်ယန်ဂစ်သည် ချန်ပီယံရှစ်ကလပ် နော့တင်ဟမ်ဖောရက်အသင်းနည်းပြအဖြစ် ပြောင်းရွှေ့တာဝန်ယူရန် လက်ရှိကလပ်မန်ယူအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းတွင် ကစားသမားဘဝနှင့်ရော နည်းပြဘဝနှင့်ပါ ၂၉ နှစ်ကြာဖြတ်သန်းခဲ့ပြီးဖြစ်သည့် ရိုင်ယန်ဂစ်သည် မန်ယူအသင်းမှ ထွက်ခွာရန် သဘောတူညီထားပြီးဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြထားသည်။

အသက်(၄၂)နှစ်အရွယ်ရှိ ရိုင်ယန်ဂစ်အနေဖြင့် အသင်းမှ ထွက်ခွာလိုသော်လည်း နည်းပြသစ်မော်ရင်ဟို၏ လက်ထောက်နည်းပြအဖြစ် ဆက်လက်ရှိနေရန်လည်း အသင်းက တောင်းဆိုထားသည်။

သို့ရာတွင် နည်းပြဗန်ဟားလ်လက်ထက်တွင် လက်ထောက်နည်းပြအဖြစ် နှစ်နှစ်တာဝန်ယူခဲ့ပြီးဖြစ်သောကြောင့် လက်ထောက်နည်းပြဘဝနှင့် မမွေ့လျော်တော့ဘဲ နည်းပြတစ်ဦးအဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ရန် ရိုင်ယန်ဂစ်အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

## ဘရာဇီးနည်းပြသစ် တစ်တီ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲပြီးမှ ဘရာဇီးအသင်းကို ကိုင်တွယ်ခွင့်ရရှိမည်


© EPA

ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရခြင်းကြောင့် ဘရာဇီးနည်းပြ ဒွန်ဂါအား ထုတ်ပယ်ကာ နည်းပြသစ်အဖြစ် အသက်(၅၅)နှစ်အရွယ်ရှိ နည်းပြတစ်တီကို အစားထိုးခန့်အပ်ခဲ့သော်လည်း ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ ရီယိုအိုလံပစ်အားကစားပြိုင်ပွဲပြီးမှသာ ဘရာဇီးအသင်းကို ကိုင်တွယ်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဒွန်ဂါသည် ၁၉၉၄ ခုနှစ်က ဘရာဇီးအသင်း ကမ္ဘာ့ဖလားရရှိခဲ့စဉ်က ဘရာဇီးအသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားပေးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဘရာဇီးအသင်းကို နည်းပြအဖြစ် ဒုတိယအကြိမ် ကိုင်တွယ်ခွင့်ရရှိခဲ့သူဖြစ်သည်။ သို့ရာတွင် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ပီရူးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ရခြင်းကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီး ဒွန်ဂါအား ထုတ်ပယ်ကာ ကိုရင်သီယန်နည်းပြ တစ်တီအား အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးနည်းပြသစ် တစ်တီသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တွင် ကိုရင်သီယန်အသင်းအား ဘရာဇီးစီးရီးအေဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ တစ်တီသည် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲတွင် ဘရာဇီးလက်ရွေးစင်အသင်းအားကိုင်တွယ်ခွင့်ရရှိမည်မဟုတ်သော်လည်း ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတွင် တာဝန်ယူကိုင်တွယ်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။



## အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်တွင် ဝေလအား သုံးဂိုးပြတ်ရှုံးခဲ့ရပြီးနောက် ရုရှားနည်းပြအဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် စလက်စကိုင်းတောင်းဆို

ရုရှားအသင်းနည်းပြ စလက်စကိုင်းသည် ပြင်သစ်မြေတွင် ယှဉ်ပြိုင်ကစားလျက်ရှိသည့် ယူရို ၂၀၁၆ ပြိုင်ပွဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီးနောက် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်တောင်းဆိုထားကြောင်း သိရသည်။ ရုရှားအသင်းသည် အုပ်စု(B)တွင် ဆလိုဗက်ကီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အင်္ဂလန်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီသရေကျကာ ဝေလအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။

အသက်(၄၅)နှစ်အရွယ်ရှိ နည်းပြ စလက်စကိုင်းသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက နည်းပြကာပယ်လို၏ နေရာတွင်အစားထိုးကာ ရုရှားအသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲအပြီးတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ သို့ရာတွင် လက်ရှိတွင် ယူရိုပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သောကြောင့် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ရုရှားဘောလုံးအဖွဲ့ချုပ်သို့ ပြောကြားထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ အိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၂/ ၂၀၁၆) ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၁**
အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ သွေးစည်းညီညွတ်ရေးအစီအစဉ်ဖြင့် ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၂/ ၂၀၁၆) ကို ဇွန် ၂၀ ရက် နံနက် ၈ နာရီ၌ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Multipurpose Hall ၌ ပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင် တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အားကစားဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေတို-ရေရှည်စီမံချက်များနှင့် အားကစားနှင့်ကာယပညာလုပ်ငန်းရပ်များ တိုးတက်မြင့်မားရေး၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများမှာ အဓိကအကျဆုံးဖြစ်သည့် ထူးချွန်ထက်မြက်သော အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာစေရေးအတွက် မျိုးဆက်သစ်အားကစားသမားများ၊ လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသလို ခေတ်မီသိပ္ပံနည်းကျသော အားကစားနည်းစနစ်၊ နည်းဗျူဟာများ၊ ကျွမ်းကျင်သော အားကစားနည်းပြများ၊ နည်းစနစ်မှူးများ၊ အားကစားဆိုင်ရာ အုပ်ချုပ်စီမံခန့်ခွဲသူများ၊ အားကစားနည်းအလိုက် အရည်အချင်းပြည့်ဝသော ဒိုင်လူကြီးများ လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းတွေကိုလည်း ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများနှင့် အားကစားအဆင့်အတန်း ကွာဟချက်သည် အလွန်ကြီးမားနေသောကြောင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် ပူးပေါင်းပြီး အိုလံပစ်သွေးစည်းညီညွတ်ရေးအစီအစဉ်အရ ယခုလို အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးနေရခြင်းဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် အမျိုးသားအဆင့် စီမံခန့်ခွဲသူများ (၂/ ၂၀၁၆) မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် များစွာအထောက်အကူပြုပံ့ပိုးနိုင်သည့် အလွန်ထိရောက်သောသင်တန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်သော အမျိုးသားအဆင့်အားကစားစီမံခန့်ခွဲသူများသင်တန်း (၂/ ၂၀၁၆)ကို သင်တန်းသား ၂၁ ဦး၊ သင်တန်းသူ ၃၁ ဦး စုစုပေါင်း ၅၂ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြည်စိုးလင်း**

# ဘုားသီးတောင်မြို့နယ်တွင် အားကစားဖွံ့ဖြိုးတိုးတက်ရေး အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ



**ဘူးသီးတောင် ဇွန် ၂၁**
ဘူးသီးတောင်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၆ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်က ပြိုင်ပွဲအား သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး မီနီမာရသွန်ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၁၀ ခန့်တို့က မြို့တစ်ပတ်ပတ်၍ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားမီနီမာရသွန်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဘာလေကလည်းကောင်း၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းထွန်းကျော်ကလည်းကောင်း ပေးအပ်ခဲ့သည်။

အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်းသောင်းရွှေကလည်းကောင်း၊ အမျိုးသားမီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်ကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။
**ဇော်နိုင်ထွန်း(ပြန်/ဆက်)**

# ဆဌမအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲနှင့် ၂၀၁၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**
ဆဌမအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲနှင့် ၂၀၁၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၁၉ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တက္ကသိုလ်ရိပ်သာလမ်း အင်းယာကန်ရှိ ရန်ကုန်ရွက်လှေအသင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် အစဉ်အလာအရ ပြုလုပ်လေ့ရှိသည့် အိုလံပစ်နေ့အထိမ်းအမှတ် ရွက်လှေအားကစားပြိုင်ပွဲများ ပိုမိုအသက်ဝင်လှုပ်ရှားစေရေးအတွက် ရွက်လှေအားကစားသမားများ အဖွဲ့လိုက်ယှဉ်ပြိုင်မှုနှင့် အတွေ့အကြုံရရှိစေရန်၊ ရွက်လှေအားကစားသမားအချင်းချင်း၊ ရွက်လှေမိသားစုဝင်များ ပိုမိုထိတွေ့ရင်းနှီးစွာ ယှဉ်ပြိုင်ကြခြင်းမှတဆင့် အရည်အသွေးမီ အားကစားသမားများပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲကို ၂၀၁၀ ခုနှစ်မှစတင်ပြီး ကျင်းပခဲ့ကြောင်း၊ Olympic Day Movement Regatta ကို သတ်မှတ်ကာလဖြစ်သည့် ဇွန် ၂၇ နှင့် ၂၈ ရက်တွင် ကျင်းပပေးခဲ့ပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲကိုဇူလိုင် ၄၊ ၅၊ ၁၁ ရက်နှင့် ၁၂ ရက်မှာ သီးခြားခွဲ၍ ကျင်းပပေးခဲ့ကြောင်း၊ ယခုနှစ်အတွက် ပြိုင်ပွဲနှစ်ခုကို ဇွန် ၁၁၊ ၁၂၊ ၁၈ နှင့် ၁၉ ရက်မှာ တစ်ပေါင်းတည်းကျင်းပပေးခဲ့ရပါကြောင်း၊ မြန်မာ့ရွက်လှေအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ပံ့ပိုးကူညီမှုရှိရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသို့ မေတ္တာရပ်ခံစာတင်ပြပေးပို့ခဲ့ပြီး အခြေခံပညာဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)တွင် သက်ငယ်တန်း၊ သင်တန်းသားများအဖြစ် ရွေးချယ်လေ့ကျင့်ခွင့်ရရှိရေးအတွက်ကိုလည်း တင်ပြဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနမှ ရွေးချယ်တာဝန်ပေးအပ်ထားသည့် အခြေခံပညာ ထက်၊ လယ်၊ မူကျောင်း ၁၄ ကျောင်းမှ ရွက်လှေအားကစားသမားများ ရွေးချယ်ရရှိရေးအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ဇွန် ၂၃ ရက်တွင် ဖိတ်ကြား၍ မြန်မာ့ရွက်လှေအဖွဲ့ချုပ်၏ အစီအစဉ်များကို အသိပေးရှင်းလင်းသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၆ ခုနှစ် ဆဌမအကြိမ်မြောက် မြန်မာ့နိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်းများ၏ Sponsor များအား မိတ်ဆက်ပေး၍ အမှတ်တရဂုဏ်ပြုမှတ်တမ်းလက်ဆောင်များကို ဥက္ကဋ္ဌ ဦးမိုးမြင့်က ပေးအပ်ခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပြိုင်ပွဲတွင် အသင်းလိုက် တတိယဆုရ Marrybrown အသင်းအား မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းကလည်းကောင်း၊ ဒုတိယဆုရ Myanmar Ease Net အသင်းအား တပ်မတော် လှေလှော်ရွက်တိုက်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတက်လွင်ထွန်းကလည်းကောင်း၊ ပထမဆုရ YKKO အသင်းအား မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင့်ကလည်းကောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဆုဖလားများကို ရရှိသွားသော YKKO အသင်းအား မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်တို့က အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ကျန်ရှိသောဆုများအား တာဝန်ရှိသူအသီးသီးက ပေးအပ်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ငါးသင်း အပါအဝင် အားကစားသမားစုစုပေါင်း ၇၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



# အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂၁**
၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှုအဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဇွန် ၁၈ ရက် နံနက် ၆ နာရီက နေပြည်တော်၌ ပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် အတူ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ နေပြည်တော်ရှိလုပ်သားပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

လူထုလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် နေပြည်တော် မြို့မဈေးရှေ့၌ နံနက် ၆ နာရီတွင် စတင်တာလွှတ်ပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း၊ သပြေကုန်းအဝိုင်းမှတစ်ဆင့် မဏိရတနာ ကျောက်စိမ်းခန်းမရှေ့ထိ ပျော်ပျော်ပါးပါး လမ်းလျှောက်၍ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ပန်းဝင်ရောက်ရာနေရာတွင် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့မှ လူထုလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ရေသန့်ဘူးနှင့် အချိုရည်များ တိုက်ကျွေးခဲ့ကြသည်။ အဆိုပါ လူထုလမ်းလျှောက်ပွဲသို့ အင်အား ၃၀၀၀ ခန့် တက်ရောက် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အိုလံပစ်နေ့အထိမ်းအမှတ် စက်ဘီးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အပြင်ပတ်လမ်း၌ ပြုလုပ်ရာ စက်ဘီးဝါသနာရှင် ၅၀ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။
**ကြည်စိုးလင်း**

# ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်း (၂၄/ ၂၀၁၆) ဖွင့်လှစ်

**လွိုင်ကော် ဇွန် ၂၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးဆောင်ဖွင့်လှစ်သည့် ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ)သင်တန်း (လွိုင်ကော်) အမှတ်စဉ်(၂၄/ ၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၈ နာရီခွဲက လွိုင်ကော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကား ပြောကြားရာတွင် ကယားပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း တဖြည်းဖြည်းတိုးတက်လာလျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြားသား ၂၆၆၂ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၃၉၃၃ ဦး ရောက်ရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားသား ၅၀၀၀ ကျော်မှ ၇၀၀၀ ကြား လာရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ နိုင်ငံခြားသားခရီးသွား ဧည့်သည်များဝင်ရောက်လာသည်နှင့်အမျှ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဧည့်လမ်းညွှန်များလည်း ပိုမိုလိုအပ်လာမှာဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ကယားပြည်နယ်အတွင်း ဧည့်လမ်းညွှန်များ လုံလောက်မှုမရှိခြင်းကြောင့် ယခုလို သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က ဒေသဆိုင်ရာဧည့်လမ်းညွှန် (အခြေခံ)သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သော ဒေသဆိုင်ရာဧည့်လမ်းညွှန် (အခြေခံ) သင်တန်း(လွိုင်ကော်)တွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၂၀ ရက်မှ ဇူလိုင် ၁၅ ရက်ထိဖြစ်ကြောင်း သိရသည်။

**ကယားပြည်နယ်(ပြန်/ဆက်)**

## ကွမ်းစားခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေး ထွေးမှုများ လျှော့နည်းပပျောက်ရေး ပညာပေး

**ကန်ကြီးထောင့် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းများ လျှော့နည်းပပျောက်လာစေရန် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေလွင်က တက်ရောက်လာသော ကွမ်းယာရောင်းသူများအား ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှုများ လျှော့နည်းပပျောက်စေရေးဆိုင်ရာအချက်များ အသိပညာပေးဆွေးနွေးခဲ့ပြီး သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာထွန်းထွန်းစိုးက ကွမ်းစားခြင်းကြောင့်ဖြစ်ပေါ်စေသည့် ခံတွင်းကင်စာ၊ သွားဖုံးများ ထိခိုက်စေသောရောဂါများနှင့် ခံတွင်းနှင့်သွားများအတွင်းသို့ ဗိုင်းရပ်ပိုးများမဝင်စေရန် အစရှိသောဆောင်ရန်ရှောင်ရန်အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ရက် ၁၀၀ စီမံချက်ဖြင့် ကလေးများဉာဏ်ရည်ဉာဏ်သွေးနှင့် ဗဟုသုတရစေရေး ပုံပြောပြိုင်ပွဲ ဆုချီးမြှင့်

**ဘားအံ ဇွန် ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်သော အခြေခံပညာကျောင်းသား၊ ကျောင်းသူကလေးငယ်များ ပြင်ပဗဟုသုတရရှိစေရေး၊ ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်စေပြီး ကောင်းမွန်သောအလေ့အထများအား စူစမ်းလေ့လာမှတ်သားလိုစိတ်ရှိစေရေးကိုရည်ရွယ်၍ ပုံပြောယှဉ်ပြိုင်ခြင်းနှင့် ဆုပေးပွဲကို ဇွန် ၂၀ ရက်က အဆိုပါရုံး စာကြည့်တိုက်၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စောလင်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ဘားအံမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမန်းလင်းမြတ်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ယင်းနောက် ပုံပြောပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြမည့် ဘားအံမြို့ အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်းမှ တတိယတန်းကျောင်းသား၊ ကျောင်းသူခြောက်ဦး၊ စတုတ္ထတန်းကျောင်းသား၊ ကျောင်းသူ သုံးဦး စုစုပေါင်းကိုးဦးတို့က မိမိတို့စိတ်ကြိုက် လေ့လာမှတ်သားထားသော လူဝံကြီးနှင့်မျောက်ကလေး၊ အူမရှိတဲ့ပုစဉ်းရင်ကွဲ၊ ယုန်ကလေးဖြူဖြူ စကားနည်း၍ အလုပ်လုပ်သောပင့်ကူလေး၊ ညီညွတ်ကြပါစို့၊ ဖိုးကဲတို့မိသားစု၊ အာဇာနည်ခေါင်းဆောင်၊ မိတ်ဆွေသုံးဦး၊ သူ့အကျိုးဆောင်ကိုယ့်အကျိုးအောင် ခေါင်းစဉ်များဖြင့် အသီးသီးယှဉ်ပြိုင်ပြောဆိုခဲ့ကြသည်။

ယင်းနောက် ယုန်ကလေးဖြူဖြူခေါင်းစဉ်ဖြင့် ပထမဆုရရှိသော တတိယတန်းမှနန်းလှထွန်းဖြူဖြူသန့်၊ သူ့အကျိုးဆောင်ကိုယ့်အကျိုးအောင်ခေါင်းစဉ်ဖြင့် ဒုတိယဆုရရှိသော စတုတ္ထတန်းမှ မယွန်းပြည့်ပြည့်ဖြိုး၊ လူဝံကြီးနှင့်မျောက်ကလေး ခေါင်းစဉ်ဖြင့်တတိယဆုရရှိသော တတိယတန်းမှ မဆုမြတ်နိုးမိုးတို့အား ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းကလည်းကောင်း၊နှစ်သိမ့်ဆုများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ဘားအံမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဆုများအသီးသီးချီးမြှင့် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဒယ်ကုန်းကျေးရွာ၌ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်



**ငပုတော ဇွန် ၂၁**

ငပုတောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်သူ့အတွက်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရ ာပြည်သူ့အတွက်ရက် ၁၀၀ ကာလအတွင်း မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက်မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက ဇွန် ၁၆ ရက်က လိပ်ချောင်းကျေးရွာအုပ်စု ဒယ်ကုန်းကျေးရွာတွင် ကွက်စိပ်တိုင်းတာခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းလုပ်ငန်းများတွင် ဒယ်ကုန်းကျေးရွာရှိ အိမ်ခြေ ၃၈ လုံး ရွာမြေ ၅ ဒသမ ၆၆ ဧကအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပထမရက် ၁၀၀ ကာလအတွင်း ကျေးရွာမြေငှားဂရန်များအား ပြည်သူများလက်ဝယ်အရောက် ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ **မျိုးကျော်သူ**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ညောင်ဝိုင်းကျေးရွာလူငယ်များက သစ်ကိုင်းသစ်ပင်များ ခုတ်ထွင်ရှင်းလင်း

**ကျောက်တံခါး ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အနန်းဘော်အုပ်စု ညောင်ဝိုင်းအလယ်စု ကျေးရွာရှိလူငယ်များမှစုစည်း၍ ကျေးရွာလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဇွန် ၂၀ ရက် နံနက် ၁၁ နာရီကကျေးရွာတွင်း လျှပ်စစ်လိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

"သက်ဆိုင်ရာလျှပ်စစ်ဌာနက မညွှန်ကြားပါဘူး။ ကျွန်တော်တို့အသိစိတ်ဓာတ်နဲ့ လူငယ်တွေစုစည်းပြီး ရှင်းလင်းတာပါ။ ဘာလို့လဲဆိုတော့ ဘေးအန္တရာယ်ကြုံလာရင် ကိုယ့်ရပ်ကိုယ့်ရွာကပဲ ခံရမှာပဲ။ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ပြီး မီးလင်းခဲ့ရတော့ ဘယ်လိုအကြောင်းနဲ့မှ အထိအခိုက်မခံနိုင်ဘူး။ ဒီနေ့က ကျေးရွာမီးလင်းရေးကော်မတီနဲ့ ပူးပေါင်းပြီးရှင်းကြတာပါ။ အခြားမြို့နယ်တွေမှာလည်း လျှပ်စစ်ကြောင့် သေဆုံးမှုတွေရှိလာတော့ စိုးရိမ်လာတယ်။ အခုရက်ပိုင်းမှာလည်း ရာသီဥတုက နေပူနေတုန်းမို့ ဆောင်ရွက်ဖြစ်သွားတာပါ။ အကြံပြုချင်တာကတော့ သက်ဆိုင်ရာက ပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရန်၊ ရှောင်ရန်ကို ပညာပေး အသိပေးသင့်ပါတယ်"ဟု အဖွဲ့ဝင်ကိုသန်းဦးက ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေး၊ ယာဉ်မတော်တဆမှုမဖြစ်ပွားရေး၊ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**လောင်းလုံး ဇွန် ၂၁**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့သည် လောင်းလုံးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမတွင် ဇွန် ၂၀ ရက် နံနက် ၉ နာရီက ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ မူးယစ်ဆေးဝါးများ ငွေကြေးမက်လုံးပေးပြီး သယ်ယူရောင်းချစေရေးများ ပပျောက်စေရန်၊ မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေး၊ ယာဉ်မတော်တဆမဖြစ်ပွားရေး၊ မှုခင်းကျဆင်းရေး ဟောပြောပွဲပြုလုပ်ခဲ့သည်။

ယင်းသို့ပြုလုပ်ရာတွင် မြို့မရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းက ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအကြောင်းအရာများ၊ ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာသော အကြောင်းအရာများ၊ ယာဉ်အန္တရာယ်များ၊ မှုခင်းကျဆင်းရေး စသည့်တို့ကို အကျယ်တဝင့်ဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက သတင်းစကား မူးယစ်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ မြို့မရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂင်ယုနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**စိုးထွန်း(လောင်းလုံး-ပြန်/ဆက်)**

## သတင်းတိုများ

### သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ခြင်ခိုအောင်းနိုင်သည့် ပေါင်းမြက်များရှင်းလင်း

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့မအလယ်တန်းကျောင်းခွဲတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ခြင်ခိုအောင်းနိုင်သည့် ကျောင်းဝန်းအတွင်းမှ ပေါင်းမြက်များကို ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသားမိဘများ ပူးပေါင်း၍ ဇွန် ၂၀ ရက် နံနက် ၁၁ နာရီခွဲက စုပေါင်းရှင်းလင်းခဲ့ကြသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တင့်နှင့် ကျောင်းသားမိဘများက စက်ယန္တရားကြီးဖြင့် မြေညှိခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ခြင်ဆေးများပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ **(၅၈၀)**

### ဒီရေတောဂေဟစနစ် ထိန်းသိမ်းကာကွယ်ရေး ဒီရေတောသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒီရေတော ဂေဟစနစ် ထိန်းသိမ်းကာကွယ်ရေး ဒီရေတော သစ်ပင်စိုက်ပျိုးပွဲအား ဧရာဝတီတိုင်းဒေသကြီး မြောင်မြခရိုင် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ ရေလယ်ကျွန်းတွင် ဇွန် ၁၉ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် လမုပင် ၈၀၀၊ သမဲ့ပင် ၈၀၀၊ ကနစိုပင် ၁၂၀၀၊ ရေကရားပင် ၁၀၀၀၊ ပြူးပင် ၇၀၀ စုစုပေါင်း ဒီရေတောသစ်ပင်မျိုးစုံ ၄၅၀၀ ပင်အား မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူစုစုပေါင်း ၃၆၀က စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

### ပျက်စီးနေသော သစ်သားတံတား ပြန်လည်ပြုပြင်

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးနွယ်အေး၊ တံတားဦးမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇွန် ၁၈ ရက် နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်းအနီးနှင့် ငါးဇင်ရိုင်းကျေးရွာအကြားရှိ သစ်သားတံတား ပြန်လည်ပြုပြင်ခြင်းနေရာသို့ ရောက်ရှိစစ်ဆေးခဲ့သည်။ အဆိုပါ တံတားသည် ခရိုင်ချင်းဆက်လမ်းပေါ်တွင် တည်ရှိရာ မော်တော်ဆိုင်ကယ်များ၊ ကားများ၊ ထော်လာဂျီများ မောင်းနှင်ရာတွင် တံတားပေါက်ပြဲနေခြင်းကြောင့် အခက်အခဲရှိခဲ့ရာ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ပေးခြင်းကြောင့် ခရီးသွားပြည်သူများ သွားလာရလွယ်ကူပြီး ကုန်စည်စီးဆင်းမှုကို အလွယ်တကူ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သောကြောင့် ဝမ်းသာကြောင်း ခရီးသွားပြည်သူတစ်ဦးက ပြောသည်။ **ရဲတင့်**

## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မန္တလေး ဇွန် ၂၁**

ဒေသအသီးသီးတွင် ဇန်နဝါရီလမှ ဇွန်လအထိ အယ်နီညိုရာသီဥတုကျရောက်ခဲ့မှုကြောင့် အပူချိန်လွန်ကဲခြင်း၊ ရေရှားပါးခြင်း၊ သစ်ပင်များပျက်စီးခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များကို ခံစားခဲ့ကြရာတွင် တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့သည်လည်း အပါအဝင်ဖြစ်သည်။

အဆိုပါဘေးအန္တရာယ်များမှ သက်သာစေရန် ပြည်ကြီးမဏ္ဍိုင်မြို့ လေညာအနောက်ရပ်ကွက် အ. ထ. ကကျောင်းအနီးတွင် ဇွန် ၁၉ ရက် နံနက် ၈ နာရီက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ပြုလုပ်ခဲ့သည်။

မိုးရာသီစိုက်ပျိုးပေးခဲ့သော အပင်များမှာ ပျဉ်းကတိုးပင် ၂၀၀၊ ခရေပင် ၁၀၀ စုစုပေါင်းအပင် ၃၀၀ စိုက်ပျိုးပေးခဲ့သည်။ အဆိုပါသစ်ပင်များ ဆက်လက်ရှင်သန်ရေးအတွက် ဒေသခံ NGO အဖွဲ့ဝင်များက ပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်ကြီးမဏ္ဍိုင်မြို့(ပြန်/ဆက်)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး သဲနုန်းခြစ်လုပ်ငန်းများဆောင်ရွက်

**မကွေး ဇွန် ၂၁**

မြို့တွင်းလမ်းမကြီးများ၌ မိုးတင်းကာလ ရေစီးနှင့်အတူမျောပါလာသော သဲနုန်းများတင်ကျန်ရစ်လေ့ရှိသောကြောင့် စက်ဘီးနှင့်ဆိုင်ကယ်ယာဉ်အသုံးပြုသူများ ယာဉ်အန္တရာယ်မဖြစ်စေရန်နှင့် လမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရန် လမ်းလယ်ကျွန်းဘေး ဝဲယာ သဲနုန်းခြစ်လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဇွန်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၁၉ ရက်က နတ်မောက်လမ်း ဗိုလ်ချုပ်လမ်းနှင့် အ. ထ. က(၁)လမ်းများတွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"စက်ဘီး၊ ဆိုင်ကယ်တွေ စီးနင်းရင်း သဲနုန်းတွေကြောင့် လူးပြီး လဲသွားမယ်ဆိုရင် နောက်က၊ ဘေးကကပ်ပါလာတဲ့ယာဉ်နဲ့ မတော်တဆမှုတွေဖြစ်သွားနိုင်ပါတယ်။ ယာဉ်အန္တရာယ်ရဲ့နောက်ဆက်တွဲကျန်းမာရေး၊ လူမှုရေးပြဿနာတွေကို ဒီလုပ်ငန်းက အတိုင်းအတာတစ်ခုထိ ကာကွယ်ပေးနိုင်ပါလိမ့်မယ်။ လုပ်ငန်းတွေကိုတော့ နံနက်ပိုင်းနဲ့ ညနေပိုင်း နှစ်ဆိုင်းခွဲပြီး ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးကျော်စိုးမင်းက ပြောသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပေါ် (၁၅) ရပ်ကွက်ရှိ အဓိကလမ်းမကြီးများတွင် အမှိုက်သိမ်းယာဉ်များဖြင့် လှည့်လည်အမှိုက်သိမ်းဆည်းခြင်း၊ လမ်းကြောင်းအလိုက် သန့်ရှင်းရေးလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများအတွင်းမှ အမှိုက်နုန်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်နေပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း စည်ပင်သာယာရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကိုဖြိုး(MGY)**

## ကျေးရွာအရောက် အသိပညာပေး ဟောပြောပွဲပြုလုပ်၍ ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသ

**ဝါးခယ်မ ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ကျေးရွာအရောက် ပြည်သူလူထုကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့် အခမဲ့ကွင်းဆင်းဆေးကုသမှုကို ဇွန် ၁၉ ရက် မွန်းတည့် ၁၂ နာရီက ကျုံပေါက်ကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် ဆေးကုသရေးအဖွဲ့မှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုက တက်ရောက်လာကြသော ကျေးရွာမှ ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပြောကြားကာ ကျုံပေါက်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏ အထွေထွေရောဂါများ၊ မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ မူးဝေ၊ လေးဖက်နာရောဂါ၊ ဒူးနာ၊ ခါးနာ အစရှိသည့်ရောဂါဝေဒနာများကို စမ်းသပ်စစ်ဆေးပေးခြင်း၊ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာမှ လူနာရှင် ၆၀ ကျော် ဆေးကုသမှုခံယူကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က ကျုံပေါက်ကျေးရွာအုပ်စုရှိ သုခမိန်စာကြည့်တိုက်နှင့်ပတ်သက်၍ စံငါးချက်နှင့်အညီ ရှင်သန်ခိုင်မာစေရေး၊ စာအုပ်စာစောင် တိုးပွားစေရေး၊ စာဖတ်သူတိုးပွားစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းကာ တက်ရောက်လာသူများကို အသိပညာပေးနံရံကပ်စာစောင်များပြသခြင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ အခမဲ့ထုတ်ဝေသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လွမ်းသီဟ(ဝါးခယ်မ)**

## သဒ္ဓမ္မပါလကျောင်းတိုက်တွင် ဓမ္မစကူး (အတန်းစဉ်) သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲနှင့် သင်တန်းဖွင့်

**ကနီ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချိုင်ကျေးရွာတွင် သဒ္ဓမ္မပါလကျောင်းတိုက် နာယကဆရာတော် ဦးသုမနမှကြီးမှူး၍ ဖွင့်လှစ်သင်ကြားပေးခဲ့သော Sunday School အပတ်စဉ် ဓမ္မစကူးသင်တန်း အတန်းစဉ်အလိုက် သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲနှင့် ယခုနှစ် အပတ်စဉ်သင်တန်းဖွင့်ပွဲကို ချိုင်ကျေးရွာ သဒ္ဓမ္မပါလကျောင်းတိုက်တွင် ဇွန် ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားဖွင့်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများနှင့် ပရိသတ်များမှ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး သဒ္ဓမ္မပါလကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးသုမနက ဩဝါဒမိန့်ကြားတော်မူသည်။ ဆက်လက်၍ ဓမ္မစကူးသင်တန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းမောင်က သာသနာရေးရာနှင့်ပတ်သက်၍ လျှောက်ထားတော်မူပြီး အပတ်စဉ် ဓမ္မစကူးသင်တန်းနည်းပြဆရာ ဦးညိုမြှေးက မျိုးဆက်သစ်လူငယ်များ ဗုဒ္ဓတရားတော်များကို အခြေခံမှစ၍ လေ့လာသင်ကြားနိုင်ရန်နှင့် ဗုဒ္ဓတရားတော်များကို သိရှိနားလည်ပြီး ဘာသာတရားကို တန်ဖိုးထားချစ်ခင်မြတ်နိုးကာ ယဉ်ကျေးသိမ်မွေ့ပြီး ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း ဖြစ်လာစေရန်၊ မိရိုးဖလာဗုဒ္ဓဘာသာဝင်မှ တကယ့်ဗုဒ္ဓဘာသာဝင်အဖြစ် ဗုဒ္ဓ၏တရားတော်များကို လက်တွေ့ဘဝတွင် အသုံးချနိုင်သော၊ ကျင့်သုံးနိုင်သော အဆင့်မြင့် ဗုဒ္ဓဘာသာဝင်များဖြစ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အပတ်စဉ် ဓမ္မစကူးသင်တန်း အတန်းစဉ်အလိုက် သင်ယူပြီးမြောက်ကြောင်း လက်မှတ်များပေးအပ်ခဲ့ပြီး ဓမ္မစကူးသင်တန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းမောင်က ကျောင်းသား၊ ကျောင်းသူများကို ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဓမ္မစကူးသင်တန်းကို သဒ္ဓမ္မပါလကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးသုမနက ဦးစီးဖွင့်လှစ်ပြီး ဆရာတော်မှ အပတ်စဉ် သင်တန်းသူ၊ သင်တန်းသားများကို အာဟာရဒါနကျွေးမွေးပြီး ယင်းသင်တန်းသားများနှင့် ပြည်သူတို့စုပေါင်းကာ ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီရွေးချယ်

**တံတားဦး ဇွန် ၂၁**

တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုလုပ်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီရွေးချယ်ခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက ထန်းပေါက်ကုန်းကျေးရွာအုပ်စုနှင့် လိန်ကုန်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာတို့တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ကော်မတီများ အများဆန္ဒနှင့်အညီ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကော်မတီရွေးချယ်ပွဲသို့ တက်ရောက်လာသော မြစိမ်းရောင်အဖွဲ့ဝင်များက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားပေးခဲ့သည်။ **ရဲတင့်(ပြန်/ဆက်)**

## ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

**ကျွန်းလှ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် တာဝန်ရှိသူတို့က မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့်တန်းကျောင်းသား၊ကျောင်းသူများအား စာရေးကိရိယာ နှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## သဘာဝဘေးကြောင့် သီးနှံများပျက်စီးပါက အစားထိုးစိုက်ပျိုးရန် နေကြာသီးညှပ် စိုက်ပျိုးနည်းစနစ် ကွင်းဆင်းသရုပ်ပြ



**ကျောက်မဲ ဇွန် ၂၁**

သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများရှိလာပါက အခြားသီးနှံတစ်မျိုးစိုက်ပျိုးပြီး ဝင်ငွေတိုးပွားလာစေရန်နှင့် မြေကို တန်ဖိုးရှိစွာ အသုံးချနိုင်စေရန်ရည်ရွယ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကျောက်မဲမြို့နယ် စခန်းသာကျေးရွာအုပ်စု ညောင်ပင်ကုန်းကျေးရွာတွင် ဇွန် ၁၄ ရက်က နေကြာသီးညှပ်စိုက်ပျိုးနည်းစနစ် ကွင်းဆင်းသရုပ်ပြပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သော နေကြာသီးညှပ်စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူအေးနှင့် ဝန်ထမ်းများက တောင်သူဦးရာဂျူး၏ ယာမြေတွင် လက်တွေ့သရုပ်ပြသစိုက်ပျိုးပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသောတောင်သူများအားစိုက်ပျိုးရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **သိန်းသန်း(ကျောက်မဲ)**

# ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ ရက် ၁၀၀ စီမံကိန်း ဝိုင်းဝန်းဆောင်ရွက်စို့

ခဲ အေးအေးကြူ (ကျေးလက်ဦးစီး)

နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်အား ဘက်စုံထောင်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်တွေ့ကျသည့်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် "ရက် ၁၀၀ စီမံကိန်း"လည်း ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝအား အချိန်တိုအတွင်း ထိထိမိမိ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံကိန်းတွင် အယ်နီညိုရာသီဥတုကြောင့်ရေတွင်း၊ ရေကန်များ ခန်းခြောက်ခြင်း၊ သဘာဝရေအရင်းအမြစ်များဆုတ်ယုတ်ခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများအတွက် 'ရွှေကိုမလို ရေကိုသာလိုသည်' ဆိုရိုးစကားနှင့်အညီ သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများကို ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များ၊ ပရဟိတလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ မြို့နယ် ၁၂၉ မြို့နယ်မှ သောက်သုံးရေလိုအပ်သည့် ကျေးရွာ ၇၁၃ ရွာသို့ ရေဂါလန်သန်းပေါင်း ၅ ဒသမ ၆၈ ဂါလန် ဖြန့်ဝေပေးနိုင်ခဲ့ပြီး မြို့နယ် ၁၅၄ မြို့နယ်မှ ကျေးရွာ ၅၄၁ ရွာတွင် ကျေးလက်ရေပေးရေးဆိုင်ရာ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ၆၄၉ ခုအား ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိသည့်အပြင် ကျေးရွာ ၅၈၄ ရွာတွင် တွင်းတိမ် ၂၁၆ တွင်း၊ လက်တူးတွင်း ၃၈၆ တွင်း စုစုပေါင်း ရေပေးရေးလုပ်ငန်း ၆၀၂ ခုအား ရက် ၁၀၀ စီမံချက်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများသည် ဝန်ကြီးဌာန၊ ဦးစီးဌာန၊ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ၊ ချမှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အူမချေးခါးမကျန်သိရှိရန်လိုအပ်သည့်အတွက် နိုင်ငံဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးသင်တန်းများကို ရက် ၁၀၀ စီမံကိန်းတွင် ရေးဆွဲဖွင့်လှစ် ဆောင်ရွက်နေပြီဖြစ်ရာ သင်တန်းများမှာ အရာထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (နေပြည်တော်)၊ အရာထမ်းအခြေခံသင်တန်း၊ အရာထမ်းငယ် အခြေခံသင်တန်းနှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း (ဗဟိုဝန်ထမ်းတက္ကသိုလ်)၊ စီမံခန့်ခွဲရေးသင်တန်းနှင့် စာရေးသင်တန်း (ဗဟိုလေ့ကျင့်ရေးကျောင်း)၊ စီမံခန့်ခွဲရေးသင်တန်း၊ ရုံးလုပ်ထုံးလုပ်နည်း အခြေခံသင်တန်းနှင့် အခြေခံအင်ဂျင်နီယာသင်တန်းများ (သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များ) ကို (၅၂) ကြိမ် စီစဉ်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပေသည်။

ဝန်ထမ်းများအနေဖြင့် သင်တန်းများကို တက်ရောက်ရခြင်းဖြင့် အသိပညာ၊ ဗဟုသုတများ ရရှိရုံသာမက တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ လုပ်ငန်းအတွေ့အကြုံများ မျှဝေဖလှယ်နိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အတွေးအခေါ်၊ အကြံဉာဏ်များရရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့လုပ်ဆောင်ရာတွင် များစွာအကျိုးရှိမည်ဖြစ်ပေသည်။ ထို့အပြင် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများတွင် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒေသနှင့်လျော်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းအမျိုးအစား ၃၀ ဖြစ်သည့် Mobile School Computer သင်တန်း၊ စက်ချုပ်သင်တန်း၊ ကျောက်သွေးသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ပန်းရန်၊ လက်သမားသင်တန်း၊ သံချည်သံကွေးသင်တန်း စသည်များကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ ကျေးလက်နေပြည်သူများအနေဖြင့် သင်တန်းမှ သင်ကြားတတ်မြောက်သည့် အတတ်ပညာဖြင့် မိမိတို့မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။

## ရက် ၁၀၀ စီမံချက်အတွင်း မြေငှားဂရန်များထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး



**ကော့ကရိတ် ဇွန် ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ရက် ၁၀၀ စီမံချက်အတွင်း မြေငှားဂရန်များထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက်ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးမှုကို ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေး၊ ခရိုင်မြေစာရင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့က မြေငှားဂရန်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများအနေဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အမှတ်(၅)ရပ်ကွက်အနေဖြင့် အိမ်ထောင်စု ၁၅၅ စုရှိရာ လျှောက်ထားသူ ၁၁၄ ဦးရှိပြီး ကန့်ကွက်သူမရှိ ထုတ်ပေးပြီးသည့် အိမ်ထောင်စု ၈၁ အိမ်ထောင်ရှိသည်။ ယင်းနောက် ကျန်အိမ်ထောင်စုများအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြေငှားဂရန်ပေးအပ်မည့် အိမ်ထောင်စုများအား လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

## မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာသို့ TOYOTA မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်

**မြင်းမူ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရွှေဘိုခရိုင် အမှတ် (၁) မီးသတ်စခန်းမှ TOYOTA မီးသတ်ယာဉ်တစ်စီးအား ထီးဆောင်းစံပြကျေးရွာနယ်မြေ မီးသတ်စခန်းသို့ ဇွန် ၁၉ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

မီးသတ်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ စာရွက်စာတမ်းများကို ထီးဆောင်းစံပြကျေးရွာအုပ်ချုပ်ရေးမှူး ဦးလွင်ထံသို့ မြင်းမူမြို့နယ် မီးသတ်စခန်းမှူး ဦးဝေမင်းထွန်းက ပေးအပ်ခဲ့သည်။ ယခုပေးအပ်သော မီးသတ်ယာဉ်မှာ ရေဂါလန် ၆၅၀ ဆံ့ကြောင်း သိရသည်။

ထီးဆောင်းကျေးရွာသည် ယခုအခါ အိမ်ခြေ၊ ရပ်ကွက်၊ လူဦးရေ တိုးတက်များပြားလာခြင်း၊ စက္ကူပါလထီးဆောင်းမျက်စိဆေးရုံကဲ့သို့ အထပ်မြင့်အဆောက်အအုံများ ပေါ်ပေါက်လာခြင်းတို့ကြောင့် မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုမျိုးကို အချိန်တိုအတွင်း ဖြေရှင်းတုံ့ပြန်ဆောင်ရွက် ကယ်ဆယ်ရန်အတွက် ကျေးရွာမှ လူငယ် ၃၅ ဦးတို့ကိုလည်း သင်တန်းများအသင့် ပို့ချထားပြီးဖြစ်ကြောင်း မြင်းမူမြို့နယ် မီးသတ်စခန်းမှူး ဦးဝေမင်းထွန်းက ပြောသည်။

ယခုမီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလွင်နှင့် မီးသတ်ဝန်ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့၌ နှမ်းစိုက်တောင်သူများ နှမ်းပေါ်ချိန် ဈေးကောင်းရရန် မျှော်လင့်



**မြစ်သား ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း နှမ်းစိုက်တောင်သူများ နှမ်းပေါ်ချိန်ရောက်ရှိလာပြီဖြစ်ရာ ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဒေသခံနှမ်းစိုက်တောင်သူတစ်ဦးက "ကျွန်တော်တို့ မြစ်သားက ဒီနှစ်လေးလပိုင်းမှာ မိုးသီးဒဏ်ခံရတဲ့ အစောစိုက်နှမ်းခင်းတွေကတော့ ပျက်စီးကုန်တာပေါ့။ အခုပေါ်တာက နောက်ကျတဲ့နှမ်းခင်းတွေက မိုးသီးဒဏ်ခံရပေမယ့် အတက်ပြန်ပေါက်တဲ့ နှမ်းခင်းတွေ ပေါ်တာပါ။

'သိပ်မသန့်ရင် နှမ်းတစ်တင်း ကျပ် ၂၂၀၀၀ ကနေ ၂၅၀၀၀ လောက်ပဲရနေတယ်။ သန့်ရင်တော့ ကျပ် ၃၀၀၀၀ လောက်ရပါတယ်။ အရင်နှစ်တွေကဆိုရင် ကျပ် ၄၀၀၀၀ လောက် အထိရပါတယ်။ ဒီနှစ်လည်း နှမ်းဈေး ဆက်တက်လာမယ်လို့ ကျွန်တော်တို့နှမ်းစိုက်တောင်သူတွေ မျှော်လင့်မိပါတယ်" ဟု ပြောသည်။

ဒေသခံတောင်သူများသည် ယခုနှစ်တွင် သဘာဝဘေးဒဏ်ခံရ၍ စိုက်ခင်းများပျက်စီးဆုံးရှုံးမှုများနှင့် ကြုံခဲ့ရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## တံငါတဲများအား ဆင်များ ဝင်ရောက်ဖျက်ဆီး

**အုတ်ဖို ဇွန် ၂၁**

အုတ်ဖိုမြို့နယ် ချောင်းဂေါင်းကျေးရွာအုပ်စုအတွင်းရှိ ရဲစခန်း၏အရှေ့တောင်ဘက် ၁၇ မိုင်ခန့်အကွာ မင်းလှရေလှောင်တမံ ဆည်ပေါင်ပေါ်တွင်ဆောက်လုပ်ထားသော တံငါတဲသုံးလုံးအား မင်းလှဆည်သစ်တောကြိုးဝိုင်းအတွင်းရှိ တိမ်မြုပ်ဆင်ကျောင်းစခန်းတွင် (ပိုင်ရှင်စုံစမ်းမရ) လွတ်ကျောင်းထားသော ဆင်လေးကောင်က ဇွန် ၁၉ ရက် ည ၁၀ နာရီခန့်က ဝင်ရောက်ဖျက်ဆီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဆင်လေးကောင်ဖျက်ဆီးမှုကြောင့် တဲပိုင်ရှင် ဦးအောင်တင်မိုး၏ တဲဘေးကာထရံတစ်ချပ်၊ ဆန်တစ်အိတ်ခွဲနှင့် ဆန်ကွဲတစ်အိတ်ခန့် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀ ခန့်၊ ဦးအောင်ဝင်း တံငါတဲမီးဖိုဆောင်ဘေးကာထရံတစ်ချပ်၊ ဆန်နှစ်အိတ်နှင့် ဆန်ကွဲတစ်အိတ်ခန့်မှန်းတန်ဖိုး ၆၃၀၀၀ ကျပ်ခန့်၊ ဦးကြည်စိုး၏ တဲဘေးကာထရံတစ်ချပ်၊ ဆန်နှစ်အိတ်ခန့် ခန့်မှန်းတန်ဖိုး ၄၈၀၀၀ ကျပ်ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

လူနှင့်အိမ်မွေးတိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ဆင်လေးကောင်မှာ မင်းလှဆည်သစ်တောကြိုးဝိုင်းအတွင်းသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်သူနည်းပညာပေး ဆွေးနွေးပွဲ ကျောက်မဲတွင်ပြုလုပ်

**ကျောက်မဲ ဇွန် ၂၁**

တောင်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်၏ အင်အားစုကို အကျိုးရှိစွာအသုံးချနိုင်စေရန်နှင့် တစ်ချိန်တည်း သီးနှံတစ်မျိုးထက်ပို၍ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကျောက်မဲမြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူအေးက စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မြင့်နွယ်က ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုရေးကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ဆွေဆွေမြင့်က မျိုးကောင်းမျိုးသန့်အသုံးပြုရေးကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံက ပိုးမွှားရောဂါကာကွယ်ရေး နည်းစနစ်များကိုလည်းကောင်း ဆွေးနွေးပေးခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူ တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။ ဆွေးနွေးပွဲသို့ ပိန္နဲကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၄ ရွာမှ တောင်သူများ တက်ရောက်ခဲ့ကြပြီး ယင်းတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **သိန်းသန်း(ကျောက်မဲ)**

# "ဒုက္ခသည်များလည်း လူပါပဲ"

မောင်သောင်းဝင်း(တမန်ဟောင်း)



ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စအင်ဂျလီနာဂျိုလီ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဂျာမိုင်ကောင်း တိုက်ပွဲရှောင် စခန်းသို့ သွားရောက်လေ့လာစဉ်။

ဒုက္ခသည်များသည် အခြားလူသားများကဲ့သို့ပင် ဂုဏ်သိက္ခာရှိကြသည့် သက်ရှိလူသားများ ဖြစ်ကြသည်။ ထိုဒုက္ခသည်များသည် အိမ်ခြေရာမဲ့မဖြစ်ခင်က ဘဝကိုပျော်ရွှင်ချမ်းမြေ့စွာဖြတ်သန်းရှင်သန်ခဲ့ကြပြီး ၎င်းတို့၏ အန္တိမရည်မှန်းချက်သည် အခြားလူသားများကဲ့သို့ ပုံမှန်ဘဝကို ပြန်လည်ရောက်ရှိရေးပင်ဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် ဇွန် ၂၀ ရက်တွင် 'ကမ္ဘာ့ဒုက္ခသည်များနေ့' ကျင်းပပေးလျက်ရှိသည်။ ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီ (UNHCR) နှင့် အရပ်ဘက်အဖွဲ့အစည်းများသည် စစ်ပွဲများ၊ ပဋိပက္ခများနှင့် ဖိစီးနှိပ်စက်မှုများကြောင့် အိုးအိမ်စွန့်ခွာပြေးခဲ့ကြရသည့် ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်များနှင့် အိမ်ခြေရာမဲ့ သန်းပေါင်းများစွာ၏ အခြေအနေကို ပြည်သူများသိရှိပြီး ကိုယ်ချင်းစာနာ နားလည်နိုင်စေရန်အတွက် ထိုအခမ်းအနားကို စည်းရုံးကျင်းပခြင်းဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက်တွင် ဆုံးဖြတ်ချက်အမှတ် ၅၅/၇၆ ချမှတ်ခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်မှစ၍ ကမ္ဘာ့ဒုက္ခသည်များနေ့ကို စတင်ကျင်းပသွားရန် ဆုံးဖြတ်ခဲ့သည်။ ထိုနှစ်သည် ဒုက္ခသည်များ၏အဆင့်အတန်းနှင့်စပ်လျဉ်း၍ '၁၉၅၁ ခုနှစ် ပဋိညာဉ်' ပြဋ္ဌာန်းမှုနှစ် ၅၀ ပြည့်သည့် ရွှေရတုနှစ်လည်းဖြစ်သည်။ အာဖရိကသမဂ္ဂသည် ၂၀၀၀ ပြည့်နှစ် မတိုင်မီကတည်းက နှစ်စဉ် ဇွန် ၂၀ ရက်၌ နိုင်ငံအတော်များများတွင် အာဖရိကဒုက္ခသည်များနေ့အား တရားဝင်ကျင်းပလျက်ရှိသည်။ အာဖရိကဒုက္ခသည်များနေ့နှင့်အပြိုင် နှစ်စဉ် ဇွန် ၂၀ ရက်တွင် ကမ္ဘာ့ဒုက္ခသည်များနေ့ ကျင်းပသွားရန် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို အာဖရိကသမဂ္ဂကလည်း သဘောတူညီလက်ခံခဲ့သည်။

စစ်ပွဲများ၊ ပဋိပက္ခများ၊ ဖိစီးနှိပ်စက်မှုများနှင့်သဘာဝဘေးအန္တရာယ်များကြောင့် ကမ္ဘာတစ်ဝန်းတွင် သန်း ၆၀ ကျော်သောပြည်သူများသည် အိမ်ခြေရာမဲ့ဒုက္ခသည်များဖြစ်နေကြရသည်။ ဆီးရီးယားတစ်နိုင်ငံတည်း၌ပင်လျှင် ပြည်သူ ၄ ဒသမ ၆ သန်းသည် အိမ်ခြေရာမဲ့ ဒုက္ခသည်များဖြစ်နေကြသည်ဟုဆိုသည်။ အာဖရိက၊ ဗဟိုအာရှနှင့်အရှေ့အလယ်ပိုင်းဒေသတို့ရှိ ပဋိပက္ခများမှလည်း ပြည်သူသန်းပေါင်းများစွာသည် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရသည်။ ထိုဒုက္ခသည်များအနက်မှ အနည်းငယ်သာလျှင် တတိယနိုင်ငံ၌ အခြေချနေထိုင်ခွင့် အခွင့်အလမ်းရရှိကြသည်။ ကျန်ပြည်သူများသည် ဒုက္ခသည်စခန်းများ၌သာ အတိဒုက္ခရောက်နေကြရသည်။ အားလုံးဝိုင်းဝန်းညှိနှိုင်းအဖြေရှာကြမှသာလျှင် ထိုဒုက္ခသည်များအရေးသည် အတိုင်းအတာတစ်ခုအထိ ဖြေလျှော့နိုင်မည်ဖြစ်သည်။

ဒုက္ခသည်များတွင် မိမိသဘောဆန္ဒအလျောက်ရွှေ့ပြောင်းနေထိုင်သူ၊ နိုင်ငံရေး၊ စစ်ရေးနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် ဒုက္ခရောက်နေသူ စသည်ဖြင့်အကြောင်းအရာမျိုးစုံပါဝင်သည်။ ဒုက္ခသည်တိုင်းသည် သဘာဝအားဖြင့် ပြောင်းရွှေ့နေထိုင်သူတစ်ဦး ဖြစ်နိုင်သော်လည်း ပြောင်းရွှေ့နေထိုင်သူတိုင်းသည် ဒုက္ခသည် မဖြစ်နိုင်ချေ။ ဒုက္ခသည်တစ်ဦးသည် အသက်ရှင်ရပ်တည်ရေးအတွက် ကြိုးပမ်းရုန်းကန်စဉ် အမြဲတမ်းနေထိုင်နိုင်မည့်နေရာကို ရှာဖွေတွေ့ရှိခဲ့လျှင် နိုင်ငံသားသစ်အဖြစ် အသိအမှတ်ပြုခံရနိုင်ပေသည်။ ထိုသို့အသိအမှတ်ပြုခံရလျှင် ခိုလှုံခွင့်ရရှိသူ၊ သို့မဟုတ် ပြန်လည်နေရာချထားခြင်းခံရသူ၊ သို့မဟုတ် ထိုအခွင့်အရေးနှစ်မျိုးစလုံးကို ရရှိသူဖြစ်သည်။

ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းသူများ၊ အိမ်ခြေရာမဲ့များ၊နိုင်ငံမဲ့များ၊ နေရင်းနိုင်ငံပြန်များအား အကာအကွယ်ပေးခြင်းသည် ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီ (UNHCR) အတွက်အဓိကလုပ်ပိုင်ခွင့်အာဏာဖြစ်သည်။ UNHCR သည် လွန်ခဲ့သော ဆယ်စုနှစ်ခြောက်ခုကျော်ကာလအတွင်း ဒုက္ခသည်သန်းပေါင်းများစွာအား စောင့်ရှောက်ကာကွယ်ပေးခြင်း၊ အမိုးအကာ၊ အရေးပေါ်အကူအညီ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ တရားဥပဒေကြောင်းဆိုင်ရာဆွေးနွေးတိုင်ပင်မှုနှင့် ပြိုကွဲနေသောမိသားစုများ ပြည်လည်ပေါင်းစည်ရေးအတွက် ရေရှည်အဖြေများရှာဖွေပေးခြင်းဖြင့် ထောက်ပံ့ဖြည့်ဆည်း ကူညီပေးခဲ့သည်။

ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်သူထောင်ပေါင်းများစွာသည် အကြမ်းဖက်မှုအန္တရာယ်များမှ လွတ်မြောက်ရေးအတွက် ၎င်းတို့၏ အိုးအိမ်များကိုစွန့်ခွာပြီး ပြည်တွင်း၊ ပြည်ပတွင်ဒုက္ခသည်များအဖြစ် နေ့စဉ်ထွက်ပြေးခိုလှုံနေကြရသည်။ အများစုသည် ၎င်းတို့၏မိသားစုများကို မည်သည့်အချိန်တွင်ပြန်လည်တွေ့ဆုံရမည်ကို မသိနိုင်ကြသလို ထပ်မံပြန်လည်တွေ့ဆုံခွင့်ရှိ-မရှိကိုလည်း အတိအကျမသိရှိဘဲ ထားခဲ့ကြရပြီး ထွက်ပြေးခိုလှုံနေကြရခြင်းဖြစ်သည်။ ထို့အပြင် ဒုက္ခသည်များသည် ပညာဆက်လက်သင်ယူခွင့်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း စွန့်လွှတ်ခဲ့ကြရသည်။ ပညာရေးသည် ဘဝတိုးတက်ပြောင်းလဲရေးအတွက် စွမ်းအားတစ်ရပ်ပင်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေမည်ဆိုလျှင် ဒုက္ခသည်အရေ အတွက်လည်း ဆက်လက်မြင့်တက်နေမည်ဖြစ်သည်။ ဒုက္ခသည်များ၏ အခြေခံလိုအပ်ချက်များသည် အသိအမှတ်ပြုလက်မှတ်၊ တရားမျှတမှုရှိသော ခိုလှုံခွင့်စနစ်၊ အခြေခံကျသော ဝန်ဆောင်မှုများ၊ အမိုးအကာနှင့်အစားအသောက်များရရှိရေးတို့ဖြစ်သည်။ ဒုက္ခသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏လိုအပ်ချက်သည် အမျိုးသားများနှင့် ယောကျ်ားကလေးများ၏ လိုအပ်ချက်များနှင့် ကွဲပြားခြားနားလျက်ရှိသည်။ အကူးအပြောင်းကာလတစ်ခုတွင် အမျိုးသမီးများအတွက် အဓိကစိန်ခေါ်မှုသည် မျိုးပွားမှု ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကျား၊ မခွဲခြားဆက်ဆံ အမြတ်ထုတ်ခံရမှုများဖြစ်သည်။

လက်ရှိအချိန်တွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ရွှေ့ပြောင်းဒုက္ခသည်များစွာသည် ဥရောပဒေသသို့ စီးဆင်းဝင်ရောက်လျက်ရှိကြသည်။ ဥရောပခေါင်းဆောင်များသည် တစ်နေ့တစ်ခြား တိုးပွားလာသောဒုက္ခသည်များအရေးကြောင့် ခေါင်းခြောက်လျက်ရှိသည်။ အဓိကပြဿနာသည် ဒုက္ခသည်များနှင့် အိမ်ရှင်နိုင်ငံသားများအကြား Culture Shock ပင်ဖြစ်သည်။ မတူညီသောအလေ့အထများကို သဟဇာတဖြစ်အောင် ပေါင်းစည်းရန်သည် လွန်စွာနူးညံ့သိမ်မွေ့လှပေသည်။ ထို့ထက်ဆိုးရွားသော ပြဿနာသည် ဒုက္ခသည်များနှင့်အတူ အကြမ်းဖက်သမားများ ရောနှောစိမ့်ဝင်လာမှုဖြစ်သည်။ ယင်းကြောင့် ဥရောပနိုင်ငံများမှ ပြည်သူများသည် ဒုက္ခသည်များလက်ခံရေးနှင့်စပ်လျဉ်း၍ အပြင်းအထန်ဆန့်ကျင်ကန့်ကွက်နေခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဒုက္ခသည်များသည်လည်း ဂုဏ်သိက္ခာရှိကြသည့် သက်ရှိလူသားများဖြစ်ကြသဖြင့်လျစ်လျူရှုမထားဘဲ လူသားချင်းစာနာထောက်ထားသောအကူအညီများ ပေးသင့်ပေသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း တချို့သောပြည်နယ်များတွင် တိုက်ပွဲရှောင်ဒုက္ခသည်များရှိသလို တချို့သောဒေသများတွင် သဘာဝဘေးအန္တရာယ်သင့် ဒုက္ခသည်များ ရှိနေကြသည်။ သဘာဝဘေးဒဏ်သင့် ဒုက္ခသည်များသည် အခိုက်အတန့်သာဖြစ်သော်လည်း တိုက်ပွဲရှောင်ဒုက္ခသည်များသည် ဒုက္ခသည်စခန်းများတွင် ဆယ်စုနှစ်များစွာ ကြာနေပြီဖြစ်သည်။ ထိုဒုက္ခသည်စခန်းများတွင် ခိုလှုံနေကြရသော ကလေးငယ်များ၏ ပညာရေးသည် မတွေးဝံ့စရာပင်ဖြစ်သည်။ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုသည်လည်း ပြည့်စုံနိုင်မည်မဟုတ်ချေ။

စာရေးသူအပါအဝင် ပြည်သူအားလုံးသည် မိသားစုများနှင့်အတူ အေးချမ်းပျော်ရွှင်စွာနေထိုင်နိုင်ကြသော်လည်း ဒုက္ခသည်စခန်းများရှိ တိုက်ပွဲရှောင်ပြည်သူများသည် မျှော်လင့်ချက်ကင်းမဲ့နေကြသည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် အနာဂတ်ပျောက်နေကြသည်။ စားဝတ်နေရေးနှင့် ဆေးဝါးစောင့်ရှောက်မှု၊ ပညာသင်ကြားရေးတို့အတွက် ယာယီအကူအညီများပေးထားသော်လည်း ပြည့်စုံမှုရှိနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် အပြစ်မဲ့ပြည်သူအားလုံး အေးချမ်းပျော်ရွှင်စွာ အသက်မွေးဝမ်းကျောင်းပြုနိုင်ပြီး မျိုးဆက်သစ်လူငယ်များ အကြောက်အလန့်ကင်းစွာဖြင့် ပညာသင်ယူနိုင်ရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များအကြား ဆွေးနွေးညှိနှိုင်း အဖြေရှာသွားရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ဒုက္ခသည်များသည်လည်း စာရေးသူတို့ကဲ့သို့ သက်ရှိလူသားများဖြစ်ကြသည်။ စစ်ပွဲများနှင့် ပဋိပက္ခများကြောင့် အိုးအိမ်စွန့်ခွာပြီး ဒုက္ခသည်စခန်းများတွင် ခိုလှုံနေကြရခြင်းဖြစ်သည်။ မတတ်သာ၍ ဒုက္ခသည်ဖြစ်နေကြရသည့်ပြည်သူများကို ကိုယ်ချင်းစာတရား လက်ကိုင်ထား၍ ထောက်ပံ့ကူညီ ဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးသွားသင့်ပါသည်။ အထူးသဖြင့် ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသော ကလေးငယ်များ ဆက်လက်ပညာသင်ယူခွင့်ရရှိရေးကို အလေးထားဖြည့်ဆည်း ကူညီပေးသင့်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအနေဖြင့် အပြုသဘောဆောင်ကာ ဆွေးနွေးညှိနှိုင်း အဖြေရှာသွားမည်ဆိုလျှင် အနာဂတ်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး၌ ဒုက္ခသည်ဦးရေ တဖြည်းဖြည်းလျော့ကျလာမည်မှာ အသေအချာပင်ဖြစ်သည်။

အများစုသည် ၎င်းတို့၏မိသားစုများကို မည်သည့်အချိန်တွင် ပြန်လည်တွေ့ဆုံရမည်ကို မသိနိုင်ကြသလို ထပ်မံပြန်လည် တွေ့ဆုံခွင့်ရှိ-မရှိကိုလည်း အတိအကျမသိရှိဘဲ ထားခဲ့ကြရပြီး ထွက်ပြေးခိုလှုံနေကြရခြင်းဖြစ်သည်။ ထို့အပြင် ဒုက္ခသည်များသည် ပညာဆက်လက်သင်ယူခွင့်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကိုလည်း စွန့်လွှတ်ခဲ့ကြရသည်။ ပညာရေးသည် ဘဝတိုးတက် ပြောင်းလဲရေးအတွက် စွမ်းအားတစ်ရပ်ပင်ဖြစ်သည် . . .

**ခ** ထွန်းအောင်လှ(လုပ်ငန်းခွင်ကျန်းမာရေး)

# ဆေးလိပ်ကင်းစင်ရေး ကျန်းမာရေးအသိပညာပေး



နှစ်စဉ် မေလ (၃၁)ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ်သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ကျင်းပကြပါသည်။ ကမ္ဘာပေါ်တွင် လူများဆေးလိပ်သောက်သုံးလာခဲ့ကြသည်မှာ ရာစုနှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ထို့အတူ ဆေးလိပ်၏ဆိုးကျိုးဒုက္ခအဖုံဖုံကို ခံစားခဲ့ကြရသည်မှာလည်း နှစ်ကာလကြာပြီဖြစ်သည်။

ဆေးလိပ်၏ ဆိုးကျိုးများကို သိမြင်လာခဲ့ကြသည့် ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၏ ဖော်ထုတ်ကြိုးပမ်းချက်များနှင့် အုပ်ချုပ်သူအာဏာပိုင်တို့၏ ပံ့ပိုးကူညီမှုများ၊ ကျန်းမာရေးအသိပညာ ကြွယ်ဝလာသော ပြည်သူတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ကမ္ဘာ့နိုင်ငံအချို့တို့တွင် ဆေးလိပ်သောက်သုံးမှုများ လျော့ကျလာခဲ့သော်လည်း နိုင်ငံအတော်များများတွင် ဆေးလိပ်သောက်သုံးမှုက သိသိသာသာလျော့ကျမသွားသေးကြောင်း တွေ့ရှိနေရပါသည်။ ထိုအထဲတွင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ထိပ်တန်းနေရာမှ ပါဝင်နေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူ သန်းတစ်ထောင်ကျော်ရှိသည့်အနက် အများစုမှာ အာရှတိုက်မှဖြစ်ကြောင်း ခန့်မှန်းထားပါသည်။ မြန်မာနိုင်ငံတွင်လည်း ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုမြင့်မားပြီး ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်ရင်ဆိုင်နေရကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကူးစက်ရောဂါများကို အထိုက်အလျောက်ကာကွယ်ထိန်းချုပ်လာနိုင်သော်လည်း ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုနှင့်နီးနွယ်သည့် ကူးစက်ခြင်းမဟုတ်သော နာတာရှည်ရောဂါများဖြစ်ပွားမှု၊ သေဆုံးမှုများ တိုးတက်များပြားလာသည်ကို တွေ့ရှိရပါသည်။

မိမိတို့နိုင်ငံ၌ ဆေးလိပ်သောက်သုံးမှုလျော့ကျစေရေးအတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း လိုက်နာမှုအပိုင်း၌ အားနည်းနေသေးသည်ကို တွေ့ရှိနေရပါသည်။ သာဓကအားဖြင့် လမ်းဘေးကွမ်းယာဆိုင်များ၌ ဆေးလိပ်များကို တစ်လိပ်ချင်းဝယ်ယူ၍ ရနေသေးခြင်း၊ ဥပဒေအရ အသက်မပြည့်သေးသော ကလေးငယ်များသည်လည်း ဆေးလိပ်ကို လွတ်လပ်စွာဝယ်ယူ၍ ရနေသေးခြင်း၊ အချို့သော ဆေးလိပ်ရောင်းချသူများမှာ အသက်မပြည့်သေးသော ကလေးငယ်များဖြစ်နေခြင်း၊ ဆေးလိပ်ရောင်းသောဆိုင်အများစု၌ ဆေးလိပ်အန္တရာယ်သတိပေးစာတန်းများ ကပ်ထားမှုမရှိခြင်းစသည်တို့က နိုင်ငံအနှံ့၌ ရှိနေသေးသည်ကိုကြည့်လျှင် သိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှုလျှော့ချရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ လုပ်ဆောင်ခဲ့ပါသည်။ ယခုလည်း လုပ်ဆောင်နေဆဲဖြစ်ပါသည်။ ပြည်သူတို့အနေဖြင့် ကျန်းမာရေး အသိပညာဗဟုသုတကြွယ်ဝမှသာလျှင် ဆေးလိပ်၏ဆိုးကျိုးများကိုသိမြင်ပြီး ဆေးလိပ်သောက်သုံးမှုနှုန်းထားများလျော့ကျလာမည်ဖြစ်ပါသည်။ သို့အတွက်ကျန်းမာရေးအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။ ဆေးလိပ်ထုပ်ပေါ်တွင် ဆေးလိပ်အန္တရာယ်နှင့် ပတ်သက်၍ အရွယ်အစားကြီးမားသော သတိပေးရုပ်ပုံနှင့် စာတန်းဖော်ပြမှုသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုတို့၏ ဆိုးကျိုးများကို ကုန်ကျစရိတ်အသက်သာဆုံးဖြင့် ပြည်သူလူထုကိုအသိပေးနိုင်သည့် နည်းလမ်းဖြစ်သည်ဟု အဆိုပါကွန်ဗင်းရှင်းမှ အသိအမှတ်ပြု ဖော်ပြထားပါသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အလျောက် ဆေးလိပ်ကြော်ငြာများအား လုံးဝပိတ်ပင်တားမြစ်ခြင်း၊ ဆေးလိပ်မသောက်ရသည့်နေရာများသတ်မှတ်ခြင်းတို့ကို အမိန့်ကြော်ငြာစာများထုတ်ပြန်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ပြည်သူလူထုများက တိကျစွာလိုက်နာဆောင်ရွက်ရန်သာ လိုပါသည်။

'ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် အသိပေးတင်ပြခြင်း' အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန၌ ယခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်က ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့် စက်တင်ဘာလ ၁ ရက်နေ့တွင်စတင်၍ အာဏာသက်ရောက်မည်ဖြစ်ပါသည်။

ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေနှင့် အမိန့်ကြော်ငြာစာများကို လိုက်နာစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ရာ ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူ လူထုတစ်ရပ်လုံးနှင့် ပိုမိုထိရောက်စွာပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဟု သိရပါသည်။ ဆေးလိပ်ထုပ်ပေါ်တွင် သတိပေးရုပ်ပုံထည့်ခြင်းဖြင့် စာမတတ်သူများပင် ဆေးလိပ်၏ဆိုးကျိုးကို ချက်ချင်းသိနိုင်သည့်အတွက် ကျန်းမာရေးအသိပညာပေးရာတွင် များစွာအကျိုးရှိမည်ဖြစ်ပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာအရ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူသည် ဆေးလိပ်ထုပ်ပေါ်တွင် သတိပေးရုပ်ပုံနှင့်စာသားကို ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏ အပေါ်ပိုင်း ၇၅ ရာခိုင်နှုန်းထက်မနည်းစေဘဲ ပုံနှိပ်ဖော်ပြရမည်ဖြစ်ပါသည်။ အဆိုပါ ၇၅ ရာခိုင်နှုန်းအနက် ဆေးရွက်ကြီးသုံးစွဲမှု၏ ဆိုးကျိုးများသတိပေးရုပ်ပုံကို ၅၀ ရာခိုင်နှုန်းနှင့် သတိပေးစာတန်းကို ၂၅ ရာခိုင်နှုန်း ဖော်ပြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုနှစ် ၂၀၁၆ ခုနှစ် မေလ ၃၁ ရက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အတွက် ဆောင်ပုဒ်အဖြစ် "Get ready for plain packaging" ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ပေးထားပါသည်။ အဆိုပါဆောင်ပုဒ်အား "ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုလျှော့ချရေး ထုပ်ပိုးမှုစံသတ်မှတ်ပေး ဝိုင်းဝန်းအကောင်အထည်ဖော်စို့မနှေး" ဟု မြန်မာမှုပြုထားပါသည်။

Plain packaging ဆိုသည်မှာ ဆေးလိပ်ထုပ်များကို သတ်မှတ်ပုံစံအတိုင်း ထုပ်ပိုးထားရှိခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲလိုစိတ်နှင့် သုံးစွဲခြင်းကို လျှော့ချရန်၊ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုကြောင့်ဖြစ်တတ်သည့် ကျန်းမာရေးအန္တရာယ်ကို မြင်သာသောနည်းလမ်းဖြင့် ဖော်ပြခြင်းဖြင့် ပြည်သူလူထုမှ ပိုမို၍သတိမူမိပြီး ထိရောက်မှုရှိစေရန်၊ ထုပ်ပိုးမှုပုံစံမျိုးစုံဖြင့် ဆေးလိပ်သောက်သုံးသူများကို ဆွဲဆောင်လျက်ရှိကာ ကျန်းမာရေး ဆိုင်ရာထိခိုက်မှုအန္တရာယ်နှင့် ပတ်သက်သော အချက်အလက်များကို ဝေဝါးစေသည့် စျေးကွက်တွင်းမှ ဆေးလိပ်ထုပ်ပိုးမှုပုံစံများကို ကန့်သတ်လျှော့ချနိုင်ရန် ဖြစ်ပါသည်။

Plain packaging တွင် ဆေးလိပ်ကုမ္ပဏီများ၏ ကုန်အမှတ်တံဆိပ်များ၊ အရောင်အသွေးများနှင့် တံဆိပ်ကိုသိသာစေသောပုံများ၊ ရောင်းအားမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ဖော်ပြထားသော အချက်အလက်များ စသည်တို့ဖော်ပြခြင်းအပေါ် ပိတ်ပင်တားမြစ်ခြင်းဖြစ်ပြီး၊ ထုတ်ကုန်အမှတ်တံဆိပ်များကို သတ်မှတ်ထားသောအရောင်အသွေး၊ စာလုံးပုံစံဖြင့်သာ ဖော်ပြခွင့်ပြုခြင်းဖြစ်သည်။

Plain packaging သည် ဆေးလိပ်ရောင်းအား မြှင့်တင်နိုင်သော ထုပ်ပိုးမှုပုံစံများကို ထိန်းချုပ်ခြင်း၊ ကျန်းမာရေးအန္တရာယ်နှင့် ပတ်သက်သော အချက်အလက်များကို ဝေဝါးစေသည့်စာသားများ ပုံနှိပ်ဖော်ပြခြင်းများကို ထိန်းချုပ်ခြင်းနှင့် ကျန်းမာရေးအန္တရာယ်နှင့်ပတ်သက်သော အချက်အလက်များကို ပိုမိုမြင်သာအောင် ပုံနှိပ်ဖော်ပြစေခြင်းဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ ဆွဲဆောင်အားကိုလျှော့ချကာ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲလိုမှုကို လျော့ကျစေနိုင်သည့် အရေးပါသော လုပ်ငန်းဖြစ်ပါသည်။

Plain packaging နှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် ဩစတြေးလျနိုင်ငံသည် ပထမဦးဆုံး အကောင်အထည်ဖော်ဆောင်ရွက်သည့်နိုင်ငံဖြစ်ပြီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်မှစ၍ အဆိုပါနိုင်ငံ၌ ဥပဒေများ အကျိုးဝင်ခဲ့ပါသည်။ အိုင်ယာလန်နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် မြောက်အိုင်ယာလန်နိုင်ငံတို့သည် Plain packaging ကို အကောင်အထည်ဖော်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် ဥပဒေများပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ် မေလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

ထို့အတူ နိုင်ငံအချို့တို့တွင်လည်း Plain packaging လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေများရေးဆွဲ၍ စီစဉ်လျက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။ နိုင်ငံတကာမှလည်း ဩစတြေးလျနိုင်ငံ၏ Plain Packaging နှင့်ပတ်သက်သည့် အတွေ့အကြုံများကို စောင့်ကြည့်လေ့လာလျက်ရှိနေပါသည်။

ဆေးလိပ်ကြော်ငြာ ဆိုင်းဘုတ်ကြီးများ ယခင်အခါကရှိခဲ့သလို ယခုအခါတွင် ဆေးလိပ်အန္တရာယ် အသိပညာပေး ပိုစတာကြီးများ၊ ဆိုင်းဘုတ်ကြီးများစိုက်ထူ၍ ပြည်သူလူထုအား အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သင့်ပါသည်။ လူသားတို့အား ကျန်းမာရေးနှင့်ပတ်သက်၍ ဆိုးကျိုးအန္တရာယ်များစွာကို ဖြစ်ပေါ်စေသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖြစ်နိုင်သမျှသော နည်းလမ်းပေါင်းစုံကို အသုံးပြု၍ ဆောင်ရွက်သင့်ပါသည်။

ပြည်သူလူထု၏ စိတ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည်ဆိုသည်ကို ငယ်စဉ်ကတည်းက သိရှိနားလည် သဘောပေါက်ထားရန် အသိပညာပေးခြင်း လုပ်ငန်းများကို မူလတန်းကျောင်းသားအရွယ်ကပင် ပြုလုပ်ထားသင့်ပါသည်။ လူသားတို့၏ စိတ်သည် ပြုလုပ်ချက်တစ်ခု၏ ကောင်းကျိုးဆိုးပြစ်များသည် ချက်ခြင်းဖြစ်ပေါ်မှသာ သတိထားဆင်ခြင်ကြသည့်သဘော ရှိတတ်ပါသည်။ ဥပမာအားဖြင့် ခတ်လိုက်လျှင် သေတတ်သည်ကိုသိသဖြင့် လျှပ်စစ်မီးကို ဂရုစိုက်တတ်ကြပါသည်။ သို့သော် ဆေးလိပ်သောက်လျှင် ဖြစ်တတ်သည့် ဆိုးကျိုးများမှာ ချက်ချင်းလက်ငင်း မဖြစ်ပေါ်သဖြင့် ဆေးလိပ်အန္တရာယ်ကို အလေးအနက်မထားကြသည်ကို တွေ့နေရပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၏ ကျန်းမာရေးဆိုင်ရာဆိုးကျိုးများမှာ ချက်ချင်းမဖြစ်ပေါ်သော်လည်း လူမှုရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများမှာ ချက်ချင်းဖြစ်ပေါ်တတ်ပါသည်။ သာဓကအားဖြင့် လွန်ခဲ့သော နှစ်နှစ်ခန့်က နယ်မြို့တစ်ခုတွင်ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခု ကြားသိခဲ့ရပါသည်။ ညဘက်တွင် မူလတန်းအရွယ်သမီးငယ်အား ဖခင်ဖြစ်သူက ဆေးလိပ်ဝယ်ခိုင်းသဖြင့် သမီးငယ်မှ သွားဝယ်ပြီး ပြန်အလာတွင် ရုတ်တရက် မိုးသက်လေပြင်းတိုက်ခတ်လာကြောင်း၊ ယင်း ကလေးငယ်ခေတ်တိုင်အောက်အရောက်တွင် လေပြင်းအရှိန်ကြောင့် ပြတ်ကျလာသော ခေတ်ကြိုးသည် ကလေးငယ်အား ပတ်မိပြီးနောက် အဆိုပါကလေးငယ်သည် ခေတ်လိုက်၍ နေရာတွင်ပင် အသက်ဆုံးပါးသွားခဲ့ရသည့် ရင်နင့်ဖွယ်တကယ့်ဖြစ်ရပ်ဖြစ်ခဲ့ပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုများသည် ကျန်းမာရေးကိုသာမက လူမှုရေးနှင့် စီးပွားရေးတို့ကိုပါ ထိခိုက်ပျက်စီးဆုံးရှုံးစေနိုင်ကြောင်း ပြည်သူလူထုတစ်ရပ်လုံး သိရှိနားလည်သဘောပေါက် ထားရန်လိုအပ်ပါသည်။

သို့ဖြစ်၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုများကို ရိုးရာဓလေ့အဖြစ်မှတ်ယူ၍ အသုံးပြုနေမှုများကို ပြုပြင်ပြောင်းလဲခြင်း(ဥပမာ-အလှူအတန်း၊ ပွဲလမ်းသဘင်များ၌ ကွမ်း၊ ဆေး၊ လက်ဖက်တို့ဖြင့် ဧည့်ခံနေခြင်းတို့မှ ကွမ်းနှင့်ဆေးလိပ်ကိုဖယ်ရှားပစ်ခြင်း)၊ ကျန်းမာရေးဆိုင်ရာပညာရှင်များအနေဖြင့် သုတေသနလုပ်ငန်းများမှတစ်ဆင့် သိပ္ပံနည်းကျသော သက်သေအထောက်အထားများ ဖော်ထုတ်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုအန္တရာယ်များနှင့်ပတ်သက်သော အသိပညာ၊ ဗဟုသုတများကို ပြည်သူလူထုမှ ပိုမိုသိရှိလာရန် ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ဥပဒေများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲခြင်း၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုအပ်သလို ထုတ်ပြန်ခြင်းနှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း၊ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ နီးနွယ်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်သင့်ပါသည်။

အထူးအရေးကြီးသည်မှာ မိမိတို့နိုင်ငံ၏ ကျန်းမာရေးမူဝါဒများအပေါ် ဆေးလိပ်ကုမ္ပဏီများမှ ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်းများကို ထိန်းချုပ်နိုင်ရန် လိုအပ်ပါသည်။ စျေးကွက်အတွင်းတွင် တွေ့ရှိနေရသည့် ဆေးလိပ်ဘူး၊ ဆေးလိပ်ထုပ်အချို့တွင် ကျန်းမာရေးသတိပေးချက်မပါရှိခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ရောင်းအားမြှင့်တင်ရေးအတွက် အခမဲ့ဝေငှခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်း၊ ဆေးလိပ်အမှတ်တံဆိပ်ပါသည့် မီးခြစ်၊ ဆေးလိပ်ခွက်၊ ပြက္ခဒိန်စသည့်ပစ္စည်းများကို လက်ဆောင်ပေးခြင်း၊ ကြော်ငြာဗီနိုင်းများ၊ ပိုစတာများကပ်ခြင်း၊ လူမှုရေးနှင့် အားကစားလုပ်ငန်းများတွင် ကုန်ကျစရိတ်ထည့်ဝင်ကျခံခြင်း၊ လျှုဒါန်းခြင်း စသည့်နည်းလမ်းများသုံး၍ တစ်ဖက်လှည့်နည်းဖြင့် ကြော်ငြာခြင်းစသည်တို့ဖြင့် ဥပဒေချိုးဖောက်နေခြင်းများကို လက်မခံဘဲ ထိရောက်စွာ ဟန့်တားသင့်ပါသည်။

တာဝန်ရှိဌာနအသီးသီးကလည်း မိမိတို့နိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုထိန်းချုပ်ရေးနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေ၊ အမိန့်ကြေညာစာများ အသက်ဝင်ရေးအတွက် လိုအပ်သော အရေးယူမှုများကို တိတိကျကျဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ အဆိုပါဥပဒေ၊ အမိန့်ကြော်ငြာစာများ၏ ရည်ရွယ်ချက်များ အောင်မြင်မည်ဖြစ်ပြီး၊ ယင်းဥပဒေအကျိုးရလဒ်များကို ပြည်သူများ ခံစားနိုင်မည်ဖြစ်ပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးအန္တရာယ်များဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုများကို ရနိုင်သမျှသော နည်းလမ်းများဖြင့် ယခုထက်ပိုမိုပြုလုပ်သင့်ပြီး ပြည်သူလူထုကလည်း သိရှိနားလည် သဘောပေါက်ကာ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် မိမိတို့နိုင်ငံသည် ဆေးလိပ်ကင်းစင်သောနိုင်ငံဖြစ်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

> တာဝန်ရှိဌာနအသီးသီးကလည်း မိမိတို့နိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုထိန်းချုပ်ရေးနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေ၊ အမိန့်ကြေညာစာများ အသက်ဝင်ရေးအတွက် . . .


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့ အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ကြော်ငြာ





# လေယာဉ်မောင်းသင်တန်း

- ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင်
- စီးပွားရေးဆိုင်ရာလေယာဉ်မောင်းလိုင်စင်
- စီးပွားရေးဆိုင်ရာ ရဟတ်ယာဉ်မောင်းလိုင်စင်

ကိရိယာအတန်းအစား

လေယာဉ် A320 အဆင့် (Airbus A320)
ဘိုအင်း B737 အဆင့် (Boeing B737)
အမ်ဘရာ EMB 170/190 (Embraer)

- လေယာဉ်အသွားအလာထိန်းချုပ်မှုသင်တန်း
- လေယာဉ်ဝန်ထမ်းသင်တန်း
- လေယာဉ်ပြုပြင်ထိန်းသိမ်းရေးနည်းပညာ
- လေယာဉ်အတက်ပညာအင်ဂျင်နီယာ
- လေယာဉ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်း

ရန်ကုန်မြို့ တစ်ပတော်ခန်းမ အခန်းအမှတ်(၉၆) ၌ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များတွင် လာရောက်လေ့လာနိုင်ပါသည်။

အထူးမိတ်ဆက်ပွဲအား ၂၇-၆-၂၀၁၆ နေ့၊ နေ့လည် (၂) နာရီအချိန်တွင်

ရန်ကုန်မြို့၊ အုံမြို့နယ်၊ အမှတ်(၃၇)၊ အခန်း(၃၀၆/၃၀၉)၊ ၃ လွှာ၊ အလုံပြဘုရားလမ်း၊ လပြည့်ဝန်းပလာဇာရှိ ဖိုကယ်ပွိုင့်(အာရှ)မြန်မာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၀၁ ၃၇၆၉၄၆ ၀၉ ၉၄၂၀၀၄၉၆၀၃

info@fpamyanmar.com/admission@phills.biz
www.focalpointasia.com/www.phills.biz



# GUSTO International College

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ

**July Intake** အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင် စာမေးပွဲ (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4 skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များတင်သွင်းရမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံးပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက UK, USA, Australia, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
  (နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- ၂၀၁၆ ဇူလိုင်တန်းခွဲသစ် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

*နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။*

(09) 862 8806, (09) 789 888 222, (01) 504632

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။



## selfie (ဆယ်လ်ဖီ) ရိုက်ရင်ပိုလှစေတဲ့မိတ်ကပ်

**virosava® Brightening BB Balm**




မျက်နှာအသားအရောင် မညီမညာဖြစ်ခြင်း၊ ဝက်ခြံအကွက်များခြင်းနှင့် အမည်းအစက်အပြောက်များခြင်းဖြစ်နေသူတွေ၏ မျက်နှာများကို နုညက်သွားအောင် ဖုံးအုပ်ညှိပေးနိုင်စွမ်းရှိပါသည်။ သင့်မျက်နှာကိုလည်း လင်းလက်တောက်ပဝင်းမွတ်စေနိုင်စွမ်းရှိ၍ လူအများကြားတွင်ရှိရင်းစွဲအသက်ထက်နုပျိုပြီး ဆွဲဆောင်မှုအပြည့်ရှိသော " လူတစ်မျက်နှာ " အဖြစ် တင့်တယ်စေနိုင်စွမ်းရှိပါသည်။

လေဆာပန်းသီးတံဆိပ် အထူးသတိပြုရန် (ကျား / မ မရွေး သုံးနိုင်သည်)

Apple Production Co., Ltd : အမှတ် (A-29)၊ ဦးဝိစာရလမ်း၊ (၃၄) ဆိုးဓမ္မနုဝ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့
Ph : 09 86 18081, 09 49 316408



## မော်တော်ယာဉ်ပြင်အလုပ်ရုံ လုပ်ငန်းရှင်များအတွက်



**Aung Thein Than CO.,Ltd.** Hot Line : 09 799488777

No.64, Baho Road, Sanchaung Township, Yangon.
Tel : 01 508036, 527074, 09 73052555, 02 76469 , 067 27029 Fax : 527203
www.aungtheinthanmyanmar.com



TOKYO BBQ DINING

# MANPUKU



စိတ်လှုပ်ရှားဖွယ်
Promotion အစီအစဉ်များကို
တစ်လတစ်ခါ မထပ်အောင်
စီစဉ်ပေးလျက်ရှိပါသည်

(၁)သိန်းကျော် သုံးစွဲတိုင်း
**15,000 Ks Coupon**
လက်ဆောင်ပေးနေပါသည်

ဂျပန်အမဲသား(၂)ပွဲမှာလျှင်
ဝက်သား သုံးထပ်သား (၁)ပွဲလက်ဆောင်
ဂျပန်အမဲသား(၃)ပွဲမှာလျှင်
အမဲလျှာ(၁)ပွဲလက်ဆောင်

ဂျပန်စားဖိုမှူးကြီး MR.Naoki Watanabe ကိုယ်တိုင်ချက်ပြုတ်စီမံ၍ နိုင်ငံကျော် ရုပ်ရှင် မင်းသား၊ မင်းသမီး၊ အဆိုတော်များ... အထူးကြိုက်နှစ်သက် အားပေးလျက်ရှိသော **ဂျပန်အသားကင်ဆိုင်**

No.(30), Sagawar Street, Dagon Township, Yangon. TEL: 09-970137546, 09-8300426, 09-5046736



STRONG STEEL STRUCTURE

# STRONG

COMPANY LIMITED
SINCE 1998

RAISE YOUR LIVING STANDARD WITH STRONG STEEL ROOFING PRODUCTS

## 370 PU WALLING SHEET




## ကာလာ အလူမီနီယမ်အလွှာ အမိုး၊ အကာ၊ မျက်နှာကျက် သွပ်ပြားဓါတ်အားသာချက်များ

- Insulation PU ၏အကောင်းဆုံး အာနိသင်မှာ ပြင်းထန်သော အပူချိန်ကို လျော့နည်းသွားအောင် ထိန်းယူပေးနိုင်စွမ်း (Heat Resistance) မြင့်မားခြင်း
- အသံလုံ (Sound Proof) အာနိသင် ထိရောက်ကောင်းမွန်ခြင်း
- သိပ်သည်းမှု (Density) မြင့်မားခြင်း
- တပ်ဆင်ရန် လွယ်ကူပေါ့ပါး လျင်မြန်ခြင်း
- တောင့်တင်းခိုင်မာခြင်း၊ ရေရှည် ခိုင်ခံ့လှပ တင့်တယ်ခြင်း



**STRONG MANUFACTURING CO., LTD.**

**Head Office & Factory** - No. 83/84, Pyin Si Min Thar Gyi St., Hlaing Thar Yar Industrial Zone (4), Hlaing Thar Yar Tsp, Yangon.
☎: 01-685160, 685161, 685323, 09-422 540 156, 09-421 108 773

**Showroom & Sale Center**
**(1) Yangon** (Saw Bwar Gyi Gone) - ☎ : 01-644266, 642783
**(2) Mandalay** - ☎ : 02-23506, 09 91 051333, 09 421164606
**(3) Taunggyi** - ☎ : 09 50 46551

E-mail : strongsteel@myanmar.com.mm
Website : http://www.strongsteelproduct.com

**Hotline: 01-685720, 685721**

## ပါဝင်လှူဒါန်းနိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာတွင် သိပ္ပါလယ အင်ကြင်းကုန်းတောရ တရားရိပ်သာကို မည်သည့်နည်းနှင့်မဆို ရာသက်ပန်တရားအား ထုတ်လိုသော ရဟန်းရှင်လူ သူတော်စင်များအတွက် တည်ဆောက်နေပြီဖြစ်ပါသောကြောင့် အောက်ပါအလှူများကို လှူဒါန်းနိုင်ပါပြီ။

၁။ စုပေါင်းတရားထိုင်ရန် သိပ္ပါလယ ဓမ္မသာလာဓမ္မာရုံ၊ ပေ(၁၀၀×၅၀)
နံရံတစ်ခန်း-(၉)သိန်း၊ မျက်နှာကြက်-(၁၀)သိန်း၊
တိုင်(၁)လုံး-(၈)သိန်း၊ ဝရန်တာ-(၅)သိန်း၊ လှေကား (၁၅)သိန်း
၂။ သံဃာတော်များကျောင်းဆောင် ပေ(၅၀×၅၀) သိန်း(၁၀၀)
ရေချိုးခန်း၊ ကုဋီအပါအဝင်
၃။ ယောဂီအမျိုးသား/သမီး(၈)ယောက်ဆောင် ပေ(၁၀၀×၁၃) သိန်း(၁၀၀)
ရေချိုးခန်း၊ အိမ်သာအပါအဝင်
၄။ ယောဂီ အမျိုးသား/သမီး(၁)ယောက်ဆောင် ပေ(၁၅×၁၃) သိန်း(၃၀)
ရေချိုးခန်း၊ အိမ်သာအပါအဝင်
၅။ ရေကန်သေး - ၇၅၀၀၀ဝိ/-(ခုနစ်သိန်းငါးသောင်း)
၆။ မဟာရံအုတ်တံတိုင်း - ၈၀၀၀ဝိ/-(ရှစ်သောင်း)
၇။ အလင်းမီးတိုင် - ၈၀၀၀ဝိ/-(ရှစ်သောင်း)
ဆွမ်းစားဆောင် ပေ(၈၀×၄၀) စုပေါင်းအလှူ
နံရံ(၁)ခန်း (၅)သိန်း၊ တိုင်(၁)လုံး (၅)သိန်း၊ မျက်နှာကြက်(၅)သိန်း
ဆေးရုံ ပေ (၅၀×၃၀) သိန်း(၃၀၀)
ပိဋကတ်တိုက် ပေ(၃၀×၃၀) သိန်း(၂၀၀)

**ဆက်သွယ်လှူဒါန်းလိုပါလျှင်**
**ဘဒ္ဒန္တကုမ္မာရဘာသ (Eindobatha, Thipalaya. Monastery)**
**သိပ္ပါလယပရိယတ္တိစာသင်တိုက်နှင့်တောရရိပ်သာ**
**အမှတ်(၁၄/၂)ရပ်ကွက်၊ ဟသ်ာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၅၄၀၆၈၁၉၄၊ ၀၉-၃၂၀၃၈၉၆၈**

---

**အာရှနဂါး**
**Asia Dragon ကျိုက်ထီးရိုး**
**ချောင်းသာ/ငွေဆောင်**
Ph: 01 707062, 09 799100100
01 703790, 09 797100100

---

**GOLDEN STAR**
**ကျိုက်ထီးရိုး(နေ့စဉ်)**
**ချောင်းသာ (နေ့စဉ်)**
**ငွေဆောင် (နေ့စဉ်)**
Ph: 209200, 544383, 430480

---

**NT** 09 73139320
Car Rental 01 661668
ခရီးစဉ်မျိုးစုံနှင့်လချုပ်
ကားမျိုးမျိုးငှားရန်ရှိသည်

---

**ဆုံသစ္စာ**
Ph : 09 73174066
09 5504667

---

**သန်းဌေးနှင့်ရောင်းရင်းများ** မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
☆ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ခွယ်တော်လေးဆူ)၊ ပခုက္ကူ
☆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကဲ့လုံ၊ မွေတော်ကက္ကူ
☆ မန္တလေး-ဘုရားစုံဖူး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် အနှံ
☆ မန္တလေး၊ ပြင်ဦးလွင်၊ ဒီဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းစေတီ
(အပါတ်စဉ် သောကြာ ထွက်မည်)
☆ ပြည်-အကောက်တောင်၊ နတ်ရစ်ဆရာတော်ဖူး (ဇေချောင်းမြစ်)(စနေ)
☆ ဇလွန် ☆ နေပြည်တော် ☆ မဲလဲဆံတော်ရှင် (စနေ/တနင်္ဂနွေ)
Ph: 01-380141, 01-241863, 09-43043109, 09-73251422

---

**အမည်ပြောင်း**
အဖ ဦးစောမျိုးလွင်၏သား အမက(၃)မူလွန် မင်္ဂလာတောင်ညွန့်မြို့နယ် ဆဌမတန်းမှ မောင်စည်သူထွဋ်အား မောင်ဟိန်းနိုင်စိုး ဟု ပြောင်းလဲခေါ်ပါရန်။

---

စိတ်ဓာတ် စည်းကမ်း ပညာ
**ဆရာဦးကော်မျိုးအောင်**
ရူပဗေဒ B.E [Civil]
**UZMA**
**ကိုယ်ပိုင် အထက်တန်းကျောင်း**
(မှတ်ပုံတင်အမှတ် – ကက ၁၃/၁၁/၀၉၇)
ပညာကိုတန်ဖိုးထား၍ အောင်မြင်မှုရရန် စည်းကမ်းတကျ ကြိုးစားချင်သော ကျောင်းသား/သူ တို့ အားထားရာ
ဇွန်လ (ညနေပိုင်း) တန်းခွဲသစ် လက်ခံနေပြီ။
အမှတ်(၇၂၂/က) ကုန်းဘောင် (၁၆) လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပ။
09 515 3319, 0977 44 666 40, 09 451 555 009, 09 401 555 009











WIN SUPER PRIZE CAMPAIGN
အသုံးစွန်အေးမြမှု... အသုံးစွန်မြန်ဆန်မှု
ယခုပင်သင်ကိုယ်တိုင်ရယူခံစားလိုက်ပါ...
1st MAR - 31st MAY
Panasonic
GRAND PRIZE WINNER
ကိုငွေမျိုးဦး
သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဝယ်ယူသည့်ဆိုင်
ပြည့်စုံဝင်းနိုင် အရောင်းပြခန်း၊
ရန်ကုန်မြို့
SUZUKI
SUZUKI ERTIGA GRAND PRIZE
မေလအတွင်း ပန်နာဆိုးနစ် လေအေးပေးစက် ဝယ်ယူသူများထဲမှ ကံထူးရှင်များ
၄၂" LED တီဗွီ (TH-42C410X)
ဦးမြင့်လွင်နိုင်
လမ်း(၃၀)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဝယ်ယူသည့်ဆိုင်
ဝေယံအီလက်ထရောနစ်၊ ရန်ကုန်မြို့
ရေခဲသေတ္တာ (NR-BT224)
ဦးစိုးအောင်
မေဓာဝီလမ်း၊ ၅ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဝယ်ယူသည့်ဆိုင်
မျိုးသိန်း အီလက်ထရောနစ်၊ ရန်ကုန်မြို့
အဝတ်လျှော်စက် (NA-F75S)
ကိုသီဟထွန်း
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဝယ်ယူသည့်ဆိုင်
ဝေယံအီလက်ထရောနစ်၊ ရန်ကုန်မြို့
မိုက်ခရိုဝေ့မီးဖို (NN-GD371)
ဒေါ်ခင်မြမြ
တက္ကသိုလ်ရိပ်သာလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဝယ်ယူသည့်ဆိုင်
ပြည့်စုံဝင်းနိုင် အရောင်းပြခန်း၊ ရန်ကုန်မြို့
ဖုန်စုပ်စက် (MC-CG523)
ကိုမြတ်ကိုကို
၈၁လမ်း၊ ၁၁လမ်းနှင့် ၁၂လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
ဝယ်ယူသည့်ဆိုင်
မျိုးသိန်းအီလက်ထရောနစ်၊ မန္တလေးမြို့
Panasonic Showroom
ရန်ကုန် - အမှတ် G (၁၅)၊ တာဝါ D၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း (၀၁) ၈၆၀ ၄၆၅၇-၅၉ ၊
မန္တလေး - အမှတ် ၆၄၇၊ ၃၆လမ်းနှင့် ၇၈လမ်းထောင့်၊ ဟေမမာလာမြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ ဖုန်း (၀၂) ၆၀၄၈၈


LG Life's Good
WHY BLACK?
Only perfect black creates perfect color
Infinite contrast that takes you on an unprecedented visual experience.
LG OLED TV
Perfect Black, Perfect Color
"LG Brand တွင်သာ ရရှိနိုင်သော World First Curved OLED TV"
CES Innovation Award 2015 Honoree (65EG96)
TMW Enterprise Limited
Join us in celebrating
LG OLED TV DAY
in Yangon !
Date : June 25, 2016 (Saturday)
@ Myanmar Plaza
June 26, 2016 (Sunday)
@ Pansodan
Time : 2:00 pm - 5:00 pm
*** (၂) ရက်တည်းသာ Special Offer ဖြင့် ရောင်းချပေးပါမည်။ ***
LG Brand Shop Myanmar Plaza
အမှတ် (၁၉၂)၊ မြန်မာပလာဇာ - ဒုတိယထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၉၇၄၀၀၅၀၄၄
LG Brand Shop Pansodan
အမှတ် (၁၆၂ - ၁၆၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁ - ၂၅၄၅၆၁
LG loves Myanmar
TMW Enterprise Limited




## ဖခင်အမည်မှန်

ခရမ်းမြို့၊ အထက(၁)ဒသမတန်း(C)တွင် ပညာသင်ကြားနေသော မယုဇနာ၏ဖခင်အမည်မှန်မှာ ဦးပါတီ[၁၂/ခရန(နိုင်)၀၅၅၆၄၆] ဖြစ်ပါကြောင်း။ **ဦးပါတီ**

## တိုက်ခန်းရောင်းမည်

သဃ်န်းကျွန်း၊ ငမိုးရိပ်(၃)လမ်း၊ ပထပ်၊ ပေ(၁၂. ၅×၅၀)ကြွေ၊ ပါကေးခင်း၊ AC(1)၊ အခန်း(၁)ပါ၊ သိန်း(၃၅၀)ညှိနှိုင်း

**ဖုန်း-၀၉-၉၇၉၅၃၈၅၄၈၊ ၀၉-၄၀၀၀၃၄၉၁၁**

## တိုက်ခန်းအမြန်ရောင်းမည်

ပေ(၁၅×၄၈)၊ စကားဝါလမ်း၊ သဃ်န်းကျွန်း၊ ကိုယ်ပိုင်(မီတာ-ရေစက်)၊ ၄လွှာ၊ သိန်း (၁၈၀)၊ လူနေခွင့်ကျပြီး

**ဖုန်း- ၀၉-၅၀၁၅၅၁၇၊ ၀၉-၇၇၀၀၃၈၃၂၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၆-၂၀၁၆ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၁၅)ပါ အများသိစေရန် ကြေညာချက် ရှေ့နေ ဒေါ်ချစ်သက်ပိုင် ကြော်ငြာတွင် လွှဲအပ်ညွှန်ကြားသူ ဦးကောင်းထွဋ်ကျော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။









**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**
**ဒေါ်ခင်အိ**
**အသက်(၉၀)**

အင်းစိန်စက်မှုသိပ္ပံ၊ ၁၉၈၅ စက်မှု(စွမ်းအား)ကျောင်းသားဟောင်း ဦးတိုးမြင့်ဦး (C/E, PIL SHIPPING)-ဒေါ်ညွှန့်ညွှန့်ကြည်(မခိုင်) တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်အိသည် ၁၈-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**85/86 AGTI(MP)ISN**
**သူငယ်ချင်းတစ်စု**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ရီဆွေ(ဇီးကုန်း)**
**အသက်(၈၆)နှစ်**

ဦးတင်ဦး - ဒေါက်တာ ဒေါ်ခင်မာရီ (ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

- **ဦးမြတ်ထွန်း-ဒေါ်တင်မေဇော်**
- **ဦးဝင်းမောင်(မောင်ခေတ်ထွန်း)-ဒေါ်မြင့်မြင့်ရီ**
- **ဦးအောင်ဘော်-ဒေါ်အေးအေးစိုး**

**DBL, DML, DIL ကျောင်းသားဟောင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ခင်မျိုးလှ**
**အသက် (၈၅)နှစ်**
**(မြန်အောင်)**
**မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)**

ဒေါက်တာချိုဝင်းမော်-ဒေါ်ချိုချိုဝင်းတို့၏ မွေးသမိခင် ဒေါ်ခင်မျိုးလှသည် ၁၉-၆-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲဝင်း-ဒေါက်တာ ဒေါ်ဝင်းသီတာလွင်**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးအံ့မောင်**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**သာသနာရေးဦးစီးဌာန**
**အသက်(၈၄)နှစ်**

ဆရာဦးအံ့မောင် ၁၇-၆-၂၀၁၆ (သောကြာနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဟာဂျီဦးရွှေမောင်နှင့်မိသားစု ရခိုင်ပြည်နယ် အစ္စလာမ်**
**သာသနာရေးရာကောင်စီ အတွင်းရေးမှူးနှင့် ရခိုင်ပြည်နယ်**
**ဟဂ်ျစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဟာဂျီ ကိုယ်စားလှယ်ဟောင်းစစ်တွေမြို့**

**၃၁-၅-၂၀၁၆ရက်စွဲပါ ကြေးမုံသတင်းစာတွင် ထည့်သွင်းကြော်ငြာထားသော GREEN ARROW CO.,Ltd ကိုယ်စား ဦးတင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေဦးအေမ်ရာန်၏ ကြော်ငြာနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း**

မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(က/၁၇)တွင်နေထိုင်သူ ဒေါ်မြမြခိုင်[၁၀/မလမ(နိုင်)၁၁၂၂၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လူကြီးမင်းတို့၏ ကြော်ငြာတွင်ပါရှိသော COMANDO BRAND ENERGY DRINK (250ml/can) ထုတ်လုပ်သည်ဟုဆိုသော ကုမ္ပဏီကို ကျွန်ုပ်တို့အနေဖြင့် မသိရှိပါ။ ကျွန်ုပ်၏မိတ်ဆွေဒေါ်မြမြခိုင်သည် ထိုင်းနိုင်ငံရှိ KRUNGSIAM BEVERAGE CO.,LTD မှထုတ်လုပ်သော COMANDO BRAND ENERGY DRINK (250ml/can) အချိုရည်ဘူးများအား အဆိုပါကုမ္ပဏီမှ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ MAESOT SUCHAT AND SON (1999) CO.LTD မစ္စတာနိုင်းဆမ်းတိကျံဝေါ်ရိချုပ်သို့ ရောင်းချရန်၊ ဖြန့်ဖြူးရန်၊ လွှဲအပ်ညွှန်ကြားထားသည်မှာ ၂၀၁၃ ခုနှစ်ကတည်းကဖြစ်ပြီး မစ္စတာနိုင်းဆမ်းတိကျံဝေါ်ရိချုပ်မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချရန်အတွက် ဒေါ်မြမြခိုင်အား လွှဲအပ်ညွှန်ကြားခဲ့ပြီး ဒေါ်မြမြခိုင်အနေဖြင့် တရားဝင်ဖြန့်ဖြူးရောင်းချနေသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ လူကြီးမင်းတို့၏ သတင်းစာကြော်ငြာတွင်ပါရှိသော COMANDO BRAND ENERGY DRINK (250ml/can)အချိုရည်ဘူးများ ထုတ်လုပ်သည့် ကုမ္ပဏီသည် ကျွန်ုပ်၏အမှုသည် ဒေါ်မြမြခိုင် တင်သွင်းဖြန့်ဖြူးနေသော ထိုင်းနိုင်ငံရှိ KRUNGSIAM BEVERAGE CO.,LTD မှ ထုတ်လုပ်သည့်ပစ္စည်းများ မဟုတ်ပါ။ လူကြီးမင်းတို့တင်သွင်းရောင်းချလျက်ရှိသည်ဆိုသော အချိုရည်ဘူးများမှာလည်း မည်သည့်ကုမ္ပဏီမှ ထုတ်လုပ်ကြောင်း ကျွန်ုပ်တို့အနေဖြင့် သိရှိခြင်းမရှိပါ။ သို့ပါ၍ လူကြီးမင်းတို့အနေဖြင့် တရားဝင်ဖြန့်ဖြူးရောင်းချလိုပါက မည်သည့်ကုမ္ပဏီ၊ မည်သည့်စက်ရုံမှ ထုတ်လုပ်သော ပစ္စည်းဖြစ်ကြောင်း၊ တရားဝင်တစ်ဦးတည်း ဖြန့်ဖြူးရောင်းချခွင့် ကိုယ်စားလှယ်ရရှိကြောင်း ဖော်ပြခြင်းမရှိဘဲ ထည့်သွင်းကြော်ငြာခဲ့သည့်အပေါ် ပြန်လည်ရုပ်သိမ်းပေးရန် ပြန်ကြားတောင်းဆိုလိုက်ပါသည်။

**ဦးအောင်ဆွေဝင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၅၅)**
**အမှတ်-၆၂၊ ပထမထပ်၊ အခန်း-၁၁၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၀၂၂၃၈၂၇**

**ဒေါ်ထားရီ (ဟသ်ာတ) (၈၇)နှစ်**
**အထပြ (ငြိမ်း)**
**အထက(၁) ဟသ်ာတ၊ အထက(၁) ဒဂုံ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ (၁)လမ်း၊ အမှတ်(၁၂)နေ [ဦးအုန်းမောင်-ဒေါ်မြ(ဟသ်ာတမြို့)]တို့၏ သမီး၊ (ဦးလှရွှေ-ဒေါ်သိန်းကြည်၊ ဒေါ်သန်းဝေ)တို့၏ ညီမ၊ (ဦးထွန်းရှိန်-ရဲမှူးကြီး)၏ ဇနီး၊ ဦးဘုန်းနိုင်-ဒေါ်သီရိရှိန်၊ မစိုးစိုးအောင်တို့၏မိခင်၊ မောင်ဇော်လင်းမောင် (2nd TUTL)၊ မဖြူကြည်ခင် (ထ-၁၊ မ/ဒဂုံ) မသူသူဟန် (ထ-၁၊ မ/ဒဂုံ) တို့၏အဘွား ဒေါ်ထားရီသည် ၂၀-၆-၂၀၁၆ (တနင်္လာနေ့) နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**(၆)လပြည့်အလွမ်း**
**ဦးဝင်းထိန်**
**MD ဖဝင်းဂုဏ်ရောင်ကုမ္ပဏီ**
သားကိုထိန်ရေ(၆)လပြည့်ပြန်ပြီ
တစ်ထောင်မှာတစ်ယောက်မရှိတဲ့သား
ဖုန်းဆက်တိုင်း ဘာလိုလဲလို့ မေးတတ်တဲ့သားပြစ်လို့
အခု သားအတွက်လဲ ဘာမှလိုလေသေးမရှိအောင်
အလှူတွေ လုပ်ပေးနေပါတယ် သားရယ်
သားတိုက်ရိုက် ရရှိခံစားနိုင်ပါစေ...
ထာဝရမေ့မရမဲ့မေမေ

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်အေးမှီ**
**အသက် (၉၁)နှစ်**

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်) ဦးကျော်ငွေနှင့် ဒေါ်စောမြင့်သိန်းတို့၏မိခင် ဒေါ်အေးမှီ အသက် (၉၁)နှစ်သည် ၁၈-၆-၂၀၁၆ရက် နံနက် ၉နာရီတွင် တောင်သာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရွှေတိဂုံစေတီတော်၊ ငှက်ပျောဖူး၊ ရွှေသင်္ကန်း၊ ရဟန်း၊ သိမ်၊ ကျောင်းတံခွန်တိုင်၊ မဟာရံတံတိုင်း၊ နတ်လမ်း၊ ရေတွင်း၊ ရေကန် အလှူရှင်ဒါယိကာမကြီး**
**ဒေါ်ခင်မျိုးလှ(မြန်အောင်)**
**အသက် (၈၅)နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာ၊ ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) ဦးသန့်စင်နှင့် ဒေါ်အေးအေးခိုင်တို့၏မိခင်ကြီး ဒေါ်ခင်မျိုးလှ အသက် (၈၅) နှစ်သည် ၁၉-၆-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးနှင့်အရာထမ်းအမှုထမ်းများ**
**ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း၊**
**ရွှေတိဂုံစေတီတော် ငှက်ပျောဖူး**
**ရွှေသင်္ကန်း၊ တံခွန်တိုင်၊ မဟာရံတံတိုင်း ဒါယိကာမကြီး**
**ဒေါ်ခင်မျိုးလှ (မြန်အောင်)**
**အသက် (၈၅)နှစ်**

ဦးသန့်စင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ MPE နှင့် MPPE၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်အေးအေးခိုင် (Miraculous Fashion and Jewellery) တို့၏မိခင်ကြီး ဒေါ်ခင်မျိုးလှ အသက် (၈၅)နှစ်သည် ၁၉-၆-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံရေးဌာန မိသားစု**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးမြတ်သူ (ပ/၅၆၇၁)**
**ဒုတိယညွှန်ကြားရေးမှူး**
**အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း(မင်္ဂလာဒုံ)မှ ဦးမြတ်သူ (ပ/၅၆၇၁)၊ ဒုတိယညွှန်ကြားရေးမှူးသည် ၁၉-၆-၂၀၁၆ ရက်နေ့ နံနက် ၁၀ နာရီတွင် (ခုတင်-၅၀၀ ဆံ့) အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးအောင်ဝင်းစိုး**
**အသက်(၅၁)နှစ်**

ဦးစီးအရာရှိ(မြို့ပြ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ၁၇-၆-၂၀၁၆ (သောကြာနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**91-Civil သူငယ်ချင်းများ**
**Chauk. G.T.I**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ ကဝိန္ဒမဟာထေရ်မြတ်**
**အဘိဇဓမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ**
**သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၃)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ ကျောက္ကာလမ်း၊ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒမဟာထေရ်မြတ် (အဘိဇဓမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ) သိက္ခာတော်(၇၃)ဝါ၊ သက်တော် (၉၃)နှစ်ရှိ မဟာထေရ်မြတ်ကြီးသည် (ယခု ၁၃၇၈ ခုနှစ်၊ နယုလဆန်း ၁၄ရက်) ၁၉-၆-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀း၅၅ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ ခုနှစ်၊ နယုလပြည့်ကျော် ၁၂/၁၃ရက်) ၂/၃-၇-၂၀၁၆၊ (စနေ/တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပနပွဲ ကျင်းပပါမည်။

နာယက၊ စာချ၊ စာသင်သံဃာတောများနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ
မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊
ဘုန်းစိုးရပ်၊ မုံရွာမြို့

**ဒေါ်လှဒွေး**
**အသက် (၁၀၁)နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့နေ (ဦးသာမြ-ဒေါ်မြရင်)တို့၏သမီး၊ (ဦးဖိုးဆိုင်-ဒေါ်ကျော့ခင်)တို့၏သမီးချွေးမ၊ (ဦးဘချစ်)၏ ချစ်လှစွာသောဇနီး၊ (ဦးမောင်အေး-နော်ဘလူးမေ)၊ ပါမောက္ခဒေါက်တာဦးစိုးအောင်-ဒေါ်ငွေသိန်း၊ ဦးမြင့်လွင် (ညွှန်ကြားရေးမှူး)-ဒေါ်ငွေကြည် (အထပြ-ငြိမ်း)၊ ဦးမြလွင်-ဒေါ်သင်းသင်း (ခေတ္တ-USA) တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်လှဒွေးသည် ၂၀-၆-၂၀၁၆ ရက် နံနက် ၈း၃၀ နာရီတွင် အမှတ်(၁၀၄၉)၊ ရွှေဝါထွန်းလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်ရှိ နေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၂၁-၆-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်စန်းစန်းဝင်း**
**အသက်(၇၁)နှစ်**
**ပုသိမ်မြို့**

ဦးစိုးသူရထွန်း (ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ထားထားအောင်တို့၏ မွေးသမိခင် ဒေါ်စန်းစန်းဝင်း အသက် (၇၁)နှစ်သည် ၁၈-၆-၂၀၁၆ရက် ည ၇း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Resource and Environment Myanmar Co., Ltd**
**အုပ်စုဝင် မိသားစုများ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးရန်ကောင်း (၉၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ မဟာဆွေ(၂)လမ်း၊ အမှတ် (၃) နှင့် လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၈၃)နေ [ဒေါ်တီ (ခ) ဒေါ်ခင်စန်းမြင့်]၏ခင်ပွန်း၊ ဒေါ်ခင်မေစွမ်၊ (ဒေါ်ခင်မေသင်း)-ဦးတင်ရွှေ၊ ဒေါ်ခင်မေကြူ-ဦးဝင်းမောင်၊ ဒေါ်သီတာအေး-ဦးမောင်မောင်အုန်း၊ ဦးဝင်းနိုင်-ဒေါ်စန္ဒာအောင်၊ ဦးသက်နိုင်-ဒေါ်မာမာဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးကိုးယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုး ဦးရန်ကောင်းသည် ၁၈-၆-၂၀၁၆ (စနေနေ့) နံနက် ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီ တွင် နေအိမ်မှ ရေဝေးတရုတ်ဖူးကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်အေးမှီ**
**အသက်(၉၁)နှစ်**

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်) ဦးကျော်ငွေနှင့် ဒေါ်စောမြင့်သိန်းတို့၏ မိခင်၊ ဒေါ်အေးမှီ အသက် (၉၁)နှစ်သည် ၁၈-၆-၂၀၁၆ရက် နံနက် ၉နာရီတွင် တောင်သာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ**
**ဝန်ထမ်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်စန်းစန်းဝင်း(ခ)ကေ့ရှုရဲ့ (ပုသိမ်မြို့)**
**အသက် (၇၁)နှစ်**

၁၉၈၅-၉၂ စီးပွားရေးတက္ကသိုလ် ကျောင်းသူဟောင်း မသီတာအောင် (ကံ့ကော်ဆောင်)၏ ကျေးဇူးရှင်မွေးမိခင်ကြီး ဒေါ်စန်းစန်းဝင်း(ခ)ကေ့ရှုရဲ့ (ပုသိမ်)သည် ၁၈-၆-၂၀၁၆ရက် ညနေ ၇း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ကံ့ကော်ဆောင်မိသားစု**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာဘားလားသစ်ခွအထူးဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် -၄၉၇၊ မြေကွက်အမှတ်-၁၆၄၊ ဧရိယာ (၁. ၆၈၅)ဧက၊ မြေကွက်တည်နေရာ အမှတ်-၁၆၄၊ ရွှေနံ့သာဘားလားသစ်ခွ စိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရွှေနံ့သာဘားလားသစ်ခွစိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာရရှိသူ အမည်ပေါက် ဦးကျင်ထွန်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိန်လွင်လေး[၁၂/သလန(နိုင်)၀၇၆၆၈၂]၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်- ၂၉၆၇/၁၆(၁၅-၃-၁၆)ရရှိသူ ဒေါ်အေးအေးငြိမ်း[၁၄/ဝခမ(နိုင်)၁၉၉၀၁၆]မှ အရောင်းအဝယ်စာချုပ်ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ မင်္ဂလာဒုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ရွှေနံ့သာဘားလားလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာမူရင်းတို့ကို တင်ပြ၍ နှစ်(၆၀)ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

သင့်သွေးဖြင့်
အသက်ကယ်ပါ

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာ၌ ဒုလ္လဘရဟန်းခံအလှူမင်္ဂလာ ကျင်းပ



**နေပြည်တော် ဇွန် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓစင်တာ၌ မြန်မာ့တပ်မတော်ပညာတော်သင် အရာရှိများ၏ ၂၀၁၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလ ဒုတိယအကြိမ် ဒုလ္လဘရဟန်းခံ အလှူမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ အလှူမင်္ဂလာအခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုလ္လဘရဟန်းလောင်းများအား သာမဏေရပဗ္ဗဇ္ဇမင်္ဂလာနှင့် ဉပသမ္ပဒမင်္ဂလာများ ဆင်ယင်ပြီး သာသနာ့ဒါယကာသာသနာ့အမွေခံ ရဟန်းခံရှင်ပြုကုသိုလ်တော်များ ကျင်းပကာ သီလရှင်လောင်းတစ်ပါးကလည်း သာသနာ့အနွယ်ဝင် သီလရှင်အဖြစ် သာသနာ့အမွေခံယူခဲ့သည်။

ထို့နောက် သီတဂူဆရာတော်နှင့် သံဃာတော်များ၊ ဒုလ္လဘရဟန်းများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ပထမအကြိမ် ဒုလ္လဘရဟန်းခံအလှူမင်္ဂလာအခမ်းအနားကို မော်စကိုမြို့ရှိ မြန်မာထေရဝါဒစင်တာတွင် ၂၀၁၅ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလက ကျင်းပခဲ့ပြီး ဒုလ္လဘရဟန်း ၇၂ ပါး သာသနာ့အမွေခံယူခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

# အသင်းကြီးနှစ်သင်း၏ ခြေစွမ်းကို စောင့်ကြည့်ရမည့် ရှုံးထွက်ပြိုင်ပွဲ



ရှုံးထွက် ပြိုင်ပွဲဒုတိယအဆင့် ယှဉ်ပြိုင်ကစားရမည့် ရှမ်းယူနိုက်တက်အသင်း။

သတင်း၊ ဓာတ်ပုံ – ရှိုင်းထက်ဇော်

**ရန်ကုန် ဇွန် ၂၁**

မြန်မာဘောလုံးပရိသတ်များအတွက် MNL အမှတ်ပေးပြိုင်ပွဲက အပတ်စဉ်ကျင်းပနေသလို ကြားရက်များတွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို ကျင်းပလျက်ရှိသည်။ ဇွန် ၂၂ ရက်တွင် ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ဒုတိယနေ့) ပွဲစဉ်နှစ်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်အဖြစ် ဇွန် ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ နေပြည်တော်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် မြဝတီအသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြဝတီအသင်းနှင့် နေပြည်တော်အသင်းတို့မှာ ပထမအဆင့်မှ တက်ရောက်လာခြင်းဖြစ်ပြီး ဇေယျာရွှေမြေအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့မှာ ဒုတိယအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့မှာ လက်ရှိ MNLအမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် သုံးပွဲဆက်တိုက် အနိုင်ရရှိထားပြီး ခြေစွမ်းပြနေသည့် အသင်းများဖြစ်သည်။

ယင်းနှစ်သင်းမှာ လာမည့်သီတင်းပတ်တွင် အမှတ်ပေးပွဲ၌ ထိပ်တိုက်တွေ့ဆုံမည်ဖြစ်ပြီး ယင်းပွဲမတိုင်မီ ရှုံးထွက်ပွဲစဉ်ကစားရခြင်းဖြစ်သည်။ မူလရေးဆွဲထားမှုအရ နေပြည်တော်- ရှမ်းယူနိုက်တက်ပွဲစဉ်မှာ ဇွန် ၂၉ ရက်တွင် ကစားရမည်ဖြစ်သော်လည်း ရှမ်းယူနိုက်တက်အသင်းမှာ အမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းပွဲစဉ်နှစ်ပွဲအကြား ရန်ကုန်သို့ လာရောက်ကစားရမည်ဖြစ်သောကြောင့် ရွှေ့ဆိုင်းပေးရန် တင်ပြခဲ့ခြင်းဖြစ်ပြီး Horizon - ရတနာပုံပွဲစဉ်နှင့် ရက်ပြောင်းလဲခြင်းဖြစ်သည်။

ဒုတိယအဆင့်ပွဲစဉ်များကို ဇွန် ၂၉ ရက်နှင့်ဇူလိုင် ၆ ရက်တို့တွင် ထပ်မံကျင်းပမည်ဖြစ်ပြီး လက်ရှိတွင် ရန်ကုန်အသင်းနှင့်ဟံသာဝတီအသင်းတို့သာ ကွာတားအဆင့်သို့ တက်ရောက်နိုင်သေးကာ ကျန်ခြောက်နေရာ ထွက်ပေါ်ရန် ကျန်ရှိနေသေးသည်။


ကြခတ်ကုန်းကြီးကျေးရွာ နာဂစ်ကွက်သစ်၌ သောက်သုံးရေကန် နှစ်ကန်တူးဖော်

စာမျက်နှာ – ၅

အမှတ်စဉ်မှူ ဆယ်သိန်း

စာမျက်နှာ – ၆

အင်္ဂလန်နှင့် ဝေလ ယူရို ၂၀၁၆ ပြိုင်ပွဲ နောက်တစ်ဆင့်တက်လှမ်း

စာမျက်နှာ – ၁၃



